## ကိုယ်တွေ့မျက်မြင်

# ဥာဏ်စဉ်တက်နည်းတရားကြီး

၃၉၀၉

ကျေးဇူးရှင်
မိုးညှင်းဆရာတော်ဘုရားကြီး


ရေးသား
စီရင်တော်မူအပ်သော

မိုးညှင်း ဝိပဿနာ အားထုတ်နည်း
အကျဉ်းချုပ်—ခေါ်

# ကိုယ်တွေ့မျက်မြင်
# ဉာဏ်စဉ်တက်နည်း တရား

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၁



# နိဒါန်း

**အဇ္ဈာသယကြည့်ရပုံ**·····သတ္တဝါတို့အား အနိစ္စ,ဒုက္ခ,အနတ္တ တည်းဟူသော ယာဉ်သုံးပါးတို့ဖြင့် နိဗ္ဗာန်သို့ပို့ဆောင်တော်မူသော မြတ်စွာဘုရားသခင်သည် ထိုသို့ပို့ဆောင်တော်မူရန်အတွက် ထိုထိုသတ္တဝါတို့ကို တရားဓမ္မ, ဟောပြ မိန့်ချေတော်မူရာဝယ် တရားနာယူ ကျွတ်ထိုက်သူတို့၏ အမူရှိရင်း နှလုံးသွင်းထိုထို အလိုအဇ္ဈာသယ–ဟူသည်ကို "အလိုနှင့် စရိုက် အကြိုက်နှင့်ခလေ့ အတွေ့နှင့်ဓာတ် အခိုက် တိုက်ဆိုင်၍ လွယ်ကူ အကျွတ်တရားရစေဟူ၍" ကြည့်ရှု သုံးသပ်တော်မူပါသေးကြောင်း။

**လမ်း၊ညွှန်သင့်ပုံ** ···· ထိုအခြင်းအရာကို သေချာစဉ်းစား သတိထားက ဓမ္မ လမ်းစဉ် တွင်တွင်ဟောပြ ပုဂံဝရှေ့ဆောင် အခေါင်လမ်းမှူး အထူးဓမ္မကထိက ဖြစ်ကြကုန်သော အရှင်ဘုရားကဲ့သို့သော အရှင်သူမွန်တို့သည်သည်း ခေတ်ကြီးအလိုက် ခေတ်ခိုက်အနေ ခေတ်လူတို့အလိုအထွေထွေကို သေချာစဉ်းစား သတိထား၍ ဟောကြား လမ်းညွှန်သင့်ပါကြောင်း။

**တောင်း၊ပန်မှုနှင့်ထုတ်ဝေခြင်း** ·····သို့ဖြစ်ပါ၍ ယခုခေတ်ခါ လူတို့မှာကား ရှည်စွာ မသိ တိုတိုကျဉ်းကျဉ်း ရှင်းရှင်း ထင်ထင် မျက်မြင်ဉာဏ် တွေ့တွေ့တော့ ဆိုင်ဆိုင် အလင်ပြပိုင်မှ အားထုတ်နိုင်ခြင်းသဘော လိုက်လျော ညီညွတ် ခေတ်ဆိုက်နိုင်သည့် အလျှော် အရှင်ဆရာတော်သည်လည်း ယခုခေတ်လူတို့၏ ခေတ်အခိုက်နှင့် ဆိုက်ဘိုက်ကိုယ်သိ ဉာဏ်အမြင်ရရှိအောင် ကြံဆောင်ရည်မှူး အထူးဟောကြား····ထို့ပြင် ရေးသား၍ ပေးသနားတော်မူပါမည့် အကြောင်း နှင့် **ငါးသိုင်း၊**

# နိဒါန်း

**ချောင်း၊မြို့ ဦးကံကြီး၊ ပြန်ကြားရေး ဌာန ဒုတိယ ညွှန်ကြား ရေး ဝန်ဦးမောင်မောင်သန်း၊ အခွင့်နှင့် ခရိုင်ရဲဗိုလ်မှူး ဦးဘိုးဆိုင်၊ ဗဟန်း ဂတိ ဝိသုဒ္ဓိအဖွဲ့ ဒေါ်သိန်းတင်** တို့က တောင်းပန် လျှောက်ထားချက်အရ အဖွာသယထိုထို အလိုနှင့်ကြိုက်ကြို မဂ်ဖိုလ်ကိုအမြန်ရကြစေကုန်ဟု အာရုံရည်ရွယ်၍ **"ကျေးဇူးရှင် မိုးညှင်း ဆရာတော် ဘုရားကြီး"**သည် အထူးရေးသား ပေး သနားအပ်သော တရားလမ်း အစဉ်ကို **"ကိုယ်တွေ့ မျက်မြင် ဉာဏ်စဉ် တက်နည်း တရားကြီး"**ဟူသော အမည်ဖြင့် ကောင်း ၅၁ ပုံနှိပ်စေလျက် ထုတ်ဝေ ဖြန့်ဖြူးအပ်ပါသတည်း။

# မာတိကာ

စာမျက်နှာ


ပဏာမ ...... ...... ...... ...... ၁
ပရမတ်—ပညတ်ခွဲပုံ ...... ...... ...... ၁
(က) မျက်မြင်ဉာဏ်တွေ့ ဝိပဿနာအစပြုရန် ၉
(ခ) ကလာပ်တိုက်ကြီး မျက်မြင်ဉာဏ်တွေ့ဖြစ်ပြရန် ၁၄
(ဂ) အမှတ်အရ လက်တွေ့ဉာဏ်မြင်ပြခြင်း ၁၆
(ဃ) အမှတ်အရ လက်တွေ့ဉာဏ်မြင်ပြခြင်း ...... ၁၈
ရုပ်နာမ်အရ အကျဉ်းပြရန် ...... ...... ၂၂
ဒိဋ္ဌိဝိသုဒ္ဓိ,နာမရူပဝဝတ္ထာနဉာဏ်ပွါးရန် ...... ၂၄
ရုပ်နာမ်တို့၌ ဒိဋ္ဌိစွဲပုံနှင့်ခွါပုံ ...... ...... ၂၇
အချက် ၃-ပါး အတ္တ,အတ္တနိယခွါပုံ ...... ၂၉
ကင်္ခါဝိတရဏဝိသုဒ္ဓိအလုပ် အားထုတ်ရန် ...... ၃၇
မိစ္ဆာဝါဒအစားစားနှင့် ဖြေကြားချက် ...... ၃၉
ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်းအစားစားကင်းပုံ ၄၁
စူဠသောတာပန်ဖြစ်,မဖြစ်ကို သိရပုံ ...... ၄၃
သမ္မသနဉာဏ်အစ လက္ခဏာရေး ၃-ပါးကိုပြရန် ၄၅
အမှုအရာပျက် ၄—စားဖြင့် အားထုတ် သွားကြရန် ၅၂
အမြဲကာလထား၍ အားထုတ်ရန်ခြေလှမ်းပျက် အနိစ္စ ၅၇
စတုတ္ထရက်—တွင်း,ပ-ပျက် လက်တွေ့ရှုနည်း ...... ၆၁
ပဉ္စမရက် ဥဒယဗ္ဗယဉာဏ်ရှုရန် ...... ...... ၆၅
ဆဋ္ဌမရက် ဘင်္ဂဉာဏ်ရှုရန်အချက် ...... ၆၇
သတ္တမရက် ဘယ—စသည်ရှုရချက် ...... ၇၀
အဋ္ဌမရက် ပဋိသင်္ခါဉာဏ်ရှုရန်အချက် ...... ၇၈
အနတ္တလက္ခဏာ ၉-ချက်နှင့် တုဏှာ,သညတို့ ပွါးရန် ၈၀
သဗ္ဗသင်္ခါရာ တုဏှာ,သညာ ရှုရန် ...... ၈၂

# မာတိကာ


| | | |
|---|---|---|
| နဝမရက် သင်္ခါရုပေက္ခာဉာဏ်ပွါးရန် | ...... | ၇၅ |
| ဒသမရက် ဒွါဒသာကာရသုညတရှုနည်း | ...... | ၉၂ |
| သင်္ခါရုပေက္ခာဉာဏ်ဖြစ်,မဖြစ်သိရန် | ...... | ၉၇ |
| မိမိကိုယ်တိုင် အရိယာဖြစ်,မဖြစ်သိပုံ | ...... | ၉၉ |
| အရိယာတို့ အသက်အသေခံ၍ မဖောက်ပြန်ပုံ | | ၁၀၂ |
| သတိပေးချက် ...... ...... | ...... | ၁၀၄ |
| ကျမ်းပြီးနိဂုံးနှင့်ဆုတောင်း ...... | ...... | ၁၀၃ |



# ကိုယ်တွေ့မျက်မြင် ဥာဏ်စဉ်တက်နည်း တရားကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

အနန္တ ဂုဏာသမ္ပန္နံ၊ အဟံ ဝန္ဒာမိ ရတ္တနတ္တယ။

အနန္တဂုဏာသမ္ပန္နံ=အနန္တဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံတော်မူသော ရတနာသုံးဖြာ ဆရာမိဘ အပေါင်းကို။ အဟံ=ဝိပဿနာတရား လွှန်လိုလားသောအကျွန်ုပ်သည်။ရတ္တနတ္တယ=လောကုတ္တရာအဝဝ ပေါက်ရောက်ကြခြင်းအလို့ငှါ။ ဝန္ဒာမိ=ဘေးရန်ကင်းပလိုတိုင်းရဘို့ ဦးချဝန္ဒနာ ရှိခိုးပါ၏……အရှင်ဘုရား။

(သံသရာက ရှိခိုးထိုက်သော ဆရာ,မိ,ဘ-တို့ကို ကန်တော့ရှိခိုးထိုက်၏-မှတ်။)

## ပရမတ်–ပညတ်ခွဲပုံ

**ဤပဋ္ဌမရက်၌–အားထုတ်စဉ်ကား**……(၁)ပရမတ်,ပညတ်ခွဲရန်။ (၂)က–အမှတ်အရ မျက်မြင်,ကိုယ်တွေ့ အလုပ်စ,ပြရန်။ (၃) ကလာပ်တိုက်ကြီးဖြစ်ပြရန်။ (၄)ရုပ်,နာမ်–အရ အကျဉ်းပြရန်တို့တွင်။–

## ပရမတ်,ပညတ်–ခွဲရန်တို့ကား

**မေး။** ဝိပဿနာတရား အားထုတ် လိုသော စာမတတ်သူတို့ ပရမတ်တရားကို ဘယ်မှာရှာရမည်နည်း.....။

**ဖြေ။** ပညတ်တို့အတွင်းမှာ ရှာရမည်......။

**မေး။** အဘယ်ပညတ်တို့အတွင်းမှာ ဘာကိုရှာရမည်နည်း....။

**ဖြေ။** ဝိပဿနာစံပြ၊ (က)အခြောက်ဝတ္ထု ပညတ်တို့ အတွင်းမှာ ဓာတ်ကလာပ်တို့ကို ရှာရမည်။ (ခ)အရေဝတ္ထု အပိုင်း အခြား ပညတ်တို့အတွင်းမှာ ဓာတ်ကလာပ်တို့ကို ရှာရမည်။(ဂ) အစိုဝတ္ထု ပညတ်တို့အတွင်းမှာ ဓာတ်ကလာပ်တို့ကို ရှာရမည်။ (ဃ)အရောင်,အမှောင်,ကလာပ် စသည်တို့ အပိုင်းအခြား ပညတ် အတွင်းမှာ ဓာတ်ကလာပ်တို့ကို ရှာရမည်.....ဟု သိပါ။

(ဤ၌–ရုပ်,နာမ်-တခုတခုစီတို့၏"သဘော"ကို"ဓာတ်" ဟု ခေါ်သည်။ "အပေါင်း"ကို"ကလာပ်"ဟု ခေါ်သည်။ ဤ"ရုပ်နာမ် ဓာတ်,ကလာပ်"တို့ကို ပရမတ်အစစ် တည်း ဟု သိကြပါလေ....။)

**မေး။** အဘယ့်ကြောင့် ပရမတ်တရား အစစ်တို့ကို ရှာရပါ သနည်း......။

**ဖြေ။** ပရမတ်တရားတို့သာလျှင် အနှစ်အတ္တမဟုတ်သည့် အနတ္တတရားအစစ် ဖြစ်သည်။ ဤအနတ္တတရားပေါက်မှ အတ္တ ပျောက်ပြီး နိဗ္ဗာန်ရောက်နိုင်သောကြောင့် ပရမတ်အစစ်ကို ရှာရ သည်.....။

**မေး။** ပရမတ်အစစ်ဖြစ်သည့် အနတ္တလက္ခဏာကို ဘယ်လို တွေ့အောင် ရှာရပါသနည်း.....။

**ဖြေ။** နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ ။နာနာ ဓာတု ယော=အထူးထူးသော ဓာတ်ကလာပ်တို့ကို။ ဝိနိဗ္ဘုဇိတွာ=ထိုး

ထွင်းသိရှိ၍ရင်း။ဃနပိနိဗ္ဗောဂေ=အပေါင်း ဃနပညတ်ကို ခွဲစိတ်ခြင်းကို။ ကတေ=ပြုအပ်သော်ရင်း။ အနတ္တလက္ခဏံ=အနှစ်အတ္တ မဟုတ်တဲ့-အနတ္တလက္ခဏာသည်။ယာထာဝ သ ရသတော=ဟုတ်မှန်တိုင်းသော မိမိသဘောအားဖြင့်။ဉပဋ္ဌာတိ=ထင်လာ၏။ .... ဟု သမ္မော့ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ မိန့်မှာတိုင်း......ဝိပဿနာ ရှုရန် ထိုထို ကမ္မာပေါ်ရှိ အကောင်အထည် အတုံးအခဲ အပေါင်း ဃန ပညတ်တို့ကို ခွဲစိတ်၍ ရှုကြည့်ပါမှ ပရမတ်အစစ်တို့ဖြစ်သည်။ အနတ္တတရား–ဝါ–အနှစ်အတ္တ–မဟုတ်သည့် ပရမတ္ထတရားတို့သည် မိမိသဘောအတိုင်းထင်ရှားလာနိုင်သောကြောင့် ဝိပဿနာ ရှုကြရန် ထိုထိုဃနပညတ်တို့ကို ခွဲစိတ်၍ ပရမတ်တို့ကို ရှာရသည်ဟု......သမ္မော့ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာတို့ မိန့်မှာတော်မူသည်ဟု-သိကြပါလေ......။

**မေး။** ထိုထိုအကောင်အထည် အတုံးအခဲတို့အတိုင်း ရှိနေကြရာတွင် အဘယ်သို့အစိတ်စိတ်၊ ဝါ-အကြားအခြားစိ ဖြစ်ကြသည်က ဓာတ်ကလာပ်မှန့် ထင်မြင်ကြအောင် ရှုရပါမည်နည်း .....။

**ဖြေ။** ဤမြေထုအပေါင်း ဃနပညတ်ကြီး၌ အာကာသ ခြားသည့် ဓာတ်ကလာပ်များကို သိလိုပါမူ, ဤမြေထုအတွင်းသို့ အရေသွင်းပါ၊ အရေမဝင်သည့် "ရွှေဝတ္ထု" စသည်တို့ ဖြစ်မူ အရောင်သွင်းပါ၊ ၎င်းတို့ဝင်သဖြင့် အကြားတို့ကို ထင်ရှားသိသာ လာနိုင်သည်ကို ရှုကြည့်ရန်ကား ဤသို့ပြလျှင် တပည့်တို့ပွါးများ ရပုံမှာ ရေကဲသို့ ငါးတို့ရပ်၍ ခဏခြင်း အကုန်အနှံ့သွားသကဲ့သို့ ဤမြေထုထဲသို့ ဉာဏ်ရပ်၍ ခဏခြင်း အကုန်နှံ့အောင် နောင် ပြလတ္တံ့တို့ကိုပါ ရှုရမည် .....။

**ရှုရန်ကား** .....မိုးမိမ်းမရွာခင် မြေခြောက် ဟု-လူတိုင်း သိကြသည့်အတိုင်း ဤမြေထု–၌ ရေဝင်စရာအကြား အာကာသ ထဲသို့ ဉာဏ်ရပ်၍ "မြေခြောက်– မြေခြောက်– မြေခြောက်"ဟု သုံးခါစီဆို၍ ထက်, အောက်, ရှေ့, နောက်,ဝဲ,

ယာ-နှံ့အောင် အခါခါရှုပါ။ ဤရေဝင်စရာ အကြား အာကာသနှင့်တကွ- "မြေခြောက်" ဟုသိခြင်းကား အရေ မရှိလို့ဟု—အမှန်သိကြရ၏။ဤမြေခြောက် ကို ပါဠိလို ပထဝီဓာတ်ကလာပ်မှုန့်တို့ဟု လူတိုင်းပင် သာမန်အားဖြင့် သိနိုင် မြင်နိုင်ခြင်းတို့တည်း။ ။ တဖန် မိုးစင်းရွာတော့ မြေစိုဟု သိကြသည့်အတိုင်း ဤမြေစိုထု၌ ပထဝီ, အာပေါ-ကလာပ် ၂-ခုတို့၏ အကြား အာကာသထဲသို့ ဉာဏ်ငုပ်၍ မြေစို,မြေစို,မြေစို—ဟု သုံးခါစီဆို၍ ထက်, အောက်, ရှေ့,နောက်- ဝဲ, ယာ-နှံ့အောင် ရှုကြပါလေ။ ဤကလာပ် နှစ်စားနှင့်တကွ မြေစိုဟုသိခြင်းကား……အကြားရှိလို့ အရေဝင်၊ အရေဝင်လို့ မြေစိုဟု အမှန်သိကြရ၏……။ ဤမြေစို ကို ပါဠိလို မြေက ပထဝီ၊ စိုက-အာပေါဓာတ်ကလာပ်၊ ဤ နှစ်မျိုးတို့သာရှိ၏ ဟု လူတိုင်းပင် သာမန်အားဖြင့် သိနိုင် မြင်နိုင်ခြင်းတည်း။ ။ဤမြေစိုထုကြီးကို မျက်မြင် အားဖြင့်လည်း မြေ-ပထဝီ ဓာတ် ကလာပ်မှုန့်တို့ အကြားတိုင်းတို့မှာ အစိုရေ- အာပေါဓာတ်ကလာပ်တို့ အစေ့အငှ ရောက်နေကြသည်ဟု မျက်စိဖြင့် ကြည့်၍လည်း သိနိုင်၏၊ဤမြေစိုထု အကုန်နှံ့အောင် ဉာဏ်ဖြင့်လည်း သိနိုင်၏။…ဝါ၊သိအောင်ကြည့်ကြ ပြကြပါလေ။

**တနည်း**·····အာပေါကလာပ်အကြားရှိ ပထဝီကလာပ်ကိုသာ ကြည့်၍ ပထဝီ ကလာပ်, ပထဝီ ကလာပ်-ဟု အခါခါရှု။

**တနည်း**···· ဤကလာပ် ၂-ပါးလုံးတို့ကို ကြည့်၍ ပထဝီ ကလာပ်, အာပေါကလာပ်၊ပထဝီ ကလာပ်, အာပေါကလာပ်-ဟု အခါခါရှုပြီးမှ ဤမြေစိုထုကြီး၌ ဓာတ် ကလာပ် ၂—စားတို့ကို ထင်မြင်သည့်အတိုင်း မြေထုကလာပ် ၂—ခုအထဲသို့ ဉာဏ်ငုပ်၍ အနတ္တရှုပုံကား—ပထဝီ ကလာပ်, အာပေါကလာပ်, အကြည်ဓာတ်, အကြည်ဓာတ်-တို့သည် ၂၅-မီး လောင်နေသောကြောင့် မြဲနေနိုင်တဲ့အနှစ်အတ္တမဟုတ်၊ မြဲနေနိုင်တဲ့ အနှစ်အတ္တ

မဟုတ်ကြသည့် အနတ္တတို့ချည်းသာတည်း ဟု မိမိတို့သဘော အတိုင်းတို့ကိုရှု၍ ထင်မြင်လာနိုင်၏။ ဤသို့ထင်မြင်ခြင်းကို သမ္မော, ဝိသုဒ္ဓိမဂ်– အဋ္ဌကထာတို့က အထူးထူးသော ဓာတ်ကလာပ်တို့ ကို ထိုးထွင်း၍သိမှ အနတ္တထင်မြင်သည်လည်း မည်၏။ ဃနပညတ် ကိုခွဲဖိတ်၍ အနတ္တလက္ခဏာကို ထင်မြင်လာသည်လည်းမည်၏– ဟု မိန့်မှာတော်မူကြသည်ကိုသိကြပါလေ ယောဂီတွေတို့……။

**ကလာပ်တစီး ၂၅-မီး**……ရှေးကပြခဲ့သည့် ကလာပ်တစီးမှာ ၂၅-မီး လောင်နေသည်ဟုဆိုသည် ကား……ရုပ် ၈-ခုရှိသည့် ကလာပ်၏အစကို ဇာတိမီး ၈-မီး။ အ လယ်ကို ဇရာမီး ၈-မီး။ အဆုံးကို မရဏမီး ၈-မီး။ တေဇော ၁-မီးနှင့် ပေါင်း၂၅–မီးတို့က ကလာပ်တိုင်းတို့ကို အမြဲ လောင် နေကြ၍ အမြဲ–ဟု ဆိုအပ်၏။ နောက်နောင်တို့၌လည်း အမြဲ–ဟု ဆိုလတ္တံ့သည်ကို ဤအတိုင်း သိပါလေ……။

**မှတ်ချက်**……တေ ပန ကလာပါ ပရမာဏုပရိမာဏာ ဟောန္တိ-ဟု မဟာဋီကာ မိန့်မှာတိုင်း ကလာပ် ဟူသမျှတို့ အသင်္ကအရွယ်ပမာဏတို့ ပရမာဏုမျှမျှသာ ဖြစ်ကြ သောကြောင့် "မှန်ကြည်-ဖလ်ကြည်–ရေကြည်" တို့အတွင်းမှာ အထည်ဒြပ် မထင်ရှားဘဲ အကြည်ဓာတ်တို့သာ ထင်ရှားသကဲ့သို့ ကလာပ်ဟူသမျှတို့သည် အကြည်ဓာတ် သဘောမျိုးတို့ချည်း သာ–ဟု သိစေလို၍–

(ကလာပ်ဟူသမျှ၊တူမျှသက်ရွယ်၊ မှုအရာဝယ်၊နည်း, ငယ်,များမှု အထူး ရှု-)ဟု ရေးပြအပ်၏။

## ထိုကလာပ်တို့အထူးကား

**ဝဏ္ဏရုပ်**……ပြဒါးန်းမှု တိမ်ခိုးတို့ကဲ့သို့ ဝိတ်နေကြသည်–ဟု ထင်မြင်ရ၏……။

**ပထဝီဓာတ်ရုပ်**.....ပြဒ္ဒါးခန်းမှု တောင့်တင်း ခိုင်မာ၍ ခုခံနေသည်ကား-မဆန်းပါ။ ရေကလာပ်ထုက လည်း မြေထုကို ခုခံနိုင်သည်။ လေကလာပ်ထုကလည်း မြေ,ရေထုကို ခုခံနိုင်သည်။ ။ယခုလက်တွေ့ကား တန်ချိန်ပေါင်း သိန်း, သန်း–ရှိသော သင်္ဘောကြီးကို ရေထုက ခံနိုင်သည်။ ၎င်းတမျှ လေးလံသော လေယာဉ်ပျံကို လေထုက ခံနိုင်သည်ဟု သိကြပါလေ.....။

ထိုမှတပါး ဘုရားရောင်ခြည်တော်တို့သည် အဘယ်ဝတ္ထု အကောင် အထည်မဆို အတွင်းသို့ဝင်ရောက်ထွင်းဖောက်၍ ထိုထိုဓာတ်ကြည်, ကလာပ်ကြည်တို့၏ အပိုင်းအခြားတို့ကို ပြတတ်သောကြောင့် ရှုကြည့်လိုသောဝတ္ထု အကောင်အထည်ဖြဲ့အတွင်းသို့ ရောင်ခြည်တော် သွင်း၍-သွင်း၍ အခြောက်–ဖြစ်မှု,အရောင်ကလာပ်, ပထဝီကလာပ်–ဟုခွဲ။ အစို–ဖြစ်မှု အရောင် ကလာပ်, ပထဝီကလာပ်,အာပေါကလာပ်-တို့ဟု ခွဲကြပါလေ......။

ဤသို့ ရောင်ခြည်တော်ဝင်ပုံကို မျက်မြင်သိလိုမှု အလင်းဘက်သို့ မျက်စိမှိတ်ပြီး ပိတ်ကြည့်–ဖွင့်ကြည့်မှု အလင်းဝင်ပုံကို မျက်မြင်သိနိုင်၏။

**ထိုမှတပါး**.....လက်ချောင်းတို့ကိုထောင်၍ နေရောင်, ဓာတ်မီးရောင်-တို့ကို သွင်းကြည့်ပါမှု အတွင်းသားထိုထိုဓာတ်ကြည်,ကလာပ်ကြည်တို့ကို မျက်မြင်ဉာဏ်တွေ့ သိနိုင်ကြ၏။

**ထိုမှတပါး**.....ဂျာမဏီပြည်သား ပရောဖက်ဆရာကြီး ဝိဟာမ်ကွန်ရဲဒ်ရွန်ဂျင်–သည် ၁၈၉၅–ခုနှစ်က အိပ် က်–စ်–ရေး–ခေါ် အလင်းရောင်ဖြင့် အာကာသ စိတ်သော ရွှေ,ငွေ,ကြေး,သံ– စသည်တို့အတွင်းရှိ ဓာတ်ကလာပ်မှုန့်တို့ကို ခွဲခြား၍ မြင်ကြရ၊ လက်တွေ့ပြနိုင်ကြရ–သဖြင့် ဓာတ်အမျိုးပေါင်း (၉၂)မျိုးအထိ ခွဲစိတ်နိုင်ကြသည်ကို များများကြီး ပလောင်မ–ခြိမ့်မြွမ်းသလိုသာ ခြိမ့်မြွမ်းချင်လှ၏။

**ပလောင်မခြီးမွမ်းပုံ**……လောက်တောင်က ပလောင်မ, တို့သည် ရွှေမန်းသူ အချောအလှတို့ကို ကြည့်ကြ၍ "ရက်ရက် စက်စက် လှလိုက်ထာ–မြို့သူမတို့ရယ်၊ နို့ပေမဲ့ ငါတို့လိုကြိမ်ခွေတွေ စွပ်လိုက်ရလျှင် သည့်ထက် များများကြီး လှသေးရဲ့"ဟု ခြီးမွမ်းသလို ဥရောပတိုက်သား ဆိုင်းရင်း ပညာရှင်များတို့ရယ်၊ သင်တို့သည် အရာရာတို့၌ ထိုးထွင်း၍ ဓာတ်ကလာပ်ဆိုက်အောင် သိကြသောပညာတို့သည် ကြီးကျယ်ကြပါကုန်၏။ နို့ပေမဲ့……ငါတို့လို ဝိပဿနာ ကြိမ်ခွေကြီးများကို စွပ်လိုက်ရလျှင် ဤလောက၌ ကြီးပွါးခြင်းထက်မက လောကုတ်ကြီးပွါးခြင်းတို့ကိုပါ များများကြီး ပေါက်ရောက် နိုင်ကြပေလိမ့်သတည်း……ဟူ၍သာ ခြီးမွမ်းလိုက်ပါ၏။ ။(သတိရှိကြစေ။)

## ပရမတ်,ပညတ်–အပိုင်းအခြား

**မေး။** ပရမတ်ပညတ်တို့သည် ဘယ်အခါကစပြီး ဘယ်လိုပိုင်းခြား၍ နေသနည်း……။

**ဖြေ။** ရုပ်ပရမတ်တို့ ပေါင်းစပ်မိစက,စ၍ ပညတ်တို့ ဖြစ်ပေါ်လာသည်၊ ထိုထိုပညတ်တို့အတွင်းမှာ ဓာတ်ကလာပ်ပရမတ်တို့သာရှိကြသည်၊ ထိုထိုပညတ်တို့မရှိ။ ဤသို့လျှင် အတွင်းသား ပရမတ်နှင့် အပေါ်ရံ ပညတ်တို့ တခြားစီ ပိုင်းခြားနေပုံကို သိကြပါလေ……။

**မေး။** ဤစကားအရကို ကျမ်းဂန်၌ ပြပါ၏လော……။

**ဖြေ။** ပြပါ၏……ပြပုံ………………။

အဠဓမ္မသမောဓာနာ၊ဟောတိ ကောသာဒိ သမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊နတ္ထိ ကောသာဒိသမ္မုတိ။

အဠဓမ္မသမောဓာနာ=ရှစ်ပါး ရှစ်ပါးသော ဓာတ်ပရမတ်အများတို့ ထိုထိုပညတ်တို့ ဖြစ်ပေါ်အောင် ပေါင်း၍ မိမိဖြစ်မနေ-ပမာသောကြောင့်။ကောသာဒိ သမ္မုတိဖြင့်။ ပရိဂ္ဂဟမာနာ=သိမ်းဆည်း

ရှိရှိသမျှသော ပုံသဏ္ဍာန်အကောင်အထည် ဖြစ် သမ္မုတိပညတ်သည်။ ဟောသတိ=လောကသမ္မုတိသစ္စာနယ်မှာ ထင်ရှားစွာ ဘွားကနဲ ဘွားကနဲဖြစ်ပေါ်လာ၏။ တေသံယေဝ=ထိုထိုပညတ် အစားစားတို့၏ သာလျှင်။ ဝိနိဗ္ဘောဂါ=အတွင်းသားခတ်ကလာပ် ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်။ ကေသာဒိသမ္မုတိ= ဆံပင်အစရှိသော လောက၌ ရှိနေကြသည့် ပုံသဏ္ဍာန် အကောင် အထည်ဖြစ် သမ္မုတိပညတ်သည်။ နတ္ထိ=အတွင်းသား ခတ် ကလာပ်ထဲမှာ နဲနဲမျှမရှိ။

ဟု ဝိသုဒ္ဓိမဂ် မိန့်တော်မူချက်အတိုင်း အပေါ်ရံ ပညတ်နှင့် အတွင်းသားပရမတ်တို့ တခြားစီ ခြားနားစွာ တည်နေကြပုံတို့ကို သိကြပါလေ......။

## ဆောင်ပုဒ်

ပရမတ်တွေပေါင်းတော့ ပညတ်ပေါ်။
ထိုထိုပညတ်အတွင်းမှာ ပရမတ်သာ ရှိ။ ။(ရကြစေ။)

**မေး။** ပရမတ်တို့ပေါင်းမိစ,က ပညတ်တို့ပေါ်ပုံကို အကြမ်း စား ကလာပ်များတို့ဖြင့် ထင်ရှားအောင် မျက်မြင် ဉာဏ်တွေ့ ဥပမာ မပြနိုင်ပြီလော......။

**ဖြေ။** ပြနိုင်ပါ၏.....ပြပုံ။

**ပုံအမျိုးမျိုးပေါ်ပုံ** .....တခုစီတခုစီစပ်မိစ,က ပုံအမျိုးမျိုးပေါ် လာပုံကား ...(၁)ကွမ်းသီးကလာပ်ကို ၃—ထောင့်ပုံ။ ၄—ထောင့်ပုံ။ ဇလားပုံ-စသည် ချကြည့်မူ ကွမ်း သီးခြင်း စပ်ဟပ်မိစ,က ၃-ထောင့်ပုံ, ၄ထောင့်ပုံ, ဇလားပုံ— စသည့် ပညတ်ပုံ အမျိုးမျိုးတို့နှင့် ကွမ်းသီးကလာပ်တို့ ခြားနားနေ [illegible]ကို မျက်မြင်ဉာဏ်တွေ့ သိရှိနိုင်ကြ၏။
ခွဲခြား၍ [illegible] ပုတီးစေ့ကလာပ်နှင့် ပုတီးကုံး ပညတ်။ (၃) (၈၂)မျိုးအထိ ခွဲ[illegible]တ်(၄) သဲလုံးကလာပ်နှင့် သဲပုံ ခြိုးမွမ်းသလိုသာ ခြိုးမွမ်းချင်လှ၏။

စေတီ သဲချောင်းပညတ်၊(၅)ကားချပ်တွင်းရှိ ကလာပ်နှင့် ကားရုပ်ပုံ ပညတ်တို့ကို ပုံအမျိုးမျိုးပြု၍ကြည့်က ထိုထိုအတွင်းသား ကလာပ်တို့က တခြား၊ ထိုထိုပုံသဏ္ဍာန်ပညတ်တို့ကလည်း တခြား စီဖြစ်နေကြသည်ကို မျက်မြင်ဉာဏ်မြင်ပင်—သိရှိနိုင်ကြပါလိမ့်သတည်း။

**တနည်း**—လူ့အတွင်းသားနှင့် ဘောင်းဘီအင်္ကျီတို့ တခြားစီ နေသကဲ့သို့ အတွင်းသားပရမတ်နှင့် အပေါ်ရံ ပညတ်တို့ တခြားစီ နေပုံကို သိကြပါလေ……။

ပရမတ်,ပညတ်-ခွဲနည်းပြီး၏။

---

## (က) အမှတ်အရ-မျက်မြင်ဉာဏ်တွေ့ဝိပဿနာအစပြုရန်

**မေး။** စ,စဦး အားထုတ်လိုသူတို့ ဝိပဿနာပေါက်လွယ်အောင် ဘယ်အချက်ကစ၍ အားထုတ်ရမည်ကို ကျမ်းဂန်၌ ပြပါ၏လော……။

**ဖြေ။** ပြပါ၏……။ပြပုံ…… ။

ကလာပသမ္မသနေ တာဝ ယောဂေါ ကာတဗ္ဗော။

တာဝ=ရှေးဦးစွာ။ ဝါ=ဝိပဿနာ အစက။ ကလာပသမ္မသနေ=ကလာပ်မှုန့်တို့ကို သုံးသပ်ခြင်းဖြင့်။ ယောဂေါ=အားထုတ်ခြင်းကို။ကာတဗ္ဗော= ပြုအပ်၏။ ဝါ=ပြုကြလေ—ဟူ၍ဆိုင်း။

စုဏ္ဏတောတိ ဣမသ္မိံ သရီရေ မဇ္ဈိမေန ပမာဏေန ပရိဂ္ဂယှမာနာ ပရမာဏုဘေဒသဉ္စုဏ္ဏာ သုခုမရဇဘူတာ ပထဝီဓာတု ဒေါဏမတ္တာ သိယာ၊သာ တတော ဥပဍ္ဎ ပမာဏာယ အာပေါဓာတုယာ သင်္ဂဟိတာ။

ဟိ=ထိုစကားကိုအကျယ်ဆိုဦးအံ့။ စုဏ္ဏတောတိ=စုဏ္ဏတော ဟူသည်ကား။ဣမသ္မိံ သရီရေ=ဤကိုယ်ကောင်၌။ မဇ္ဈိမေန-ပမာဏေန=လူလတ်အရွယ် ပမာဏဖြင့်။ ပရိဂ္ဂယှမာနာ=သိမ်းဆည်း

အပ်သည်ရှိသော်။ ပရမာဏုဘေဒသမ္ဗုဏ္ဏာ=မှုန့်မှုန့်ညက်ကြေ ပရမာဏုမြူ အလားဖြစ်၍နေသော။သုခုမရဇဘူတာ=သိမ်မွေ့သွားသော မြူအဖြစ်သို့ ရောက်နေသော။ပထဝီဓာတု=ပထဝီဓာတ်သည်။ဒေါဏမတ္တာ=တစိတ်သားမျှ ပမာဏရှိသည့်။သိယာ=ဖြစ်ရာ၏။သာ=ထိုပထဝီဓာတ်ကို။တတော=ထိုတစိတ်အောက်။ဥပဍ္ဎပမာဏာယ=ထက်ဝက် ၂-ပြည်သား ပမာဏရှိသော။အာပေါဓာတုယာ=အာပေါဓာတ်ဖြင့်။သင်္ဂဟိတာ=ပေါင်းစုရောထွေးအပ်၏။

ဟု ပြသည့်အတိုင်း ဤကိုယ်အတွင်း၌ ပထဝီဓာတ်မှုန့်၊ ဝါ–အဖတ်ကလာပ်မှုန့်“တစိတ်”သားနှင့် အာပေါဓာတ်မှုန့်၊ ဝါ-အရေကလာပ်မှုန့် “၂-ပြည်” သားတို့ဖြင့် ရောစပ်၍ ရှုကြည့်ရပုံကိုရင်းဝိသုဒ္ဓိမဂ် မိန့်တော်ချက်ကြောင့် ကလာပ်မှုန့်,ဓာတ်မှုန့်တို့ဖြင့်-စ,စဦး အားထုတ်ကြကုန်ရာ၏။ ဝါ–အားထုတ်ကြပါလေ......။

**မေး။** ယခုခေတ်မှာ ပစပ်,ပြောနှင့် နည်း,ပြမှုတို့ကို မယုံနိုင်ကြကုန်။မျက်မြင်နှင့် ဉာဏ်တွေ့ဖြစ်အောင် အဟုတ်–အလုပ်,လုပ်ပြမှသာ ယုံနိုင်ကြသောကြောင့် မျက်မြင်ဉာဏ်တွေ့ဖြစ်အောင် ပြနိုင်ပါမည်လော......။

**ဖြေ။** ပြနိုင်ပါ၏။......ပြရန် ဝိပဿနာလမ်းစဉ်ကား......

“အမှတ်၄-ခု၊ရုပ်နာမ်ရနှင့်၊ ရှုရန်၃–ရှိ၊ လမ်းစဉ်သိ”ဟူသော လင်္ကာအရတို့တွင်......

**အမှတ် ၄–ခုကား**......က–အမှတ်၊ခ–အမှတ်၊ဂ–အမှတ်၊ဃ–အမှတ်၊ ဤ၄–ခုတည်း။

ရုပ်,နှင့် နာမ် ၂-ခုကို “ရုပ်နာမ်ရ”ဟု ဆို၏။

**ရှုရန် ၃-ရှိ အရကား**......ပဌမအချက် မိမိအတ္တ, အတ္တနိယ။ ဒုတိယအချက် သူတပါး အတ္တ, အတ္တနိယ။ တတိယအချက် တရုံတယောက်အတ္တ, အတ္တနိယ။ ဤ ၃–ချက်တို့တည်း။

ဤလမ်းစဉ် ၉-ချက်တို့တွင် ဖော်ကပြခဲ့သော ဝိပဿနာစံပြ (က)အမှတ်အရ လက်တွေ့ဉာဏ်မြင်ပြရမှု,ကျမ်းဂန်က"ဝိပဿနာ အစ ကလာပ်မှုန့်-ခဲတ်မှုန့်တို့ဖြင့်ရှုရမည်"ဟု မိန့်သည့်အတိုင်း…

**လက်တွေ့မြင်ရန်**……ခွက်ထဲသို့ဒြဗ်မပါအောင် မြေမှုန့်ထည့်၍ ကြည့်က ထိုမြေမှုန့်တို့ကို ပထဝီ ပြဋ္ဌာန်းသောကြောင့် ပထဝီကလာပ်မှုန့်–ဟူ၍ရင်း၊ ပထဝီခဲတ်မှုန့်–ဟူ၍ ရင်း သိရှိပြီးမှ ဇလုံအတွင်းသို့ ဤမြေကလာပ်မှုန့်–များများတို့ကို လောင်း၍ကြည့်က အပြီးသတ်မှာ မြေမှုန့်ပုံ မောက်မောက် ပညတ်ကြီး ဘွားကနဲ–ပေါ်လာသည့်ကို ဉာဏ်မြင်လက်တွေ့ ဒိဋ္ဌပင် သိမြင်နိုင်အောင် ယချပြနိုင်ပါ၏……။

**ကျမ်းဂန်ပြအတိုင်း**……ဤပထဝီကလာပ်တို့ ပေါင်းစပ်မိစ,က မြေမှုန့်ပုံ မောက်မောက် ပညတ်-ပေါ် လာရသည်ကား–"အဋ္ဌဝဋ္ဌ သမောဓာနာ၊ ဟောတိ ကောသာဒိ သမ္ဘုတိ"ဟု ကျမ်းဂန်ပြတိုင်းပင် ပေါ်ပေါက်လာခြင်းပေတည်း။

ဤ၌-စ,စ ဦး အားထုတ်သူတို့ ပရမတ်ပညတ်ခွဲ သိလွယ်အောင်ဖုံမှုန့်ကြမ်းကြမ်းကိုပင်"ကလာပ်" ဟု ပြအပ်ပါသတည်း။ နောက်အကြည်ခဲတ်,အကြည်ခဲတ်-ဟု ကလာပ်ကို ရှုသောအခါတို့မှာ ကလာပ်အကြည်ကို ထင်မြင်နိုင်ကြကုန်ရာ၏။

တဖန်-ဤမြေပုံ မောက်မောက် ပညတ်အတွင်းရှိတဲ့ ပထဝီ ခဲတ်ကလာပ်တို့ အထဲမှာ မြေပုံမောက်မောက် ပညတ်တို့မရှိခြင်းကား"တေသံယေဝ ဝိနိဗ္ဘောဂေ၊ နတ္ထိ ကောသာဒိ သမ္ဘုတိ" ဟု ကျမ်းဂန်ပြတိုင်းပင်ယချလက်တွေ့ မျက်မြင် ဝိပဿနာ အလုပ်အစမှာ ခဲတ်ကလာပ်မှုန့်တို့ဖြင့်ပြသည့် အတိုင်း သိရှိကြရသဖြင့် ဤကျမ်းစာတို့သည် အလုပ်အတွင်းသို့ ပါဝင် ပြသနေပါတကား– ဤအလုပ်တို့ကလည်း ကျမ်းစာအတိုင်း ပြုလုပ်နေကြရပါတကား ဟု များများကြီး ယုံကြည်ရသည့်အတိုင်း အခြားကျမ်းစာ

တို့လည်း မိမိတို့ဆိုင်ရာ အလုပ်အတွင်းသို့ ပါဝင်နေကြရသည်၊ ထိုထို အလုပ်တို့ကလည်း ကျမ်းဂန်စာ ဒေသနာ အစဉ်အတိုင်း လုပ်နေကြရသည်ဟု သဘောမပေါက်သူတို့က ခန္ဓာ,အာယတန-စသည်ကို ပြောပြမှု ဒီဟာက ဒေသနာအစဉ် စာသာ ဖြစ်သည်၊ အလုပ်တရားမဟုတ်၊ ဒို့ဟာမှ အလုပ်တရားဟု စာ,ကို ပယ်နေတတ်ကြ၏။အချို့က စာတတ်သူတို့ကို စာ,အပင်း ခံနေသည်ဟု ပယ်တတ်ကြ၏။မပယ်ကောင်းကြပေ။

**စင်စစ်မူကား**…စာနှင့် စာတတ်သူတို့ ရှိကြ၍သာ ဤသာသနာတော်ကြီး ၅၀၀၀–တည်နိုင်ရာသည့်အတွက် များများကြီး ငါတို့ကျေးဇူးတင်ပါ၏။ပညာရှင်တို့လည်း တင်ကြ၏။ သင်တို့ကလည်း တင်ကြပါလေ။ ဒေသနာအစဉ်က အလုပ်တရား ဖြစ်ပုံနှင့် ပညာရှင်တို့မှာ စာ, အပင်းမဟုတ်ပုံတို့ကို အရှင် သာရိပုတ္တရာသည် အရှင်အဿဇိထံက ဂါထာဝက်မျှဖြစ်တဲ့-

ယေဓမ္မာဟေတု ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ဧဝံ ဝါဒီ မဟာသမဏော။

ဤဒေသနာအစဉ်ကို နာရသဖြင့် သောတာပန် ဖြစ်သည်ကို ရင်း သိရှိကြရသဖြင့် ရှေးက ငါတို့ပြခဲ့သည့်အတိုင်း ထိုထိုကျမ်းစာတို့ပင် ထိုထိုအလုပ်တွင် ပါဝင်နိုင်၏။ထိုထိုလမ်းမှန်သော အလုပ်တို့ကလည်း ထိုထိုကျမ်းဂန် စာဒေသနာအတွင်းသို့ ပါဝင်နိုင်၏ဟု သိရှိကြသူ ပညာရှိ သဘောဖြူမှန်သမျှတို့သည် ထိုထိုကျမ်းဂန်ကို လက် မလွှတ်ကြဘဲ လမ်းမှန်ကိုသာ ယုံကြည်စွာ အားထုတ်ပါလေ……။

## ပညတ်ခွဲပုံ–နှင့် အတ္တ, အတ္တနိယ–ခွါပုံ

ဤစံပြ မြေကလာပ်မှုန့်နှင့် ပညတ်တို့ကို ခြားနားစွာသိရှိအောင် ဤဖုံမှုန့်ပုံပညတ်အတွင်းသို့ အရောင်သွင်း၍ခွဲတတ်ခွဲပါမူ,“အရောင်

ကလာပ်, ပထဝီကလာပ်,အကြည်ဓာတ်, အကြည်ဓာတ်-တို့သာ၊ မောက်မောက်ပုံ ပညတ်မပါ"ဟု ခွဲပါ……။

**တနည်း**……အရောင်ကလာပ်,ပထဝီကလာပ်,အကြည်ဓာတ်– တို့သည် ၂၅-မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ အတ္တ–မဟုတ်၊ ဆိုင်ပိုင်တဲ့ အတ္တနိယမဟုတ် ဟု ခွဲပါလေ……။

ဤ၂-ချက်တို့တွင် ကလာပ်တို့ မမြဲနိုင်ချက်ကား ၂၅-မီးတို့ လောင်ကြသောကြောင့် မမြဲဟု ရှုပါ။နောက်ခွဲလည်း ပြလတ္တံ့ ပါ တည်း။ ဤ၂–ချက်တို့ကို ထင်မြင်လာအောင် မိမိလည်း အခါခါ ရှုကြလေ……။

ဤ၂-ချက်ထင်မြင်ပြီးမှ ရှိရှိသမျှတို့ကို ဤစံနစ်အတိုင်း ၅–ဌာန ခွဲခွါကြရန်ကား–

(၁) မြေခြောက်။
(၂) တောခြောက်။
(၃) တောင်ခြောက်။
(၄) အဆောက်ဦးခြောက်။
(၅) အသုံးဆောင်ခြောက်။

တခု–တခုစီတို့၏ အတွင်းသို့ အရောင်သွင်း၍-သွင်း၍…

၁။ အရောင်ကလာပ်,ပထဝီကလာပ်,အကြည်ဓာတ်,အကြည် ဓာတ်-တို့သာ။မြေခြောက်ပညတ်မပါ။
၂။ တောခြောက်ပညတ်မပါ။
၃။ တောင်ခြောက်ပညတ်မပါ။
၄။ အိမ်,ကျောင်း,ဇရပ်စသော အဆောက်အဦး ပညတ်တို့ မပါ။

၅။ အဝတ်,အစား စသော ပညတ်တို့မပါ။

ဟု တခု-တခုစီ မိမိလည်း အခါခါရှုကြ၊ ပညတ်ခွဲကြပါလေ……။

**တနည်း**·····အရောင်ကလာပ်,ပထဝီကလာပ်, အကြည်ဓာတ်, အကြည်ဓာတ်--တို့သည် ၂၅-မီးလောင်သော ကြောင့် မြဲနေနိုင်တဲ့အတ္တမဟုတ်၊ ဆိုင်ပိုင်တဲ့ အတ္တနိယ-မဟုတ်ဟု ၅-ဌာနတို့၌ အတ္တခွါလေ၊ သူ့ကိုလည်း ခွဲစေ,ခွါစေ,ရှုစေ ကြလေ။

ဤသို့ရှုကြ၍ အတွင်းသားပထဝီ အကြည်ဓာတ်ကလာပ် အတွင်းမှာ ပညတ်တို့မပါကြ၊ အတ္တ,အတ္တနိယ-တို့ မပါကြသည်ကို အခြောက်ဝဋ္ဋုတိုင်းတို့မှာ ထင်မြင်ကြပါမှ, ငါသည်(က)အမှတ် က ဝိပဿနာစံပြအတိုင်း အခြောက်ဝဋ္ဋုတို့၌ ပရမတ်နှင့် ပညတ်တို့ သီးခြားစီ ထင်မြင် ပေါက်ရောက်ပေပြီဟု ထိုထိုပရမတ္ထတို့၌ အတ္တ, အတ္တနိယ-ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ပေါက်ပြီ ဟု သူတပါး ပြောစကားနှင့် မဆိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိကြ, ဝမ်းမြောက်ကြပါလေ။

ဤကား-နာရသည့်နေ့ကပင်ဝိပဿနာဆင်မြင်ရပုံတည်း။
(က)အမှတ် စံပြ ပြီး၏။

---

## ကလာပ်တိုက်ကြီးမျက်မြင်ဉာဏ်တွေ့ဖြစ်ပြရန်

**အရေဝဋ္ဋုတို့၌ ဒိဋ္ဌိဝိသုဒ္ဓိပေါက်ပုံ**·····အမှတ် ၄-ခ တို့တွင် (ခ)အမှတ်အရ လက်တွေ့ ဉာဏ်မြင်ပြရမှု ရေခွက်ထဲက ရေကြည်မှုန့်တို့ကို အာပေါ ပြဋ္ဌာန်းသောကြောင့် အာပေါကလာပ်မှုန့်ဟူ၍ရင်း၊ အာပေါဓာတ်မှုန့် ဟူ၍ရင်း သိပြီးမှ ဖလ်ခွက်အတွင်းသို့ ပြည့်လာအောင် လောင်းကြည့်က အပြီးသတ်မှာ ထိုရေကြည်တို့၏ ဖလ်ခွက်အတွင်း ပတ်လည်နှင့် အထက်အောက်အပိုင်းအခြား ပုံသဏ္ဌာန်ပညတ်ကြီး ဘွားကနဲပေါ်လာသည်ကို သိမြင်နိုင်ကြကုန်ရာ၏။

**ပညတ်ပေါ်လာခြင်းကား**······ ဤရေအပိုင်းအခြား ပညတ်ပေါ် လာခြင်းကား "သမ္ဘုတိဟောတိ"ကျမ်းလာတိုင်းပင်တည်း။ ရေခွက်အတွင်းရှိ အာပေါ

ကလာပ်တို့အထဲမှာ ရေအပိုင်းအခြား ပညတ် မပါခြင်းကား"နတ္ထိ သမ္ဘူတိ"ကျမ်းလာတိုင်းပင်တည်း-ဟု ယခုလက်တွေ့ ဉာဏ်မြင် အထင်အရှား အလုပ်, လုပ်၍ ပြထားပြီ ဟာရို့ရဲ့......ကြည့်ကြ, ပါလေ။

## ပညတ်ခွဲပုံနှင့် အတ္တ,အတ္တနိယ-ခွါပုံ

ဤ(ခ)အမှတ် စံပြ,အာပေါကလာပ်မှုန့်နှင့် ပညတ်တို့ကို ခြား နားစွာ သိရှိရအောင် ဤရေဖလ်ခွက်အတွင်းသို့ အရောင်သွင်း၍ ခတ်ခွဲပါမူ အရောင်ကလာပ်,အာပေါကလာပ်, အကြည်ဓာတ်,အ ကြည်ဓာတ်-တို့သာ၊ရေအပိုင်းအခြားပညတ် မပါဟု ပညတ်ခွဲပါ။

**တနည်း**......အရောင်ကလာပ်, အာပေါကလာပ်, အကြည် ဓာတ်, အကြည်ဓာတ်–တို့သည် ၂၅-မီးလောင် သောကြောင့် မြဲနေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ဆိုင်ပိုင်တဲ့ အတ္တနိယ လည်း မဟုတ် ဟု ခွါပါလေ။

ဤအချက်ကို ထင်မြင်ပြီးမှ အရေရှိရှိသမျှတို့ကို ဤစံနစ်အတိုင်း ၅-ဌာနခွဲကြရန်ကား။

(၁) အိုးခွက်ရေ။
(၂) တွင်းကန်ရေ။
(၃) အင်းအိုင်ရေ။
(၄) မြစ်ချောင်းရေ။
(၅) သမုဒ္ဒရာရေ။

တခုစီ တခုစီ တို့၏ အတွင်းသို့ အရောင် သွင်း၍ သွင်း၍-

(၁) အရောင်ကလာပ်, အာပေါကလာပ်, အကြည်ဓာတ်, အကြည်ဓာတ်တို့သာ၊ အိုးခွက်ရေ အပိုင်း အခြား ပညတ်မပါ။
(၂) တွင်းကန်ရေ အပိုင်းအခြားပညတ်မပါ။
(၃) အင်းအိုင်ရေအပိုင်းအခြားပညတ်မပါ။

(၄) မြစ်ချောင်းရေအပိုင်းအခြားပညတ်မပေါ်။
(၅) သမုဒ္ဒရာရေ အပိုင်းအခြားပညတ်မပေါ်။
ဟု တရ တချိ ပညတ်ခွဲကြပါလေ....။

**တနည်း**...အရောင်ကလာပ်,အာပေါကလာပ်, အကြည်ဓာတ်–တို့သည် ၂၅–မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ အတ္တမဟုတ်၊ဆိုင်ပိုင်တဲ့ အတ္တနိယလည်းမဟုတ်-ဟု ၅-ဌာန တို့၌ အတ္တ ခွါကြပါလေ။

ဤသို့ရှုကြ၍ အတွင်းသား အာပေါအကြည်ဓာတ်ကလာပ်တို့ အတွင်းမှာ ထိုထိုပညတ်တို့နှင့် အတ္တ,အတ္တနိယ တို့ မပေါ်ကြသည်ကို အရေဝတ္ထုတိုင်းတို့မှာ ထင်မြင်ပါမှ,ငါသည်....(ခ)အမှတ်က ဝိပဿနာစံပြအတိုင်း အရေဝတ္ထုတို့၌, ပရမတ်နှင့် ပညတ်တို့ တသီးတခြားစီထင်မြင်ပေါက်ရောက်ပြီး ထိုထိုပရမတ်တို့၌ အတ္တ, အတ္တနိယ–ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိပေါက်ပြီဟု သူတပါးပြောစကားနှင့် မဆိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိကြ ဝမ်းမြောက်ကြပါလေ။

ခ-အမှတ်ပြီး၏

---

## (ဂ)အမှတ် အရ-လက်တွေ့ဉာဏ်မြင်ပြခြင်း

**လက်တွေ့ဉာဏ်မြင်ပြရမှု**....(က) အမှတ် ကပြခဲ့သော ဇလုံ အတွင်းရှိ ပထဝီကလာပ်မှုန့် အကြားတိုင်းတို့သို့ အရေကလာပ်မှုန့်တို့ကို လောင်း၍ ကြည့်ကြမှု, ဤပထဝီ, အာပေါကလာပ် ၂–ပါးတို့ ပေါင်းစပ်မိစက ဘွား ကနဲ ဖွံ့တုံးဖွံ့ခဲ ပညတ်ကြီး စ,စဦး ပေါ်လာသည်ကိုမြင်ကြကုန်ရာ၏။

ဤ၌ ဖွံ့တုံးဖွံ့ခဲ ပေါ်လာခြင်းကား-"ဟောတိ သမ္ဘုတိ"ကျမ်းလာ အတိုင်းပင်တည်း။ ဖွံ့တုံးဖွံ့ခဲ အတွင်းက ပထဝီကလာပ်, အာပေါကလာပ်တို့ အထဲမှာ ဖွံ့တုံးဖွံ့ခဲပညတ်တို့ မပေါ်ခြင်းကား–

"နတ္ထိ သမ္ဗုတိ" ကျမ်းလာအတိုင်းပင်တည်း–ဟု ယခုလက်တွေ့ ဉာဏ်မြင် အထင်အရှား အလုပ်,လုပ်၍ ပြထားပြီ ဟာရို့ရဲ့…… သေသေချာချာ ကြည့်ကြ-သိကြပါလေ……။

## ပညတ်ခွဲပုံ–နှင့် အတ္တ,အတ္တနိယခွါပုံ

ဤ(ဂ)အမှတ် စံပြ ပထဝီကလာပ်မှုန့်, အာပေါကလာပ်မှုန့်–တို့ နှင့် ပညတ်တို့ အတ္တ, အတ္တနိယတို့ကို ခြားနားစွာ သိရှိရအောင် ဤ ဆွံ့ရိ,ဆွံ့တုံး,ဆွံ့ခဲအတွင်းသို့ အရောင်သွင်း၍ခတ်ခွဲပါမူ…အရောင် ကလာပ်,ပထဝီကလာပ်,အာပေါကလာပ်,အကြည်ခတ်,အကြည် ခတ်–တို့သာ၊ဆွံ့တုံး,ဆွံ့ခဲ ပညတ်မပါဟု အခါခါပညတ်ခွဲကြပါ။

**တနည်း**……အရောင်ကလာပ်, ပထဝီကလာပ်, အာပေါက လာပ်, အကြည်ခတ်, အကြည်ခတ်–တို့သည် ၂၅-မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ အတ္တမဟုတ်၊ ဆိုင်ပိုင်တဲ့ အတ္တနိယ-လည်းမဟုတ်-ဟု အတ္တခွါကြ၊ အခါခါ ရှုကြပါလေ……။

ဤအချက်ကို ထင်မြင်ပြီးမှ အစိုဝတ္ထု ရှိရှိသမျှတို့ အတွင်းမှာ ပညတ်နှင့် အတ္တ, အတ္တနိယ–တို့ မပါသည်ကို ဤစံနစ်အတိုင်း ၅-ဌာန ခွါကြ,ခွဲကြရန်ကား……

(၁) မြေစို။
(၂) တောစို။
(၃) တောင်စို။
(၄) သတ္တဝါစို။
(၅) အဆောက်ဦး အသုံးဆောင်စို။

ဤတခု-တခုစိတို့၏ အတွင်းသို့ အရောင်သွင်း၍-သွင်း၍ ခတ်ခွဲ ပါမူ……

၁။ အရောင်ကလာပ်, ပထဝီကလာပ်, အာပေါကလာပ်, အကြည်ခတ်,အကြည်ခတ်-တို့သာ၊မြေစို ပညတ်မပါ။
၂။ တောစိုပညတ်မပါ။

၃။ တောင်စိုပညတ်မပါ။
၄။ သတ္တဝါစိုပညတ်မပါ။
၅။ ကျောင်း,ဇရပ် စသော အဆောက်အဦးစိုပညတ်မပါ,
အဝတ်အစား စသော အသုံးအဆောင်စို ပညတ်မပါ။
ဟု တခု-တခုစီ မိမိလည်း ပညတ်တို့ကိုခွဲပါ။

**တနည်း**.....အရောင်ကလာပ်, ပထဝီကလာပ်, အာပေါကလာပ်, အကြည်ဓာတ်, အကြည်ဓာတ်–တို့သည် ၂၅-မီးလောင်သောကြောင့်မြဲနေနိုင်တဲ့ အတ္တမဟုတ်၊ ဆိုင်မိုင်တဲ့ အတ္တနိယလည်း မဟုတ်-ဟု ၅-ဌာနတို့၌ အတ္တ,အတ္တနိယ-ခွါကြ၊ အခါခါရှုကြ၊ သူ့ကိုလည်း ရှုစေကြပါလေ.....။

ဤသို့ရှုကြ၍ အဝတ်သား ပထဝီအကြည်ဓာတ်, အာပေါ အကြည်ဓာတ်–ကလာပ်တို့အတွင်းမှာ ထိုထိုပညတ်တို့ မပါကြသည်ကို အစိုဝတ္ထုတိုင်းတို့မှာ ထင်မြင်ပါမှ, အတ္တ,အတ္တနိယ-ခွါနိုင်ပါမှ–ငါသည်(ဂ)အမှတ်က ဝိပဿနာစံပြအတိုင်း အစိုဝတ္ထုတိုင်းတို့၌ ပရမတ်နှင့်ပညတ်တို့ အသီးအခြားစီ ထင်မြင် ပေါက်ရောက်ပြီး ထိုထိုပရမတ်တို့၌လည်း အတ္တ,အတ္တနိယ-ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိပေါက်ပြီဟု သူတပါးပြောစကားနှင့် မဆိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သိကြရ၏...ဟု များများကြီး ဝမ်းမြောက်ကြပါလေ......။

(ဂ)အမှတ် စံပြပြီး၏။

## (ဃ)အမှတ်အရ–လက်တွေ့ဉာဏ်မြင်ပြခြင်း

**လက်တွေ့ဉာဏ်မြင်ပြရမှု**..အရောင်နှင့် မှောင်-ဝဏ္ဏ ရုပ်တို့ ပြဋ္ဌာန်း သောကြောင့် ၎င်းကလာပ်တို့ကို (၁)အရောင်ကလာပ် (၂)အမှောင်ကလာပ်-ဟု သိပါ။

ဤကလာပ်တို့မှာ အထည်ဒြပ် မပါသော်လည်း ထိုထိုကလာပ်တို့ အဆုံးအပိုင်းအခြား ရှိကြသောကြောင့် ထိုထိုအပိုင်းအခြား

ပညတ်တို့အရ မြေထု, ရေထု, လေထု, မှောင်ထု, အရောင်ထု, အရိပ်ထု,အသံထု,အနံ့ထု စသည်ဖြင့် အပိုင်းအခြား အထုပညတ်တို့ကို သိကြရ-ခေါ်ဝေါ်ကြရ၏။

ဤအပိုင်းအခြား အထုပညတ်တို့ အတွင်းမှာလည်း ရှိကြ၊ ယင်းကလာပ်တို့ကား–မြေကလာပ်, ရေကလာပ်, လေကလာပ်, မှောင်ကလာပ်,အရိပ်ကလာပ်,အသံကလာပ်,အနံ့ကလာပ်-စသည်တို့ အပြည့်အနှက်ရှိကြမည်ကိုလည်း ဉာဏ်တွေ့အားဖြင့် သိကြပြီးမှ လက်တွေ့ဉာဏ်မြင်ဖြစ်အောင် အလုပ်ပေးပုံကား–

ဂိုက်(၁၀၀)ရှိသည့် လုံခြုံသော ခန်းတိုက်ကြီး အတွင်းမှာ လင်းနိုင်သော မီးထွန်းသည်နှင့် တကွနက်, ဘွားကနဲ မီးရောင်တိုက်ခန်းအပိုင်းအခြား ပညတ်ထုကြီး ပေါ်လာသည်ကို သိမြင်နိုင်၏။ ဤပညတ်ထု အပိုင်းအခြား ပေါ်ရခြင်းသည်လည်း''ဟောတိ သမ္ဘုတိ''ကျမ်းလာတိုင်းပင်တည်း။

ထိုထိုအတွင်းက အရောင်ကလာပ်တို့အထဲမှာ အပိုင်းအခြား ပညတ်ထုတို့ မပါခြင်းကား ''နတ္ထိ သမ္ဘုတိ'' ကျမ်းလာတိုင်း ပင်တည်း။

တဖန်မှောင်ထုအရဖြင့် အလုပ်ပြလိုမူ ထိုတိုက်ခန်း အတွင်းက မီးကိုငြိမ်းလိုက်သည်နှင့် တကွနက် ဘွားကနဲ အမိုက်မှောင်တိုက်ခန်း အပိုင်းအခြား ပညတ်ထု ပေါ်လာရသည်ကို သိနိုင်၏။

ဤအပိုင်းအခြား ပညတ်ထုပေါ်ခြင်းသည်လည်း ''ဟောတိ သမ္ဘုတိ''ကျမ်းလာတိုင်းပင်တည်း။

ထိုထိုအတွင်းက မှောင်ကလာပ်တို့အထဲမှာ အပိုင်း အခြား ပညတ်ထုတို့ မပါခြင်းကား ''နတ္ထိ သမ္ဘုတိ''ကျမ်းလာတိုင်းပင်တည်း။

**ဤကား**·····အရောင် ကလာပ် မှောင်ကလာပ်တို့နှင့် ပညတ်ထုတို့ ခြားနားတည်နေကြသည်ကို လက်တွေ့ဉာဏ်မြင် ထင်ရှားအောင် အလုပ်, လုပ်ပြထားပြီ ဟာရို့ရဲ့·····သေသေချာချာ ဉာဏ်ဝင်စားကြည့်ကြ, သိကြပါလေ။

## ပညတ်ခွဲပုံနှင့် အတ္တ,အတ္တနိယ-ခွါပုံ

ဤ(စာ)အမှတ် စံပြ အရောင်,အမှောင်စသော ကလာပ်၅—မျိုးတို့နှင့် အပိုင်းအခြား ပညတ်တို့ ခြားနားစွာ သိကြရန် ခတ်ခွဲလိုပါမူ......

(၁) အရောင်ထု။
(၂) အမှောင်ထု။
(၃) အသံထု။
(၄) လေထု။
(၅) အနံ့ထု။

ဤအထုတို့ အတွင်းကလာပ်တို့ကို ခတ်ခွဲပုံကား......

၁။ အရောင်ကလာပ် အကြည်ခတ်, အကြည်ခတ်-တို့သာ၊ အရောင်ထု ပညတ်မပါ။
၂။ အမှောင်ထုပညတ်မပါ။
၃။ အသံထုပညတ်မပါ။
၄။ လေထုပညတ်မပါ။
၅။ အနံ့ထုပညတ်မပါ—

ဟု တခု-တခုစီ မိမိလည်းပညတ်တို့ကိုခွဲပါလေ......။

**တနည်း**......အရောင်ကလာပ်,အကြည်ခတ်, အကြည်ခတ်—တို့သည် ၂၅—မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ အတ္တမဟုတ်၊ဆိုင်ပိုင်တဲ့ အတ္တနိယလည်းမဟုတ်-ဟု အတ္တခွါပါ။

**တနည်း**......မှောင်ကလာပ်, အကြည်ခတ်, အကြည်ခတ်—တို့သည် ၂၅-မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ အတ္တမဟုတ်၊ ဆိုင်ပိုင်တဲ့ အတ္တနိယလည်းမဟုတ်-ဟု ၅-ဌာနတို့၌ အတ္တခွါ၍ မိမိလည်းအခါခါရှုကြ၊သူ့ကိုလည်း ရှုစေကြပါလေ......။

ဤသို့လျှင် ပရမတ်, ပညတ်-တို့ကို ခြားနားစွာ ထင်မြင်ပါမူ, အတ္တ,အတ္တနိယ - ခွါနိုင်ပါမူ-ငါသည်(စာ)အမှတ်က ဝိပဿနာစံပြ

အတိုင်း အရောင်ကလာပ်, မှောင်ကလာပ်–စသည့်တို့မှာ အတွ, အတွနိယ ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိ–အလုပ်ပေါက်ပြီဟု ဝမ်းမြောက်ကြပါလေ·····။

## ကလာပ်တိုက်ကြီး ထင်မြင်ပုံ

(၁) က-အမှတ် အခြောက်ကလာပ်ရုတစား။
(၂) ခ-အမှတ် အရေကလာပ်ရုတစား။
(၃) ဂ-အမှတ် အစိုကလာပ်ရုတစား။
(၄) ဃ-အမှတ် အရောင်ကလာပ်ရုတစား။
(၅) အမှောင်ကလာပ်ရုတစား–။

အားဖြင့် ကလာပ်၅–မျိုး ၅-စားတို့သည် တခုနှင့်တခုတို့ ထိစပ်၍ တည်ရှိနေကြသည်ကို မျက်မြင်ဉာဏ်တွေ့အားဖြင့် အမှန် အတိုင်းတို့ကို သိရှိရပြန်သောကြောင့် ထိုထိုအဆုံးအပိုင်းအခြား မရှိသော စကြဝဠာတိုက်ကြီးရှိ ရှိသမျှ အကုန်လုံးတို့သည် ကလာပ်တိုက်, ဓာတ်တိုက်, ပရမတ်တိုက်-ကြီးတို့ ဖြစ်နေကြပုံကို မျက်မြင်ဉာဏ်တွေ့ ဖြစ်ကြအောင် ယခုအလုပ်,လုပ်၍ ပြထားသည့်အတိုင်း သိရှိကြပြီးမဟုတ်လား ဟာရို့ရဲ့ ·····ထင်မြင် သိရှိနေအောင်လည်း ဤကလာပ်၅-စားတို့ကို မကြာမကြာ အခါခါစပ်၍ ကြည့်ရှုကြပါလေ၊ယောဂီ-မြတ်တွေတို့။

## များများကြီး ဝမ်းမြောက်ဘွယ်

ဤကလာပ်တိုက်,ဓာတ်တိုက်ကြီးတို့ဖြစ်နေချက်တို့ကို ထင်မြင်နေပါမှ,ပရမတ်လွတ်နေသောနေရာ ကာလနှင့် အကောင်အထည်ဝတ္ထုတို့ မရှိတော့ဘူးဟု မိမိတို့ဉာဏ်မှာ ဖြစ်ပေါ်နေကြသည်ကို သိရှိကြစေလို၍ ယောဂီအများ ယောကျ်ားမိန်းမ ရှင်ရဟန်းစသည်တို့ကို ပရမတ်လွတ်သောနေရာ ကာလနှင့် အကောင် အထည် ဝတ္ထုတို့ကို ပြနိုင်ကြပါမှ,ဆုငွေ “တသိန်း” ပေးမည်ဟု အများသိရှိအောင် ကြော်ငြာသော်လည်း ထိုဆုငွေရအောင် ရွေးကလည်း

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

ပရမတ်လွတ်ရာကိုမပြနိုင်ပြီ၊ ယခုလည်း မပြနိုင်ကြ၊ နောက်နောင်လည်း မပြနိုင်ကြလတ္တံ့-ဖြစ်နေကြရသောကြောင့်၊ ဪ..... တို့....ရှေး.....က ပရမတ်ရှိတာတို့ကို ငါတို့တတွေ တတိ တစမှ မပြနိုင်ကြကုန်၊ ယခုတော့ကား-ပရမတ် မရှိတာတို့ကိုတောင် မပြနိုင်အောင် ငါတို့တရမှာ ခဲတ်ပရမတ် ပေါက်နေကြပါတကားဟု များများကြီးဝမ်းမြောက်ကြ၊ ဓမ္မပီတိ—ဖြစ်ကြဘို့ပါတည်း။

ဤအမှတ် ၄-ခု ကလာပ်တိုက်ကြီးတို့၌ ရှိရှိသမျှသော ကလာပ်မှုန့် ခဲတ်မှုန့်တို့ကိုအနှစ်အတ္တမှ သုဉ်း၊ ဆိုင်ပိုင်တဲ့အတ္တနိယမှ သုဉ်း-ဟု—ဒွိကောဒိုက-ကျတော့ သဒ္ဒါ ရုပေက္ခာ—ရှုရန်ရပြီး၏။

## ရုပ်နာမ်အရ—အကျဉ်းပြရန်

**မေး။** ယခုကာလ သိမှတ်လွယ်ကြအောင် တိုတိုနှင့် တုတ်တုတ် ကျဉ်းကျဉ်းနှင့်- ရှင်းရှင်းကြီးတို့ကို ကြိုက်ကြသော ခေတ်ကာလ အလိုက် ရုပ်နာမ်တို့အရကို အလွယ်ဆုံးပြနိုင်ပါအံ့လော။

**ဖြေ။** ပြနိုင်ပါ၏....။ပြပုံ...။ရှေးကပြခဲ့ပြီးသော ကလာပ်တိုက် ခဲတ်တိုက်ကြီးအတွင်းရှိ ရုပ်တို့ကို ထိုထိုကျမ်းဂန်ကြီးတို့၌ ကျယ်ဝန်းစွာပြကြသော်လည်း အတိုကြိုက်သော ဝိပဿနာယောဂီတို့ လိုရင်းချုပ် အားထုတ်နိုင်ကြရန် တိုတိုနှင့်တုတ်တုတ် ကျဉ်းကျဉ်းနှင့် ရှင်းရှင်းအားဖြင့် ကျမ်းဂန်၌ပြထားသည်ကား......

သော သဗ္ဗမ္ပေတံ ရုပ္ပနတော ရူပန္တိ ပဿတိ။

သော=ထိုအကျဉ်းသိလိုသော ယောဂီပုဂ္ဂိုလ်သည်။ ဧတံသဗ္ဗမ္ပိ=ထိုထိုရှိသမျှသော ခဲတ်ကလာပ်အပေါင်းကိုလည်း။ ရုပ္ပနတော=အသစ် အဟောင်း ပြောင်းလဲ ဖောက်ပြန်တတ်သောကြောင့်။ ရူပန္တိ=ရုပ်ဟူ၍။ပဿတိ=ရှုအပ်၏။ဝါ=ရှုကြလေ.....။

ဟု ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အတိုင်း ရှေ့ကပြခဲ့သော ကလာပ်တိုက်,ခဲတ်တိုက်တို့အတွင်း ရှိသမျှသော ရုပ်ခဲတ်ကလာပ်တို့ကို အဇ—အပူ စသည်တို့ဖြင့် တွေ့က ဖောက်ပြန်တတ်ကြသောကြောင့်

"ရုပ်တို့ဘဲ-ရုပ်တို့ဘဲ"ဟု များများကြီး အကျဉ်းချုပ် ရှုကြရသုံ နှင့် ရုပ်ထင်မြင်ပုံတို့ကို သိကြပါလေ......။

ရုပ်-ရှုပုံပြီး၏။

---

## နာမ်ကို ထင်မြင်ပုံနှင့် ရှုပုံ

ဤလောကအတွင်း ရှိရှိသမျှသော ရုပ်တို့နှင့်တကွ မိမိ တကိုယ်လုံး၌ ရုပ်တို့ကို ၆-ဒွါရ တို့ပါ ထင်မြင်ကြပါမူ,နာမ်တို့လည်း ထင်မြင်လာနိုင်ချက်ကို ကျမ်းဂန်၌ ထွက်ပုံကား......

> တဿေဝံ ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပဓမ္မာ
> ပါကဋာ ဟောန္တိ။

ဧဝံ=ဤသို့။ ပရိဂ္ဂဟိတရူပဿ=ရုပ်ကိုသိမ်းဆည်း၍ ထင်မြင်ပေါက်ရောက်သော။ တဿ=ထိုအကျဉ်းသိလိုသော ယောဂီပုဂ္ဂိုလ်အား။ အရူပဓမ္မာ=နာမ်တရားတို့သည်။ ဒွါရဝသေန=၆-ဒွါရ၏-ဝါ-ခြောက်ပေါက်၏အစွမ်းဖြင့်။ ပါကဋာ=အသိ ၆-စားတို့ကို ဉာဏ်အမြင်အားဖြင့် ထင်ရှားလာကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။
ဟု-ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အတိုင်း ၆-ဒွါရ၊ ဝါ-အပေါက် ၆-ခုတို့မှာ မျက်စိသိ,နားသိ,နှာခေါင်းသိ,လျှာသိ,ကိုယ်သိ, မနောသိ-တို့ကို ကိုယ်တွေ့မျက်မြင်အားဖြင့် ယောဂီတို့ ဉာဏ်မှာ ထင်ရှားစွာ သိမြင်လာကြကုန်၏။ ဝါ-သိမြင်လာအောင် အခါခါရှုကြ, ကြည့်ကြ,သိကြပါလေ......။

ဤနာမ်တရားတို့ကိုလည်း ထိုထိုကျမ်းဂန်တို့မှာ ကျယ်ဝန်းစွာ ပြအပ်ပါသော်လည်း အတိုကြိုက် ဝိပဿနာယောဂီတို့လိုရင်းချုပ်အားထုတ်နိုင်ကြရန် တိုတိုနှင့်တုတ်တုတ် ကျဉ်းကျဉ်းနှင့် ရှင်းရှင်းအားဖြင့် ကျမ်းဂန်၌ပြထားသည်ကား......

> သော သဗ္ဗေပိ တေ အရူပဓမ္မေ နမနလက္ခဏေန ဧကတော ကတွာ ဧတံ နာမန္တိ ပဿတိ။

သော=ထိုအကျဉ်းသိလိုသောယောဂီပုဂ္ဂိုလ်သည်။သဗ္ဗေဝိ=အလုံးစုံလည်း ဖြစ်ကုန်သော။ တေအရူပဓမ္မေ=ထိုရှိသမျှသော အရူပတရားတို့ကို။နမနလက္ခဏေန=အာရုံရှိရာသို့ ညွတ်ကိုင်း ရှိုင်းတတ်သော လက္ခဏာအားဖြင့်။ဧကတောကတွာ=တပေါင်းတည်းပြု၍။ ဧတံ=ထိုညွတ်ကိုင်း ရှိုင်းတတ်သော သဘောတရားကို။ နာမန္တိ=နာမ်ဟူ၍။ပဿတိ=ရှုအပ်၏။ဝါ၊ရှုကြလေ။

ဟု ဝိသုဒ္ဓိမဂ် မိန့်တော်မူချက်အတိုင်း ရှေ့က ပြခဲ့သော အရူပဆိုတဲ့ အသိ ၆-မျိုးတို့ကို"နာမ်တို့ဘဲ-နာမ်တို့ဘဲ"ဟု အကျဉ်းချုပ်များများကြီးရှုရပုံနှင့် ထင်မြင်ပုံတို့တည်း။

ရုပ်,နာမ်-၂-ခု အကျဉ်းရှုပြီး၏။

ဤရှေ့ကပြခဲ့သော အမှတ် ၄—ခု ရုပ်,နာမ်—စုတို့ကို တပေါင်းတည်း ပဌမရေက်ရှုနည်းမှာ ပြသော်လည်း ဉာဏ်လေးသူ,ဤရန်ကုန်မှာကဲ့သို့ အထူးအမြဲနေ၍ အားထုတ်သူတို့ကား—မှတ်ချက် တခုတခုစီ ထင်မြင်ပေါက်ရောက်ပြီးမှ ရှေ့သို့ တခု တခုစီ အလုပ်တက်ပေးကြ၊မိမိတို့လည်း အားထုတ်ကြပါလေ။

---

## ဒိဋ္ဌိဝိသုဒ္ဓိ,နာမရူပဝဝတ္ထာန–ဥာဏ်ပွါးရန်

ဤဒိဋ္ဌိဝိသုဒ္ဓိ စသောဉာဏ်စဉ်တို့ကိုကား – ဉာဏ်ကြီးသူတို့တရားနာရင်းပင် ဉာဏ်စဉ်ကျော်၍ မဂ်,ဖိုလ်—တို့ကို ထင်မြင်ပေါက်ရောက် သွားနိုင်ကြကုန်၏။ ဉာဏ်သေးသော "နေယျ" ပုဂ္ဂိုလ်တို့ကား—ဆရာ့အထံမှ နည်းခံကျက်မှတ်ကြ၍ အားထုတ်ယူမှသာလျှင်ပေါက်ရောက်နိုင်ကြသောကြောင့် ထိုသူတို့အတွက် ဉာဏ်စဉ်တက်ရန်ကား-

( ၁ ) နာမရူပဝဝတ္ထာနဉာဏ်။
( ၂ ) ပစ္စယပရိဂ္ဂဟဉာဏ်။
( ၃ ) သမ္မသနဉာဏ်။
( ၄ ) ဥဒယဗ္ဗယဉာဏ်။

( ၅ ) ဘင်္ဂဉာဏ်
( ၆ ) ဘယဉာဏ်
( ၇ ) အာဒီနဝဉာဏ်
( ၈ ) နိဗ္ဗိန္ဒဉာဏ်
( ၉ ) မုဉ္စိတုကမျတာဉာဏ်
( ၁၀ ) ပဋိသင်္ခါဉာဏ်
( ၁၁ ) သင်္ခါရုပေက္ခာဉာဏ်

အားဖြင့် အားထုတ်ယူရသော (၁၁)ပါးသော ဉာဏ်တို့တွင်–

၁–နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ကြရန် ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကို အားထုတ်ကြရ၏။

**ဤဒုတိယရက်၌ –အားထုတ်ရန်အစဉ်တို့ကား–**

၁။ ရုပ်နာမ်တို့၌ အတ္တ,အတ္တနိယ–ခွါရန်။
၂။ ရှေ့ကပြခဲ့သော ရှုရန် ၃–ရှိ လမ်းစဉ်သိ–အရတို့၌ အတ္တ,အတ္တနိယ–ခွါရန်။
၃။ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိဖြစ်အောင် ယုံမှားဘွယ် ၈-ပါး တို့၌ ယုံမှားကင်းရန်တို့ပေတည်း။

ဤ ၃-ချက်တို့တွင် (၁) ရုပ်နာမ်တို့၌ အတ္တ,အတ္တနိယ-ခွါရန် ကား-ဒိဋ္ဌိဝိသုဒ္ဓိ-ဖြစ်အောင် အားထုတ်ရသည်။

**ဒိဋ္ဌိဝိသုဒ္ဓိဆိုသည်ကား**·····အမှား စင်ကြယ်ခြင်းကို ဆိုသည်။ အဘယ်၌ ဘာမှားမှ စင်ကြယ်သနည်းဟူမူ, ရှေ့ကဟောပြခဲ့သော ရုပ်,နာမ်-ပရမတ်တို့၌ အတ္တမှားမှစင်ကြယ်ရသည်။

**အတ္တဒိဋ္ဌိ၊ပရမတ်မှား**·····ထို့ကြောင့် ဤဒိဋ္ဌိကို အတ္တဒိဋ္ဌိ-ဟု ဆိုအပ်၏။ ဝါ-ပရမတ်၌ မှားသော ကြောင့်လည်း ပရမတ်မှား သက္ကာယဒိဋ္ဌိ-ဟူ၍ ဆိုအပ်၏။

**အတ္တဟုထင်မြင်ချက်**·····ဤ၌ အတ္တ-ဟု ထင်မြင်ချက်ကား– အနှစ်-ဟု ထင်မြင်ခြင်း ပေတည်း။ ။

ဤအနှစ်အရကို မသိကြသူတို့က ငါတို့ကား-ရုပ်,နာမ်-တို့ကို အနှစ် ဟူ၍၎င်း၊အတ္တ-ဟူ၍၎င်း မထင်မြင်ကြ, မစွဲလမ်းကြပါဟု ထင်နေ တတ်ကြ၏။ စင်စစ်မူကား– ဤအနှစ်အတ္တအရကို သိရှိကြရန် "အတ္တာ,နိစ္စော, ရဝေါ, သဿတော, အဝိပရိဏာမဓမ္မော"–ဟု ဝိဘင်းနှင့် မူလပဏ္ဏာသ–ပါဠိတော်တို့ ပြသည့်အတိုင်း ရုပ်,နာမ်– တို့မှာ မိမိ,သူတပါး,ယောက်ျား, မိန်းမ–စသည် အရှင်ကောင်တို့ အနေနှင့် မပျက်ဘဲ အမြဲတည်နေသည်ဟု ထင်မြင်နေကြသည့် အတိုင်းပင်–

(၁) နိစ္စော=ငါမြဲနေသည်။

(၂) ရဝေါ=ငါခိုင်မာနေသည်။

(၃) သဿတော=ငါထင်ရှားရှိနေသည်။

(၄) အဝိပရိဏာမဓမ္မော=ငါမဘောက်ပြန်ဘဲ ရှိနေသည်။

ဟုထင်မြင်ကြမှု,အနှစ်-အတ္တဒိဋ္ဌိတို့ချည်း ဖြစ်ချက်တို့ပေတည်း။

**တနည်း**……အတ္တာ,သာမိ,နိဝါသီ, ကာရကော, ဝေဒကော, သယံဝသီ-ဟု ဝိသုဒ္ဓိမဂ်, ပဋိသမ္ဘိဒါမဂ်, အဋ္ဌကထာတို့ ပြသည့်အတိုင်း–

(၁) သာမိ=ငါအစိုးရနေသည်။

(၂) နိဝါသီ=ငါအမြဲတည်နေသည်။

(၃) ကာရကော=ငါပြုလုပ်နေနိုင်သည်။

(၄) ဝေဒကော=ငါခံစားနေနိုင်သည်။

(၅) သယံဝသီ=ငါမိမိအလိုကို လိုက်စေနိုင်သည်။

ဟု ထင်မြင်ကြမှု,အနှစ်အတ္တဒိဋ္ဌိတို့ချည်းဖြစ်ချက်တို့ပေတည်း။

## ဒိဋ္ဌိလွတ်ခဲပုံ

**သန်ါရုပေက္ခာဉာဏ် ပေါက်သူပင်လွတ်ခဲပုံ**…ဤ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ-စွဲချက်တို့ကို မင်ဖြင့် မပယ်သေးသော ကျမ်းဂန်တတ်ကြ ကလျာဏပုထုဇဉ်ဖြစ်ကြရုံမက ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ-

တို့ပေါက်ကြ၍ ရှု,ရှုံသာ ရှုနေကြသော ရှုဒ္ဓသောတာပန်တို့ထက်လည်းမကာ, ပေါက်လုနီးသော ပေါက်လှသောတာပန် ဖြစ်ကြအောင် သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်–အလုပ်ကို အားထုတ်ခဲမဲနေသော ယောဂီမြတ်ကြီးတို့သည် ဤ ဝိပဿနာအတွက် ထွက်ပေါ်လာသော မိမိတို့ အရောင်ကို ငါ၏အရောင်ဟု ထင်မြင်မှု, အတ္တဒိဋ္ဌိဖြစ်ကြောင်းကို–

မမ ဩဘာသော ဥပ္ပန္နော့တိ ဂဏှတော ဟိ ဒိဋ္ဌိဂါဟော ဟောတိ။

ဟိ=သာမန်စာတတ် ကလျာဏပုထုဇဉ်တို့ကို မဆိုထားနှင့်ဦး ဒိဋ္ဌိစသော ဝိသုဒ္ဓိပေါက်သူတို့ပင် ဒိဋ္ဌိ ဖြစ်အင်ကို ပြဦးအံ့။ ဥပ္ပန္နော=ဖြစ်ပေါ်လာသော။ ဩဘာသော=ဝိပဿနာ အချက်ဖြင့် ထွက်ပေါ်လာသော အရောင်အလင်းသည်။ မမ=ငါ–ဝိပဿနာဆရာ၏။ ဩဘာသော=အရောင် အလင်းကြီးပေတည်း။ ဣတိ=ဤသို့။ ဂဏှတော=ထင်မြင်ယူဆသော ယောဂီမြတ်ကြီးအား။ ဒိဋ္ဌိဂါဟော=ဒိဋ္ဌိစွဲယူခြင်းသည်။ ဟောတိ=သေသေချာချာဖြစ်၏။

ဟု–ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အတိုင်း သိရှိကြရသဖြင့် မဂ်ကြီးကို မရသမျှ သက္ကာယဒိဋ္ဌိသဘောပေါက်သူတို့ပင် ဒိဋ္ဌိဘေး, အပါယ်ဘေး-ကြီးတို့ကို စိတ်မအေးရသည့်အတွက် ယခု မဂ်ကို မရသေးတယ်လို့ စိတ်မပျက်ကြဘဲ မဂ်ကိုမရလျှင် မနေဟု တိုးတက်၍ တက်၍သာ အားထုတ်ကြပါလေ-ယောဂီမြတ်တွေတို့။

ဒိဋ္ဌိစွဲချက်ပြီး၏။

---

## ရုပ်နာမ်တို့၌ဒိဋ္ဌိစွဲပုံနှင့်ခွါပုံ

**ရုပ်၌အနှစ်အတ္တစွဲချက်**……မိမိတို့ အတွင်း အပြင်ရှိ ရုပ်တို့၌ ဤရုပ် အကောင်အထည်ကြီးတို့သည် မွေးသည်မှစ၍တနည်း,စဖြစ်သည်မှစ၍ ယနေ့အထိ မပျက်

စီးဘဲ တည်မြဲ နေနိုင်သည် ဟု ထင်မြင်မှု, ရုပ်၌ အနှစ်အတ္တ—စွဲချက်ပေတည်း။

**နာမ်၌အနှစ်အတ္တစွဲချက်**·····တဖန် ငါ၏ နာမ် အသက် ဝိညာဏ် တို့သည် မွေးသည် က စ၍ ယနေ့အထိ မသေမပျောက်ဘဲ တည်မြဲပြီး နေနိုင် သည်ဟု ထင်မြင်မှု, နာမ်၌ အနှစ်အတ္တ—စွဲချက်ပေတည်း။

ရုပ်နာမ်တို့၌ ဒိဋ္ဌိစွဲပုံတည်း။

## ရုပ်၌ဒိဋ္ဌိကွာပုံ

ဤလောကကြီး အတွင်း ရှိရှိသမျှသော ရုပ်အကောင် အထည် ပညတ်ကြီးငယ်တို့ အတွင်း၌ကား ရှေးကပြခဲ့သည့်အတိုင်း ပထဝီ ကလာပ်,အာပေါကလာပ်,အကြည်ဓာတ်,အကြည်ဓာတ် တို့သည် ၂၅—မျိုးလောင်သောကြောင့် မြဲနေနိုင်တဲ့ အနှစ်အတ္တနှင့် ဤအတ္တ ဆိုင်ပိုင်တဲ့ အတ္တနိယတို့ မရှိဟု ထင်မြင်မှု, ရုပ်၌ အတ္တဒိဋ္ဌိ ကွာ၏၊ ပျောက်၏။

ရုပ်၌ဒိဋ္ဌိကွာပုံတည်း။

## နာမ်၌ဒိဋ္ဌိကွာပုံ

ငါ၏ သိလုံး အသက် နာမ်ဝိညာဏ်တို့သည် တသက်လုံး တည် နေနိုင်မှာဝေးစွ, လျှာပေါ်က ထမင်းစား စ,မှ စ၍ စားဆုံး ကျအောင်မျှ တည်နေနိုင်ကြသော အနှစ်အတ္တနှင့် ဆိုင်ပိုင်သည့် အတ္တနိယတို့ မတည်ရှိကြ သောကြောင့်—ငါဘာကိုစားပြီ၊ဘာကို စားသည်-ဟူ၍ မသိနိုင်အောင် စားသိနာမ်တို့ ထမင်းအလုပ်တိုင်း အလုပ်တိုင်းတို့မှာ ပျက်ဆုံးလိုက်နေကြသည်ဟု ထင်မြင်မှု,နာမ်၌ အတ္တဒိဋ္ဌိကွာ၏၊ပျောက်၏။

နာမ်၌ဒိဋ္ဌိကွာပုံတည်း။

ကြွင်း ခွါရ ငါးပါး တို့၌ ဖြစ်ပေါ်နေကြသော မျက်စိသိ, နားသိ,နှာခေါင်းသိ,ကိုယ်သိ,မနောသိ—အမျိုးမျိုးတို့ကိုလည်း ငါ-ဘာကိုမြင်သည်, ကြားသည်,နံသည်,တွေ့သည်,ဘာကိုကြံသည် ဟု ပြန်ပြန်ကြည့်လို့ မသိနိုင်အောင်ပင် ထိုထိုနာမ်တရားတို့၏ ခိုင်မြဲနေနိုင်သည့် အနှစ်အတ္တနှင့် အတ္တနိယတို့ မဟုတ်ကြပုံကို မျက်မြင်ဉာဏ်တွေ့အားဖြင့် ထင်ရှားစွာ သိကြပါလေ။

ဤဒိဋ္ဌိဝိသုဒ္ဓိအချက်ကို သိစေလို၍ "အတွင်းရှိခတ်ကလာပ် ကား—ပရမတ်သား။ ။ရှေ့နောက် အစဉ်နှင့် အပေါ်ရံကြောတွင် ထင်မြင်ရသော ပုံသဏ္ဌာန် အကောင်အထည်ဒြဗ်ကား— ပညတ်သား။ ။နှစ်ပါးဉာဏ်မြင်၊ဒိဋ္ဌိစင်။ ။အတ္တထင်လတ်၊ ပရမတ်မှား— သက္ကာယဒိဋ္ဌိမှတ်"ဟု ပြသည့်အတိုင်း ဒိဋ္ဌိကွာပုံ—ဖြစ်ပုံတို့ကို သိကြပါလေ။

ဤသည်တို့ကား-အကျဉ်းဆုံးနည်းတို့ဖြင့် ရုပ်,နာမ်-တို့၌ အတ္တပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိပေါက်ပုံပြီး၏။

---

## အချက် ၃—ပါး အတ္တ,အတ္တနိယ—ခွါပုံ

**ရှုရန် ၃—ရှိ လမ်းစဉ်သိ—ဆိုသည်ကား**····ပဌမအချက် မိမိ အတ္တ,အတ္တနိယ—ခွါရန်နှင့် ပညတ်ခွဲရန်။ ။ဒုတိယအချက် သူတပါးအတ္တ,အတ္တနိယ-ခွါရန်နှင့် ပညတ်ခွဲရန်။ ။တတိယအချက် တစုံတယောက် အတ္တ, အတ္တနိယ—ခွါရန်နှင့် ပညတ်ခွဲရန်တို့တွင်······

မိမိအတ္တ, အတ္တနိယခွါရန် နှင့် ပညတ်ခွဲရန်—ပဌမအချက်ကို လက်တွေ့ဉာဏ်မြင်ပြရမူ······

(၁) မိမိ။ (၂) မိမိ၏, ဆရာမိဘ။
(၃) အစ်ကို,အစ်မ။ (၄) ညီ,ညီမ။
(၅) သား,သမီး,မြေး,မြစ်-စသည်တို့။ (၆) အပေါင်းအဖော်။

ဤမိမိအတ္တ ၁-ချက်နှင့် နောက်၅ ချက်တို့ကား မိမိနှင့် ဆိုင်သော ဆွေမျိုးအပေါင်းအဖော်တို့ပေတည်း။

မိမိပိုင်သော ဥစ္စာပစ္စည်း ၅-ချက်တို့ကား……

(၁) အဆောက်အဦး။ (၂) ရွှေ။
(၃) ငွေ။ (၄) မြေ။
(၅) အသုံးအဆောင်။

စသည်တို့ပေတည်း။

ဤ၁၁-ပါးသော အစဉ်တို့ကို ရမိသိရှိအောင် မိမိတို့လည်း နေ့စဉ်မပြတ် အကျယ်ပြလတ္တံ့အတိုင်း အားထုတ်ထားကြလေ။ သူတပါးတို့အားလည်း ဤ၁၁-ပါးအတိုင်း အလုပ်ပေးကြလေ……။

**အထူးကား**……မိမိတို့ခေတ်ခွဲလိုသော ပညတ်အကောင် အထည်ကြီးတို့ကို ဉာဏ်ဖြင့် ကြောင်ကြောင် ကြည့်၍ သိ၍–ခွဲရမည်။

## အားထုတ်ကြရပုံ

(၁) မိမိ၌ လက်တွေ့ အားထုတ်ရန်မှာ မိမိကိုယ်ကောင် အတွင်းသို့ အရောင်သွင်း၍ ခေတ် ကလာပ် ခွဲရန်ကား–အရောင် ကလာပ်, ပထဝီကလာပ်, အာပေါကလာပ်, အကြည်ခေတ်, အကြည်ခေတ်-တို့သာ၊မိမိကိုယ်ကောင် ပညတ်ကြီး မပါ-ဟု ခွဲပါ။

**တနည်း**……အရောင်ကလာပ်, ပထဝီကလာပ်, အာပေါ ကလာပ်,အကြည်ခေတ်,အကြည်ခေတ်-တို့သည် ၂၅-မီးလောင်သောကြောင့် မြဲနေနိုင်တဲ့ ငါ့အတ္တမဟုတ်၊ ဆိုင်ပိုင်တဲ့ ငါ့အတ္တနိယမဟုတ်–ဟု အတ္တခွါပါလေ….။

(၂) ဆရာအတွင်း အရောင်သွင်း၍ အရောင်ကလာပ်, ပထဝီ ကလာပ်,အာပေါကလာပ်,အကြည်ခေတ်, အကြည်ခေတ်-တို့သာ၊ ဆရာပညတ် မပါ–ဟု ခွဲပါ။ ။တနည်း–အတ္တ, အတ္တနိယ–ခွါ ပါလေ။

အမိအတွင်း အရောင်သွင်း၍ အရောင်ကလာပ်, ပထဝီ ကလာပ်,အာပေါကလာပ်,အကြည်ခေတ်,အကြည်ခေတ်-တို့သာ၊ အမိ ပညတ်မပါ ဟုခွဲပါ။တနည်း-အတ္တ,အတ္တနိယ-ခွါပါလေ……။

အဘာအတွင်း အရောင်သွင်း၍ အရောင်ကလာပ်, ပထဝီ ကလာပ်,အာပေါကလာပ်,အကြည်ဓာတ်, အကြည်ဓာတ်-တို့သာ၊ အဘာပညတ် မပါ-ဟု ခွဲပါ။ တနည်း-အတ္တ,အတ္တနိယ-ခွါပါလေ...။

**မှတ်ချက်**......ရှေ့ကို ရေးပြလတ္တံ့တို့မှာကား ကလာပ်အရကို ဂဏန်းမျှသာပြ၍ ပညတ်တို့ကိုသာ ရေးပြသော်လည်း အားထုတ်သူနှင့် အလုပ်ပြသူတို့ကား မပျင်းမရိ စေ့စေ့ငှငှ ပရမတ် တရားတို့ကို ငါတို့–ဆိုနေကြရပါတကားဟု ဝမ်းမြောက် ဝမ်းသာစွာနှင့် ရွတ်ဆိုခွဲခြားကြပါလေ ယောဂီမြတ်တွေတို့....။

(၃) အစ်ကို,ရှိသမျှ၌ ကလာပ်၃-စားနှင့် အကြည်ဓာတ်, အကြည်ဓာတ်–တို့သာ၊ အစ်ကိုပညတ်တို့မပါ။ တနည်း– အတ္တ, အတ္တနိယ-ခွါပါ။

အစ်မ, ရှိသမျှ၌ ကလာပ်၃-စားနှင့် အကြည်ဓာတ်, အကြည်ဓာတ်–တို့သာ၊ အစ်မပညတ်မပါ–ဟု ခွဲပါ။တနည်း–အတ္တ,အတ္တနိယ- ခွါပါ။

(၄) ညီ,ရှိသမျှ၌ ကလာပ်၃-စား အကြည်ဓာတ်တို့သာ၊ ညီပညတ်တို့မပါ-ဟု ခွဲပါ။ တနည်း– အတ္တ,အတ္တနိယ-ခွါပါ။

ညီမ,ရှိသမျှ၌ ကလာပ်၃–စား အကြည်ဓာတ် တို့သာ၊ညီမပညတ်တို့မပါ–ဟု ခွဲပါ။ တနည်း–အတ္တ,အတ္တနိယ-ခွါပါ။

(၅) သား,ရှိသမျှ၌ ကလာပ်၃–စား အကြည်ဓာတ် တို့သာ၊ သား,ပညတ်တို့ မပါ–ဟု ခွဲပါ။ တနည်း-အတ္တ,အတ္တနိယ–ခွါပါ။

သမီး,ရှိသမျှ၌ ကလာပ် ၃–စား အကြည်ဓာတ် တို့သာ၊သမီးပညတ်တို့မပါ-ဟု ခွဲပါ။ တနည်း–အတ္တ,အတ္တနိယ-ခွါပါ။

မြေး,မြစ်-စသည် ရှိရှိသမျှတို့၌ ကလာပ်၃–စား အကြည်ဓာတ်တို့သာ၊မြေး,မြစ်-စသည်ပညတ်တို့မပါ–ဟု ခွဲပါ။ တနည်း-အတ္တ, အတ္တနိယ–ကိုလည်း ခွါပါလေ..... ။

(၆) မိမိအပေါင်းအဖော် ရှိရှိသမျှတို့၌ ကလာပ် ၃–စားစီ အကြည်ဓာတ်တို့သာ၊ ထိုထိုအပေါင်းအဖော် ပညတ်တို့ မပါ–ဟု

ခွဲပါ။တနည်း-အတ္တ,အတ္တနိယကိုလည်း အပေါင်းအဖော်တို့ စေ့ငှအောင် ခွဲခွါပြီးမှ မိမိတို့ပိုင်သော–

(၁) အဆောက်အဦး။ (၂) ရွှေ။
(၃) ငွေ။ (၄) မြေ။
(၅) အသုံးအဆောင်စသည်။

ဤ ၅–ချက်တို့တွင်–

**အဆောက်အဦးအရ**·····(၁)အဆောက်အဦးအရကား-အိမ်, ကျောင်း, ဇရပ်, စေတီ, ရုပ်ပွါး, ပြုလုပ်ထားတာ ဟူသမျှတို့ကို တခု–တခုစီ အခြောက်ဝတ္ထုတို့ကို အရောင်ကလာပ်, ပထဝီကလာပ်, အကြည်ဓာတ်,အကြည်ဓာတ်-တို့သာ၊ အိမ်ပညတ် မပါ။ ကျောင်းပညတ် မပါ။ ဇရပ်ပညတ် မပါ။စေတီပညတ် မပါ။ ရုပ်ပွါးပညတ် မပါ။ ထိုမှတပါး ပြုလုပ်ထားတာဟူသမျှတို့၏ ပညတ်တို့လည်း မပါ–ဟု စေ့ငှအောင် ပညတ်တို့ကို ခွဲကြလေ။ တနည်း–အတ္တ,အတ္တနိယ–တို့ကိုလည်း ခွါကြပါလေ····။

**ရွှေ-ငွေ-အရ**·····(၂) ရွှေအရကား-ရွှေအတုံး, အခဲ,တန်ဆာ။ (၃) ငွေအရလည်း ရွှေအတူ ၃–စားတို့၌ ကလာပ်၂–စား၊ အကြည်ဓာတ်,အကြည်ဓာတ်-တို့သာ၊ရွှေတုံးပညတ် မပါ။ ရွှေခဲပညတ်မပါ။ရွှေတန်ဆာပညတ် မပါ။ ငွေတုံးပညတ်,ငွေခဲပညတ်, ငွေတန်ဆာပညတ်တို့လည်း မပါ-ဟု တခုတခုစီ စေ့ငှအောင်ခွဲပါ။တနည်း– အတ္တ,အတ္တနိယ ခွါပါ။

**မြေအရ**····(၄) မြေကား–မိမိတို့ပိုင်သမျှ အိမ်မြေ,ကျောင်းမြေ, လယ်မြေ, ယာမြေ, ဥယျာဉ် စသည်တို့၌လည်း ကလာပ်၂–စားနှင့် အကြည်ဓာတ်တို့သာ၊ အိမ်မြေပညတ် မပါ၊ ကျောင်းမြေပညတ် မပါ၊လယ်,ယာ,ဥယျာဉ် စသော မြေပညတ်တို့ မပါ- ဟု တခုတခုစီ စေ့ငှအောင် ခွဲကြလေ။တနည်း–အတ္တ,အတ္တနိယခွါပါ။

**အသုံးအဆောင်အရ**……(၅)အသုံးအဆောင် တို့ကား ဝတ်ရုံဘွယ်နှင့် အိမ်အသုံးအဆောင် အမျိုးမျိုး, စားဘွယ်နှင့် အိုးခွက်စသည်, သောက်ဘွယ်နှင့် ကရားဖလ်ခွက် စသည်-အမျိုးမျိုးတို့၌ အခြောက်ဖြစ်ကြမှု—ကလာပ် ၂—စားနှင့် အကြည်ဓာတ်တို့သာ၊အဝတ်အရုံပညတ်တို့ မပါ၊ အိမ်အသုံးအဆောင် အမျိုးမျိုး ပညတ်တို့မပါ၊ စားဘွယ်နှင့် အိုးခွက်စသည် အမျိုးမျိုးပညတ်တို့ မပါ၊သောက်ဘွယ်ရေ အမျိုးမျိုးတို့၌ ကလာပ် ၂—စားနှင့် အကြည်ဓာတ်တို့သာ၊ အရေဝတ္ထု အမျိုးမျိုး ပညတ်တို့ မပါ—ဟု ခွဲပါ။

အစိုဝတ္ထုတို့ဖြစ်မှု, ကလာပ် ၃—စားနှင့် အကြည်ဓာတ်တို့သာ၊ ထိုထိုပညတ်တို့ မပါ—ဟု ခွဲကြပါလေ……။ တနည်း – အတ္တ, အတ္တနိယ—တို့ကိုလည်း ခွဲကြပါလေ။

ဤသည်တို့ကား-မိမိတည်းဟူသော အတ္တနှင့် မိမိတို့ဆိုင်သည့် ဆွေမျိုး အပေါင်းအဖော် ၅-စား၊မိမိတို့ပိုင်သည့် ဥစ္စာပစ္စည်း ၅-စား၊အတ္တနိယ-များတို့ကို ခွါကြရန်နှင့် ပရမတ်,ပညတ်ခွဲရန် ပြချက်ပြီး၏။

## သုတပါးတို့-အတ္တ,အတ္တနိယ-ခွါရန် ပညတ်ခွဲနည်း

ဒုတိယအချက်ကို လက်တွေ့ပြရမှု……

(၁) သုတပါး။ (၂) သုတပါး၏ ဆရာမိဘ။
(၃) အစ်ကို,အစ်မ။ (၄) ညီ,ညီမ။
(၅) သား,သ္မီး,မြေး,မြစ်- စသည်။ (၆) အပေါင်းအဖော်။

ဤ၆—ချက်တို့ကား သုတပါး အတ္တနှင့် သုတပါးတို့ ဆိုင်ရာ ဆွေမျိုးအပေါင်းအဖော် အတ္တနိယတို့ပေတည်း။

သုတပါးတို့ပိုင်သည့် ဥစ္စာပစ္စည်း ၅—ချက်ကား……

(၁) သုတပါးအဆောက်အဦး။ (၂) ရွှေ။
(၃) ငွေ။ (၄) မြေ။
(၅) အသုံးအဆောင် စသည်တို့တည်း။

ဤ၁၁-ပါးသော သုတပါးတို့ အတ္တ,အတ္တနိယများတို့၏ အကျယ်ကို အားထုတ်ကြရန်ကား–ရှေးကပြခဲ့သည့် မိမိအတ္တ, အတ္တနိယ ပွါးရန် ၁၁–ပါးတို့အတိုင်းပင် စေ့စေ့ငှငှ နေ့စဉ်အားထုတ်ကြပါလေ၊ ယောဂီမြတ်တွေတို့……။

သုတပါးအတ္တ,အတ္တနိယ-နှင့် ပညတ်ခွါနည်းပြီး၏။

---

## တစုံတယောက်တို့အတ္တ, အတ္တနိယ–နှင့်ပညတ်ခွါနည်း

တတိယအချက်ကိုလက်တွေ့ပြရမှု……

(၁) တစုံတယောက်။ (၂) တစုံတယောက်၏ဆရာမိဘ။
(၃) အစ်ကို–အစ်မ။ (၄) ညီ,ညီမ။
(၅) သား,သမီး,မြေး,မြစ်-စသည်။ (၆) အပေါင်းအဖော်။

ဤ ၆-ချက်တို့ကား တစုံတယောက်အတ္တနှင့် တစုံတယောက်တို့ဆိုင်သည့် ဆွေမျိုးအပေါင်းအဖော် အတ္တနိယ-တို့တည်း။

တစုံတယောက်တို့ပိုင်သည့် ဥစ္စာပစ္စည်း ၅-ချက်တို့ကား–

(၁) တစုံတယောက်၏အဆောက်အဦး။ (၂) ရွှေ။
(၃) ငွေ။ (၄) မြေ။
(၅) အသုံးအဆောင် စသည်တို့တည်း။

ဤ ၁၁-ပါးသော တစုံတယောက်တို့၏ အတ္တနှင့် အတ္တနိယ-တို့၏ အကျယ်ကို အားထုတ်ကြရန်လည်း ရှေးကပြခဲ့သော မိမိအတ္တနှင့် အတ္တနိယ ၁၁-ပါးတို့အတိုင်းသာ စေ့စေ့ငှငှ အားထုတ်ကြ–အားထုတ်စေကြလေ။

တစုံတယောက် အတ္တ,အတ္တနိယ-ပြီး၏

---

## တွေ့ရှိသမျှတို့မှာ ပရမတ်,ပညတ်–ခွါရန်

ဤရှေးကပြခဲ့သည့် ရှုရန် ၃–ချက်တို့ကို ရှုကြ၍ ထင်မြင်ပြီးသူ ယောဂီဖြူတို့သည် မိမိတို့ အလိုရှိရာ သွားလာနေထိုင် လုပ်ကိုင်

ကြည့်ရှုရာတိုင်းတို့မှာ တွေ့ရှိသမျှ ထိုထို အကောင်အထည် ဝတ္ထု ပညတ် အထည် ဒြပ်တို့ကိုကြည့်ရှု၍ ဉာဏ်ဖြင့် သိကြ၍ "ကိုယ်တွေ့မျက်မြင် ဉာဏ်စဉ်တက်နည်းတရားကြီး"ဟု အမည်ရသည့် အတိုင်း ကိုယ်တွေ့မျက်မြင် ရှိရှိသမျှတို့၏ အတွင်းသား အကြည်ဓာတ် ကလာပ်တိုင်းတို့မှာ တွေ့မြင်သမျှ ပညတ်တို့မပါ၊ တွေ့မြင်သမျှပညတ်တို့မပါ၊အတ္တ, အတ္တနိယ-တို့လည်း မပါ-ဟု သာမည လည်း ခွဲရပါ၏။

မိမိတို့ တွေ့မြင်ကြရသည့် ဟိုသစ်ပင် ချုံနွယ်တို့၏ အတွင်းသား အကြည်ဓာတ်တို့သာ၊ ဟို—သစ်ပင်ချုံနွယ် ပညတ်တို့မပါ၊ ဟို တောတောင် ဝတ္ထုတို့၏ အတွင်းသား အကြည်ဓာတ်တို့သာ၊ ဟို တောတောင် ပညတ်တို့မပါ။ ဟို-အကောင်မ,အကောင်ထီး-စသော သတ္တဝါကြီးငယ်တို့၏ အတွင်းသားတို့မှာ အကြည်ဓာတ် ကလာပ်တို့သာ၊ဟို……အကောင်မ, အကောင်ထီး-စသောသတ္တဝါ ကြီးငယ်တို့၏ ပညတ်ကြီးငယ်တို့မပါ။အတ္တ, အတ္တနိယတို့လည်း မပါဟု တွေ့မြင်သိရှိတိုင်းတို့မှာ တခုတခုစီ မပျင်းမရိ ဉာဏ်ဖြင့် သိ၍,သိ၍ ခွဲခြားနိုင်ကြကုန်ရာ၏။

ဤသို့ခွဲခြားနိုင်သည့်အတိုင်းနှင့်သာ။

(၁) ငါလုပ်ကိုင်မည်။ (၂) သွားလာမည်။
(၃) နေထိုင်မည်။ (၄) ကြည့်ရှုမည်။

ဟု အဓိဋ္ဌာန်ပြုကာ,ပြုကာ မိမိတို့လည်း အားထုတ်ကြပါလေ။ တပည့်တို့အားလည်း အားထုတ်စေကြပါလေ။ ယောဂီမြတ်တွေ့ တို့……။

တွေ့ရှိသမျှအလုပ်ရနည်းပြီး၏။

---

## လိုရင်းအလုပ်တရားပွါးများထားကြရန်

**ကြို တင်ပွါးများထားမှု**……ဤရှေ့က ပြခဲ့သမျှ တို့တွင် ပဋ္ဌမ အချက်က မိမိနှင့် မိမိ ဆိုင်သည့်

ခွေမျိုးအပေါင်းအဖော်,မိမိပိုင်သည့် ဥစ္စာပစ္စည်းတို့အထဲက မိမိကိုယ်နှင့် မိမိအချစ်အခင်ဆုံးကြီးဖြစ်ကြသော လင်မယား,သားသမီး ပစ္စည်းဝတ္ထုတို့၏ အတွင်းတို့မှာ ခေတ္တမျှတည်ရှိကြသည့် ဓာတ်ကြည်, ကလာပ်ကြည်မျှတို့သာ၊ ထိုထိုအတ္တ, အတ္တနိယ–နှင့် အကောင်အထည် ပညတ်ကြီးငယ်တို့မပါ, မပါ–ဟု ထင်မြင်နေအောင် ကြပ်ကြပ်ကြီး ပွါးများထားကြမှ အမှုကိစ္စတို့နှင့် တွေ့ကြုံလာသောအခါတို့မှာ တော်ရုံသာရှိနိုင်ကြကုန်ရာ၏။ မပွါးကြဘဲနေပါမူ, နောင် ချစ်ခင်သူတို့အတွက် အမှုကိစ္စကြီးတို့ အဝဝတို့နှင့် ကြောက်မက်ဖွယ် တွေ့ကြုံကြရမည်။ဟာရို့ရဲ့……။

**စောစောကသတိပြု**……ထိုအခါတို့မှာ ဘေးဒုက္ခ အမျိုးမျိုး၊ အလွန်အမင်း ပင်ပန်းရတဲ့ ဥပါယာသမီးအမျိုးမျိုးတို့က ဆက်လက်ကြပြီး သေပေါက် သေဝကြီးတို့မှာ မကြာခင်အပါယ်ကျအောင် ထိုထိုချစ်သူတို့နှင့် စော……ဘုရားထင်နေကြသော မိမိကိုယ်ခန္ဓာကြီးတို့က အခွင့်ရလျှင်ရခြင်း နေ့ညဉ့် မဆိုနာဘေးကြီး အမျိုးမျိုး,သေဘေးကြီးအမျိုးမျိုး, အပါယ်ဘေးကြီးအမျိုးမျိုး–တို့ဖြင့် နှက်ကြရန် အချက်ရှိသမျှတို့ကို မရ, ရသာ အမြဲပင် အခွင့်ရှာနေကြတယ် ဟာရို့ရဲ့……၊ စောစောကသတိကြီးကြီး ထားကြပါလေ။

သို့အတွက် မိမိတို့ ယခုအလွန်တရာမှ ကောင်းမြတ်လှ မြင့်မြတ်လှသောဘဝ အကောင်းဆုံးကြီးတို့ကို ရနေကြသည့်အခါတို့မှာ မရ–ရသာ အခွင့်ကောင်းနှင့် အားလပ်တဲ့ ကာလကောင်းကြီးများကို ရှာကြပြီး ရှေးကပြခဲ့သည့် မိမိနှင့် အချစ်အခင်ဆုံးဖြစ်ကြသော လင်မယား,သားသမီး,ပစ္စည်း ဝတ္ထုတို့ကို အတ္တ,အတ္တနိယ–ကွာကြအောင် နာဘေးဆိုးကြီးတို့က မဦးခင်, သေဘေးဆိုးကြီးတို့က မဦးခင်–ကြပ်ကြပ်ကြီး ကြိုတင်၍ အားထုတ်ကြပါလေ၊ သူတော်ကောင်းတွေတို့……။

ဩော်–သို့ကလောက်တိုက်တွန်းပါလျက် လျော့ပေါ့၍သာ နေကြပါမူ, မျက်မှောက်တို့မှာလည်း ထိုထိုဒုက္ခတို့ကို ခံကြရပြီ၊

အပါယ်သို့ချည်း ကျကြရမည်။ ဒုက္ခ-ဒုက္ခ-ဒုက္ခ-ဒုက္ခ-ဟူ၍သာ ကရုဏာရှေ့ထားကာ ညည်းတွားလိုက်ရပေတော့သတည်း။

ဘေးကင်းတရား ပွါးများရန်ပြီး၏။

ဤဒိဋ္ဌိဝိသုဒ္ဓိပေါက်ကြသော ဉာဏ်ကို ပညတ်မှ အသီးထုတ်၍ နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိရသောကြောင့် "နာမရူပ ဝဝတ္ထာန ဉာဏ်"ဟူ၍၎င်း၊တနည်း—ပညတ်မှတပါး နာမ်,ရုပ် သင်္ခါရတရားတို့ကို ပိုင်းခြား၍ သိတတ်သောကြောင့်လည်း"သင်္ခါရပရိစ္ဆေဒ ဉာဏ်"ဟူ၍၎င်း သိအပ်၏—မိန့်အပ်၏။

(နာမရူပ ဝဝတ္ထာနဉာဏ်စခန်း-နိဋ္ဌိတံ)

---

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိအလုပ် အားထုတ်ရန်

**ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုသည်ကား**……ယုံမှားခြင်းမှ စင်ကြယ်ခြင်းကို ဆိုသည်။ အဘယ်၌ ယုံမှားခြင်းမှ စင်ကြယ်သနည်းဟူမူ, ဤယုံမှားခြင်းအရကို သိစေလို၍—။

သုံးရတနာ၊သိက္ခာပုဗ္ဗံ၊ အပရံန္တင့်၊ ပုဗ္ဗံပရ၊ ပဋိစ္စ၊ ရှစ်ဝယုံမှားခြင်း—ဟု ပြအပ်သည့်အရ……

| | | |
|---|---|---|
| (၁) ဘုရား။ | (၂) တရား။ | ဤ ၈—ပါး တို့တည်း။ |
| (၃) သံဃာ။ | (၄) သိက္ခာ။ | |
| (၅) အတိတ်။ | (၆) အနာဂတ်။ | |
| (၇) ပစ္စုပ္ပန်။ | (၈) ပဋိစ္စသမုပ္ပါဒ်။ | |

ဤ ၈—ပါးတို့တွင်—

(၂) **တရား၌ ယုံမှားကင်းပုံ**…ယောခေါ ဝက္ကလိဓမ္မံ ပဿတိ သော မံပဿတိ-ဟုဟောတော်မူသည့်အရ ငါ့တရားအစစ်ကို သိကြပါမူ,ငါ—ဘုရားအစစ် ဖြစ်သည်—မဖြစ်သည်ကို သိကြရလိမ့်မည်—ဟု အမိန့်တော်အတိုင်း တရား၌ ယုံမှားကင်းပုံကား ရှေးဦးအစ ပဌမဒိဋ္ဌိဝိသုဒ္ဓိက ပေါက်

ရောက်ခဲ့သော ခါတ်ကလာပ် ပရမတ်အစစ်တရားတို့သည် မြဲနေနိုင်တဲ့ အနှစ်အတ္တတို့ဘာတခုမျှမရှိကြသည့် အနတ္တတရား အစစ်တို့သာတည်း။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အစစ်တို့သာတည်း–ဟုတရားတော်၌ ယုံမှားကင်းရာ၏။

**(၁)ဘုရား၌ယုံမှားကင်းပုံ**…ဝင်းနောက်-(၁) ဘုရား၌ ယုံမှားကင်းပုံကား– ရှေးဦးစွာတရားအစစ်၌ ယုံမှားကင်းသောအခါ ဤဘုရားကိုယ်တော်မြတ်ကြီးသည် ထိုထိုပရမတ် ပညတ်တို့ကို ပိုင်းခြား၍ အနတ္တတရားအစစ်တို့ကို အဟုတ်သိတဲ့ ဗုဒ္ဓ-အဟုတ်သိတဲ့ဗုဒ္ဓ-ဟု ဘုရား၌ ယုံမှားကင်း၏။

**(၃) သံဃာတော်၌ယုံမှားကင်းပုံ**……ဤဘုရားနှင့်တရားတို့၌ ယုံမှားကင်းသောအခါ ထိုတပည့်သား သံဃာတော်တို့သည် ဘုရားအစစ်, တရားအစစ်-တို့ကို ယုံယုံကြည်ကြည်နှင့်ကောင်းစွာကျင့်သော သုပ္ပဋိပန္နဂုဏ်၊ ဖြောင့်မတ်စွာကျင့်သော ဥဇုပ္ပဋိပန္နဂုဏ်၊ လောကုတ္တရာတရားတို့နှင့် လျှော်စွာ ကျင့်သော ဉာယပ္ပဋိပန္နဂုဏ်၊ အရိုအသေကျင့်သော သာမိစိပ္ပဋိပန္နဂုဏ်–စသည့်တို့နှင့် ပြည့်စုံတော်မူကြသော''အရိယာ သံဃာတော် အစစ်တို့တည်း''–ဟု ယုံမှားခြင်းကင်းကြရသော ယောဂီသူမြတ်တို့သည် ဘုရားအစစ်ကိုဝင်း၊ တရားတော်အစစ်ကိုဝင်း၊အရိယာသံဃာတော် အစစ်တို့နှင့်တကွ အရိယာလောင်း သမ္မုတိ-သံဃာတော်အပေါင်းတို့ကိုဝင်း ထိထိရောက်ရောက်ရှိခိုးရခြင်း၊ လှူဒါန်းရခြင်း၊ ပူဇော်ရခြင်း၊ မြတ်နိုးရခြင်း–တို့၌ မရောင့်ရဲနိုင်အောင် ထူးကဲသော သဒ္ဓါတရားဖြစ်ပွါးလာကုန်၏။

**(၄) သိက္ခာ၌ ယုံမှားကင်းပုံ**……ဤ ယုံမှား ကင်းပြီးသော ဘုရားနှင့် အရိယာ သံဃာတော်တို့သည် ကျင့်ကြံအားထုတ်ကြ၍ ပေါက်ရောက်လာကြသော အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ–တို့သည်

လည်း မဂ်,ဖိုလ်,နိဗ္ဗာန်- ထိအောင် ရရှိနေကြသောကြောင့် ဖြောင့်မှန်သော သိက္ခာတို့ချည်းတည်း-ဟု သိက္ခာတို့၌ ယုံမှားခြင်း ကင်းကြရ၏။

**ကာလ ၃-ပါး၌ ယုံမှားကင်းပုံ ဥပမာ** .....ရင်းနောက် (၅) (၆)(၇) နံပါတ်

တို့ အရ ကာလ၃—ပါးတို့၌ ယုံမှားကင်းပုံ ဥပမာ—ထန်းဖိုပင်တို့ မသီးကြ-ဟု ယုံမှားကင်းသောသူတို့သည် အခြားသူက ယုံမှားဘွယ်ဖြစ်အောင် ရာ,ထောင်မက ထိုထန်းဖိုသီးနှင့်စပ်၍ ပြောပြောသမျှတို့ကိုသို့လောသို့လောယုံမှားခြင်းမရှိသလို အတိတ်ကာလက ရုပ်,နာမ်,၊ အနာဂတ် ကာလက ရုပ်,နာမ်၊ ပစ္စုပ္ပန်ကာလက ရုပ်, နာမ်-တို့အတွင်းမှာအနှစ်:အတ္တ,အတ္တနိယ-နှင့် ငါသူတပါး စသော ပညတ္တ တို့မရှိကြဟု ဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ်က အတန်တန်သိရှိ ပေါက်ခဲ့သူ ယောဂီပုဂ္ဂိုလ်တို့သည် ထိုထိုအတ္တ ပညတ္တ-တို့နှင့် စပ်၍ ကာလ ၃-ပါးတို့မှာ ယုံမှားဘွယ်ဖြစ်အောင် ကျမ်းစာမှာပါတဲ့ ၁၆—ပါးသာ မက၊ရာထောင်ပင် တွေ့ကြုံကြ ပြောဆိုကြသမျှတို့ကို အတိတ်ကာလ၌လည်း ပရမတ်နယ်မှာ ငါဖြစ်, မဖြစ်-အရကို ယုံမှားကင်းကြ၏။အနာဂတ်ကာလ၌လည်း ငါဖြစ်, မဖြစ်ကို ယုံမှားကင်းကြ၏။ ပစ္စုပ္ပန်ကာလ၌လည်း ငါဖြစ်,မဖြစ်ကို အကုန်လုံး ယုံမှားကင်းကြရ၏။ ဤကာလ ၃-ပါးတို့၌ ယုံမှား ကင်းကြပါမူ ဤလောက ရှိရှိသမျှသော မိစ္ဆာဝါဒတို့လည်း ကင်းကုန်၏။

## မိစ္ဆာဝါဒ အစားစားနှင့် ဖြေကြားချက်

ဤကမ္ဘာ လောကကြီးမှာ မိစ္ဆာဝါဒ အမျိုးမျိုးတို့ ဖြစ်ကြ၍ အချင်းချင်း မေး,ဖြေကြ၊ ငြင်းခုံကြရာတွင် ဘုရားပွင့်လာမှ သာသနာ မရှိသည့် ရသေ့ ပရိဗိုဇ် တက္ကတွန်း စသည်တို့ကရင်း၊ သာသနာတွင်းရှိ လူ, ရှင်, ရဟန်း— စသည်တို့ကရင်း ဘုရားကို မေးမြန်းကြကုန်၏။

## ဝစ္ဆဂေါတ္တ ပရိဗိုဇ်က ဘုရားအားမေးလျှောက်ပုံ

အရှင်ဘုရား၊ လောကသည် မြဲသလော။ မမြဲဘူးလော။ လောက သည် အဆုံးရှိသလော။ မရှိဘူးလော။ (၄-ချက်။)

အရှင်ဘုရား၊ ထို"အသက်"သည်ပင်လျှင် အတ္တဖြစ်သလော၊ ဝါ-ကိုယ်ဖြစ်သလော။ သို့မဟုတ် အသက်တခြား, အတ္တတခြား၊ ဝါ-ကိုယ်တခြားစီဖြစ်သလော။ (၂-ချက်။)

အရှင်ဘုရား၊ သတ္တဝါသေသည်မှ နောက်၌ ဖြစ်သေးသလော၊ မဖြစ်ဘူးလော။ သတ္တဝါသေသည်မှ နောက်၌ ဖြစ်သည်လည်း ဖြစ်၏၊ မဖြစ်သည်လည်းဖြစ်၏လော။ သတ္တဝါသေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဘူးလော။ (၄-ချက်။)

ပေါင်း အမေး (၁၀)ချက်တို့ကို အကျိုးမများ အပြစ် ပွါးလေသောကြောင့် ငါ…မဖြေကြားဟု ပယ်ရှားတော်မူ၏။

**အကြောင်းမူကား**……ဤအမေး (၁၀) ချက်တို့သည် ဒိဋ္ဌိတို့ ပညတ်နယ်က ယူဆကြသောကြောင့် ၎င်း၊ ပရမတ်နယ်မှာ လောကမရှိ, အသက်မရှိ, ကိုယ်မရှိ, သတ္တဝါ တို့မရှိ-သောကြောင့်၎င်း၊ မေးလျှောက်ကြသော ထိုထိုလောက အရေနှင့်၎င်း၊ အသက်, ကိုယ်, အရေနှင့်၎င်း၊ သတ္တဝါတို့ဖြစ်-မဖြစ်အရေ နှင့်၎င်း ပရမတ်တို့နယ်မှာပြောဟောဘွယ်မရှိ၍ ငါ…… မဟောဟု ပယ်တော်မူ၏။

**ဥပမာ**……ထန်းဖိုပင်မှာ ထန်းသီးနှင့်စပ်၍ ပြောဆို အပ်သော စကားမရှိသလိုပင်တည်း၊

**အဗျာကတသံယုတ်အနုရာဓသုတ်**……အဗျာ ကတ သံယုတ် အနုရာဓသုတ်၌ သတ္တ ဝါဟူသည်ကို ပရမတ်တရားတို့လို မှန်သောအားဖြင့် ဟုတ်သော

အားဖြင့် မရအပ်ပါဘဲလျက် ဘယ်အတွက်ကြောင့် သတ္တဝါတို့ သေသည်မှနောက်၌ ဖြစ်,မဖြစ်–စသည်ကို မေးနေဘွယ်,ဖြေနေဘွယ်–မရှိကြောင်းကို အနုရာဓမထေရ်အား ဟောကြားသောကြောင့်လည်း ရှေ့ကပြခဲ့သည့် ကာလ ၃-ပါးတို့မှာ ယုံမှားခြင်းကင်းကြပုံကို သိကြပါလေ။

ဤကား-မိစ္ဆာဝါဒအဝဝတို့၌ ယုံမှားကင်းပုံအကျဉ်းချုပ်တည်း။

## ပဋိစ္စသမုပ္ပါဒ် တရား၌ ယုံမှားခြင်းအစားစားကင်းပုံ

**ပဋိစ္စသမုပ္ပါဒ်ဆိုသည်ကား**……အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတို့ကို ဆို၏။ ဤဝိသုဒ္ဓိအရာဝယ် ရုပ်၌ ကံ,စိတ်,ဥတု, အာဟာရ-(၄)ပါး။ နာမ်၌ ဝတ္ထု,နှင့်အာရုံ ၂-ပါး အကြောင်းများကို အကျဉ်းနည်းဖြင့် သိအပ်၏။

**သိပုံ**……သတ္တဝါစသည်တို့သည် တစုံတယောက် ဖန်ဆင်း၍လည်း မဖြစ်၊ ရှေ့က ပြခဲ့သော အကြောင်းတို့ကြောင့်သာ ဖြစ်ကြသောကြောင့် ထိုအကြောင်းတို့ဝွင်-

**ကံပဋိစ္စအကြောင်းကား**……ထိုထို အတိတ်ကံကြောင့်ပစ္စုပ္ပန် ရုပ်, နာမ်–အကျိုးဝိပါက်ဖြစ်၏။ တဖန် ပစ္စုပ္ပန်အကျိုးကြောင့် ကုသိုလ်, အကုသိုလ်ကံ–အကြောင်း ပြုပြန်၏။ တဖန် ပစ္စုပ္ပန်ကံတို့ကြောင့် အနာဂတ်ကာလမှာ ရုပ်, နာမ်– အကျိုးဝိပါက် ဖြစ်လတ္တံ့၊ တဖန် အနာဂတ်အကျိုးဝိပါက်ကြောင့်လည်း ထိုထိုကံတို့ကိုပြုပြန်လတ္တံ့။ ဤသို့ ပဋိစ္စသမုပ္ပါဒ်တို့ကံ အကြောင်းအကျိုး အဆက်ဆက်တို့ ဖြစ်နေချက်တို့ကို သိကြပါလေ။

**စိတ်ပဋိစ္စသမုပ္ပါဒ်**…… စိတ်ပဋိစ္စတို့အကြောင်းကို ကျမ်းဂန်တို့မှာ အကျယ်ပြသော်လည်း မျက်မြင်ကိုယ်တွေ့အားဖြင့် အကျဉ်းပြရမူ, စိတ်တို့က နှစ်သက် ဝမ်း

ပြောက်ကြမှု, ရွှင်ရုပ်,လန်းရုပ်တို့ဖြစ်ကြ၏။ စိတ်တို့က နောက်ကျူ နေကြမှု ရုပ်တို့ကလည်း ဆိုးရုပ်,ညှိုးရုပ်, မှုန်ကုပ်ကုပ်ရုပ်-စသည် ဖြစ်လာပုံကို ကြည့်ကြ၍ ထိုသူတို့၏ စိတ်က အကြောင်းဖြစ်နေ ပုံကို လူကိုမဆိုထားနှင့်ဦး တိရစ္ဆာန်တို့ပင် သိနေကြသည်၊ သိနိုင် ကြသည်- ဟု မှတ်လေ ....။

**ဥတုပဋိစ္စသမုပ္ပါဒ်**.....ဥတုပဋိစ္စတို့ ဖြစ်ပုံကို ကျမ်းဂန်တို့မှာ အမျိုးမျိုး ပြကြသော်လည်း မျက်မြင် ဉာဏ်တွေ့အားဖြင့် အကျဉ်းပြရမှု, ဆောင်း, နွေ, မိုးယ်း—၍ဥတု ၃—ပါးတို့၌ ရှိကြသော အပူ,အအေး ဥတုအကြိုက်သို့ လိုက်၍ သတ္တလောက,ဩကာသလောက—ရှိရှိသမျှသော သတ္တဝါ,သင်္ခါရတို့၌ ရုပ်,နာမ်-တို့သည် တိုးတက်ကြီးပွါးကြ၍ ရွှင်လန်းလာကြသည်။ အရွက်, အညွန့်,အပွင့်,အသီးများ အစားစားတို့ တိုးတက်ဖြစ်ပွါး လာခြင်း စသည်တို့ကို မျက်မြင်ဉာဏ်တွေ့ သိရှိအပ်၏။ ဝါ၊သိရှိကြ ပါလေ။တဖန် မိမိမကြိုက်သော ဥတုကြောင့် သတ္တဝါ,သင်္ခါရ-တို့ ၌ ရုပ်,နာမ်-တို့သည် ဆုတ်ယုတ်ညှိုးနွမ်းကြသည်။ အရွက်, အပင် တို့ ရင့်ရော်ကြွေကျ ခြောက်သွေ့ကြခြင်း စသည်တို့ကို မျက်မြင် ဖြင့်ပင် ဥတုကြောင့် ရုပ်တို့ဖြစ်ပျက်ပုံကို သိအပ်၏။

**အာဟာရပဋိစ္စသမုပ္ပါဒ်**.....အာဟာရ ပဋိစ္စတို့ဖြစ်ပုံကို မျက် မြင် ကိုယ်တွေ့အရ အကျဉ်းပြရ မှု,မိမိတို့နှင့် သင့်တင့်လျော်ကပ်သော ဆေးအစာအာဟာရတို့ ကို စားသောက်ထိုးနှံ့ လိမ်းကျံကြရသော အခါတို့မှာ မကြာမီ ထိုရုပ်နာမ်တို့သည် ဝပြိုး ရွှင်လန်းကျန်းမာလာသည်ကိုရင်း၊မသင့် တင့်သော ဆေးအစာအာဟာရတို့ကို စားသောက်ထိုးနှံ့ လိမ်းကျံ ရသော အခါတို့မှာလည်း ထိုရုပ်နာမ်တို့မှာ မကြာမီ ပိန်ချုံး ညှိုးနွမ်း မကျန်းမမာလာသည်တို့ကိုရင်း မျက်မြင်ပင် အာဟာရ အကြောင်းတို့ကို သိရှိနိုင်ကြရ၏။

**နာမ်ပဋိစ္စသမုပ္ပါဒ်**……နာမ်ပဋိစ္စတို့ ဖြစ်ပုံကို ကျမ်းဂန်တို့မှာ အမျိုးမျိုး ပြကြသော်လည်း မျက်မြင် ဉာဏ်တွေ့အားဖြင့် အကျဉ်းပြရမူ, မျက်စိနှင့် အဆင်း ပဋိစ္စတို့ ကြောင့် မြင်,သိနာမ် အကျိုးသမုပ္ပါဒ်ဖြစ်ရသည်။နားနှင့် အသံပဋိစ္စ တို့ကြောင့် ကြား,သိနာမ် အကျိုးသမုပ္ပါဒ်ဖြစ်ရသည်။ နှာခေါင်းနှင့် အနံ့ ပဋိစ္စတို့ကြောင့် နံ့,သိနာမ် အကျိုးသမုပ္ပါဒ်တို့ ဖြစ်ရသည်။ လျှာနှင့် အရသာ ပဋိစ္စတို့ကြောင့် စား,သိနာမ် အကျိုးသမုပ္ပါဒ်တို့ ဖြစ်ရသည်။ကိုယ်နှင့် အတွေ့ ပဋိစ္စတို့ကြောင့် တွေ့,သိနာမ် အကျိုး သမုပ္ပါဒ်တို့ ဖြစ်ရသည်။ မနောနှင့် ဓမ္မာရုံပဋိစ္စတို့ကြောင့် ကြံ,သိနာမ် အကျိုးသမုပ္ပါဒ်တို့ ဖြစ်လာကြရသည်တို့ကို မျက် မြင်ဉာဏ်တွေ့ ဖြစ်ကြအောင် ရှေ့က ပြခဲ့သည့်အတိုင်း ကြည့်ကြ သိကြပါ ဟာရို့ရဲ့……။

ပဋိစ္စသမုပ္ပါဒ်နည်းပြီး၏။

**ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်**……ရှေ့က ပြခဲ့ပြီးသော ယုံမှားဘွယ် ၈-ပါး တို့၌ ယုံမှားခြင်းတို့ အဟုတ်ကင်းကြသော ယောဂီမြတ်တို့သည် ကင်္ခါဝိတရဏာဝိသုဒ္ဓိ အစစ် ဖြစ်၏ဟု သိကြပါလေ။ ဤဉာဏ်ကို ထိုထို ရုပ်,နာမ်-တို့၏ အကြောင်းတို့ကို သိမ်းဆည်းသောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ် ဟူ၍ဆိုအပ်၏။ တနည်း–အကျိုးတရားတို့၏ တည်ရာဖြစ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လည်းမည်၏။

ပစ္စယပရိဂ္ဂဟ ဉာဏ်စခန်း ဤတွင်နိဋ္ဌိတံ။

---

## ရုဋ္ဌသောတာပန်ဖြစ်,မဖြစ်ကို သိရပုံ

ရှေ့ကပြခဲ့သော ဒိဋ္ဌိဝိသုဒ္ဓိ,က နာမရူပပရိစ္ဆေဒဉာဏ်၊ ဤ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ,က ပစ္စယပရိဂ္ဂဟဉာဏ်-ဤ ဉာဏ် ၂–ပါး တို့ အဟုတ်အဟုတ် ပေါက်ရောက်ကြ၍ တည်တံ့နေသော ယောဂီမြတ်တွေကား– သောတာပန်ကြီးကဲ့သို့ သုဂတိလားရော

မြဲသောကြောင့် "ရှုဋ္ဌသောတာပန်" ဝါ-သောတာပန်ကလေး ဟု မဟာဋီကာ မိန့်မှာတိုင်း မိမိတို့ကိုယ်ကို မိမိတို့ ရှု,မရှု ကိုသိကြရန် ၎င်းမဟာဋီကာ၌ပင်–

အပရိဟီနကင်္ခါဝိတရဏာဝိသုဒ္ဓိကော ဝိပဿကော လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ သမန္နာဂတတ္တာ ရှုဋ္ဌသောတာပန္နော နာမ ဟောတိ။

ဝိပဿကော=ဝိပဿနာယောဂီသည်။အပရိဟီနကင်္ခါဝိတရဏာ ဝိသုဒ္ဓိကော=တသက်လုံးမဆုတ်ယုတ်သော ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ–ဒိဋ္ဌိဝိသုဒ္ဓိရှိ၍။ လောကိယာဟိ=လောကီ ဖြစ်ကုန်သော။ သီလ သမာဓိ ပညာ သမ္ပဒါဟိ=ပြည့်စုံ စင်ကြယ်သော သီလ, သမာဓိ,ပညာ တို့နှင့်။ သမန္နာဂတတ္တာ=ပြည့်စုံသောကြောင့်။ရှုဋ္ဌ သောတာပန္နောနာမ=ရှုဋ္ဌသောတာပန်မည်သည်။ ဝါ=သောတာ ပန်ကလေးမည်သည်။ ဟောတိ=ဖြစ်ရလေ၏။

ဟု မိန့်တော်မူတိုင်း ရှုဋ္ဌသောတာပန်အစစ်တို့ကား-

(၁) ရှေ့ဝိသုဒ္ဓိဉာဏ် ၂-ပါးတို့အမြဲတည်ရမည်။
(၂) စင်ကြယ်သော သီလ,သမာဓိ,ပညာ–ရှိရမည်။

ဤအင်္ဂါ ၂–ပါးရှိကြမှသာ ရှုဋ္ဌသောတာပန် အစစ် ဖြစ်၏။ မရှိမူ ထိုရှုဋ္ဌသဒ္ဒါက သောတာပန်ကလေးကို မဟောတော့ဘဲ "ရှုဋ္ဌလိပ်" ကိုဟောတဲ့ 'လိပ်, သောတာပန်' ဖြစ်နေတတ်ကြသည် ဟာရို့ရှဲ··။သို့အတွက် သူတပါးကိုတော့ ဘာမျှမပြောဆိုကြဘဲ မိမိ တို့သာ ငါ-ရှုရဲ့လား၊ မရှုဘူးလား–ဟု ရှေ့ကပြထားသော အင်္ဂါ ၂-ချက်ကိုကြည့်၍ ငါ-ရှုသည်ဟုထင်မူ, ကိုယ့်လူ အချင်းချင်းတို့ တိုးတိုးတိတ်တိတ်သာ ရှုကြပါလေ စိတ်ကောင်းရှိသူ ယောဂီဖြူ တို့······။

(ကင်္ခါဝိတရဏာဝိသုဒ္ဓိပြီး၏။)

## သမ္မသနဉာဏ်အစ-လက္ခဏာရေး ၃–ပါးကိုပြရန်

ဤတတိယရက် ပွါးများရန်ကား……

(၁) ကမ္မဋ္ဌာန်းအားလုံးရှိရုပ်,နာမ်-တို့ဖြစ်ပျက်ကိုတချက်တည်း မျက်မြင်ဉာဏ်တွေ့ ရှုရန်။

(၂) မျက်မြင်ဉာဏ်တွေ့ဖြစ်အောင် အမှုအရာပျက် ၄-စား တို့ဖြင့် အားထုတ်သွားရန်။

(၃) ဝိပဿနာဉာဏ် နှိုးရန် လက်ာရ။

ဤ ၃-ချက်တို့တွင် ပဌမအချက် ရှုရန်တို့ကား-ရှေ့ပဌမရက် က ပြခဲ့တိုင်း အကျယ်ကိုလည်း ကြည့်ပါ။ယခု……

(၁) က-အမှတ် က-အခြောက်ကလာပ်ရုတစား။
(၂) ခ -အမှတ် က-အရေကလာပ်ရုတစား။
(၃) ဂ -အမှတ် က-အစိုကလာပ်ရုတစား။
(၄) ဃ-အမှတ် က-အရောင်ကလာပ်ရုတစား။
(၅) မှောင်ကလာပ်ရုတစား။

အားဖြင့် ဤကလာပ်၅-မျိုး ၅-စားတို့သည် တခုနှင့် တခုတို့ ထိစပ်ကြခါ တည်ရှိနေကြသည်ကို မျက်မြင် ဉာဏ်တွေ့အားဖြင့် အမှန်အတိုင်းတို့ကို သိရှိရပေသောကြောင့် အပိုင်းအခြား မရှိ သော ထိုထိုစကြဝဠာတိုက်ရှိ ရှိသမျှ အကုန်လုံးတို့သည် ကလာပ် တိုက်,ခဲတ်တိုက်,ပရမတ်တိုက်–ကြီးတို့ ဖြစ်နေကြသည့် ရုပ်– တရားတို့ကို အလုပ်,လုပ်ကြည့်၍ ယခုမျက်မြင်ဉာဏ်တွေ့ အကျဉ်း နည်းအားဖြင့် သိရှိရပြန်၏။

ထိုမှတပါး ရှေ့ပဌမရက်က ပြခဲ့သော"ဒွါရ"၆-မျိုးတို့မှာ ဖြစ် ပေါ် သိရှိနေကြသော အသိနာမ် ၆–မျိုးတို့ကိုလည်း ယခုမျက်မြင် ဉာဏ်တွေ့အကျဉ်းနည်းအားဖြင့် ရှုကြည့်ကြမှု-သိရှိနိုင်ကြရာ၏။

**ဝိပဿနာရှုရန်**·····ဤရုပ်နာမ်တို့၌ ဝိပဿနာရှုရန်မှာ ဤယခု ထင်မြင်နေသော ကလာပ်တိုက်, ခဲတ် တိုက်–ကြီးတို့၏"အနေအထား သဘောသွားနှင့် အလားအလာ

ဤသုံးဖြာ ရုပ်မှာမြင်အောင်ရှု''အရ အနေအထား သဘောသွား တို့ကို ရှုကြည့်ရပုံကား……။

**အနေ**……ကလာပ်တိုက်ကြီးတို့ ဖြစ်နေကြသော ဤစကြဝဠာ ကမ္ဘာကြီးတို့အတွင်းမှာ အချင်းချင်းထိနေကြသော ကလာပ်မှုန့်တို့ကို မိမိတို့သဘောအတိုင်း ရှိနေကြသောကြောင့် ''အနေ''ဟု ဆိုအပ်၏။

**အထား**……တဖန် ဤစကြဝဠာ ကမ္ဘာတိုက်ကြီး အတွင်းရှိ ဓာတ်ကလာပ်တို့ကို မထင်မြင်ရအောင် ထိုထို အကောင်ကြီးငယ် ဝဏ္ဏပြဟုဆိုအပ်သော ဃနပညတ်တို့က ဖုံး ကွယ်ထားကြသောကြောင့် ''အထား''ဟု ဆိုအပ်၏။

**သဘောသွား**……တဖန် ဤစကြဝဠာတိုက် အတွင်းရှိ ရှိသမျှ သော ဓာတ်ကလာပ်တို့သည် အထည်ဒြပ် မပ၊၊ ပရမတ္ထမျှ သဘောသက်သက်မျှ ဖြစ်ကြသည့် နူးညံ့သော ရုပ်တို့သဘောသွားကိုရင်း၊ ထိုထိုကလာပ်တို့သည် အနည်းဆုံး ရုပ်၈-ခုစီ ရှိကြ၏၊ ထိုထိုကလာပ်တို့ ဖြစ်ပေါ်စ ဥပါဒ်အခါမှာ ဇာတိမီး ၈-ခု ၈-မီးလောင်၍ ကုန်ဆုံးရ၏။ တဖန် အလယ် ဌီ အခိုက်မှာ ဇရာမီး ၈-မီးသောင်၍ကုန်ဆုံးရ၏။တဖန်နောက်ဘိတ် ဆုံး ဘင်–အခိုက်မှာ မရဏမီး ၈–မီးလောင်၍ ကုန်ဆုံးရ၏။

ထို့မှတပါးသော ထိုထိုကလာပ်တိုင်းတို့မှာပါသည့် သိတ,ဥဏှ- ဖြစ်နေသောတေဇောမီးကလည်း အတူဖြစ်နေကြသော ရုပ်တို့ကို လောင်၍ ကုန်ဆုံးရ၏။ ဤသဘောမျှ ကလာပ်မှုန့်ကလေးတို့ကို ၂၅-မီးစီ လောင်ကြ၍ တရှုရှု,တမွှမွှ ချုပ်ပျက်နေကြသော ရုပ်တို့ ၏ သဘောသွားကိုရင်း သိအပ်၏။

ထိုထိုနာမ်တရားတို့ကလည်း ရုပ်တို့ကဲ့သို့ စုပေါင်း၍ ဖြစ်ကြ သည်ကို''စိတ္တုပ္ပါဒ်''ဟုဆို၏။ အချို့ဆရာကြီးတို့က ရုပ်အပေါင်း ကို''ရုပ်ကလာပ်''ဟု ဆိုကြသလို နာမ်အပေါင်းကိုလည်း''နာမ်

ကလာပ်''ဟု ဆိုကြ၏။ မှန်ကန်သောအမည်တို့ဖြင့် မှတ်မိလွယ်သောကြောင့် အလိုရှိရခေါ်ကြပါလေ……။

ဤနာမ်ကလာပ်မှာလည်း ဇာတိဇရာ မရဏာနှင့် ကိလေသာမီး ၁၁-မီးတို့ လောင်၍ လက်ဖျစ်တတွက် ကာလအတွင်းမှာ အကြိမ်ပေါင်းတို့''ကုဋေ အသိန်း''ပေါင်းများစွာ ပျက်နိုင်သည်ကို……။

ဧကဿ ဟိ အစ္ဆရာသင်္ဃာတ ခဏေ အနေကာနိ စိတ္တကောဋိ သတ,သဟဿာနိ ဥပ္ပဇ္ဇန္တိ။

ဟိ=စိတ္တက္ခဏ မြန်သည်ကို ထင်ရှားအောင် ပြဆိုဦးအံ့။ဧကဿ အစ္ဆရာသင်္ဃာတခဏေ=လက်ဖျစ် တတွက်ခဏကာလ၌။ အနေကာနိ စိတ္တကောဋိသတသဟဿာနိ= များစွာကုန်သော စိတ်ကုဋေအသိန်းတို့သည်။ဝါ–စိတ်ကုဋေ အသိန်းပေါင်း များစွာတို့သည်။ဥပ္ပဇ္ဇန္တိ=ဖြစ်နိုင်ကြကုန်၏။

ဟု သံယုတ်-အသုဘ သုတ် အဋ္ဌကထာ မိန့်မှာတော်မူတိုင်း ထိုထိုနာမ်တရားတို့သည် ရုပ်တို့ထက် စိတ္တက္ခဏ (၁၇)ဆ–အပျက်မြန်သော သဘောသွားကိုရင်း သိအပ်၏။

**အလားအလာ**……အလားအလာ ဆိုသည်ကား ထိုထိုရုပ်နာမ်တို့၏ အကြောင်းကို ''အလား''ဟုဆို၏။ အကျိုးရုပ်နာမ်ကို ''အလာ''ဟုဆို၏။ ဤကမ္ဘာလောက အတွင်း၌ ဖြစ်ရန်အကြောင်းတို့က များမှု,ဖြစ်ပေါ်ကြသော ရုပ်,နာမ်-ခန္ဓာတို့ တိုးတက်များပြားလာကြကုန်၏။ အကြောင်းကနည်းမှု,သေးငယ် ပိန်ခြောက်သွားကြ၏။ ရှေးအတိုင်း အကြောင်းကပြုမှု,မကြီးမငယ်ဘဲ ရှေးရုပ်,နာမ်–ခန္ဓာအတိုင်းသာ ရှိနေကြကုန်၏။ဤအကြောင်း ''အလား''သို့လိုက်၍ အကျိုး''အလာ''တို့ ဖြစ်ကြသည်ကို သိစေလို၍–

အနေအထား၊သဘောသွားနှင့်၊အလားအလာ၊ ဤသုံးဖြာ ၊ရုပ်မှာမြင်အောင်ရှု။-

ဟု ရေးပြအပ်ပါသတည်း။

**ဝိပဿနာရှုရန်**·····ဤရှေ့ စကားတို့ကို အကျဉ်းဆိုသော် ဤစကြာဝဠာကမ္ဘာအတွင်းရှိ ပညတ်ကြီးငယ်တို့ အတွင်းသား ဓာတ်ကလာပ်တို့ကို "အနေ"ဟုသိ။ ထိုထို ပညတ်တို့ ဖုံးကွယ်ထားသည်ကို "အထား"ဟုသိ။ အရွေ့အထားမခံကြ ဖြစ်ပျက်မြန်လှသည်ကို "သဘောသွား" ဟု သိကြပြီးမှ ဝိပဿနာရှုရန်– သင်္ခေ့သင်္ခါရာ အနိစ္စာ, ဒုက္ခာ, အနတ္တာ–စသည်တို့ကိုပြအပ်၏။

**မြန်မာပြန်**·····ရှေ့က ဓာတ်ပေါက် ခဲ့ကြသည့်အတိုင်း မြန်မာပြန်ဆို ရပါမူ,သင်္ခေ့= ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိ အချင်းချင်း ထိကာမျှဖြစ်၍ ဓာတ်မီး, ဇရာမီး, မရဏမီး,တေဇောမီး, ကိလေသာမီး–တို့အတွက် တရှုရှု တမှုမှု ချုပ်ပျက်နေကြသည့် အလုံးစုံကုန်သော။ သင်္ခါရာ=အကြောင်းတရားတို့သည် ကောင်းစွာပြုပြင်အပ်ကုန်သော သင်္ခါရအနှ ဓာတ်အထု သဘောမျှအစုတို့သည်။( အနိစ္စံခယဋ္ဌေန–ပြသည့်အတိုင်း ) အနိစ္စာ=ကုန်ဆုံးပျက်ပျောက် အနိစ္စရောက်ကုန်၏။ (ဒုက္ခံ ဘယဋ္ဌေန- ပြသည့်အတိုင်း)ဒုက္ခာ=သေဘေးကြီး သင့်နေတဲ့ ဒုက္ခ, လောင်မီးကြီး ကျနေတဲ့ ဒုက္ခ, မီးတွင်းကြီးထဲ ကျနေတဲ့ ဒုက္ခ–တို့သာတည်း။(အနတ္တာ အသာရကဋ္ဌေန-ပြသည့်အတိုင်း)အနတ္တာ=မြဲနေနိုင်တဲ့ အနှစ်အတ္တ မဟုတ်, ခိုင်မာနေနိုင်တဲ့ အနှစ်အတ္တ မဟုတ်–ကုန်ဟု ရှေ့က ဓာတ်ပေါက်ခဲ့သည့်အတိုင်း အနက်တို့ကို သိကြပါလေ။

**မေး။** ယခုအခါမှာ ဟော-ကြက်မနက်မ ဆိုလျှင် ဥ–ရန်တင်းပြင်နေတာ မတွေ့ကြုံကြဘူး၊ကြက်ဥ,ကို ကျိုးချိသွားသည်ဆိုမှ တွေ့ကြုံသောအခါ ဖြစ်၍ အမြန်ဆုံးအလွယ်ဆုံးတို့ဖြင့် ဤလောက အကုန်လုံးတို့ အနိစ္စအစစ်တို့ကို ကိုယ်တွေ့ ဉာဏ်မြင် ဖြစ်အောင် ပြနိုင်ပါမည်လားဘုရား။

**ဖြေ။** အိမ်း…မင်းတို့ကလည်း အပျင်းနှင့် အဖျင်းတို့ကိုရှောင်၍မသိ,သိအောင်နာ,မည်ဟုရေးရှုကြပါမူ အတော်အတန်ညံ့သော ယောဂီများပင် နားလည်နိုင်ရန် ပရမတ်အစစ်တို့ရှိရာ မိမိ အတွင်းသူတပါးအတွင်း ထိုထို စကြဝဠာ ကမ္ဘာကြီးအတွင်းဘက်သို့ ဉာဏ်မျက်စိတို့ဖြင့် ဖြိုးဖြိုးကြည့်၍ ဝိပဿနာအားထုတ်တတ်ကြရန် ပြမည် ဟာရှိ ရှဲ……။ (သတိပြုကြပါ။)

**ငှ,ရုပ်၊သေ,နာမ်-အနိစ္စ**……နံနက်ခင်း နေမထွက်ခင် အခါ တကမ္ဘာလုံးရှိရှိသမျှအပိညာဏက သပိညာဏကတို့အတွင်းသား ရုပ်နာမ်ခါတ်ကလာပ် အကုန်လုံးတို့မှာ များသောအားဖြင့် ငှရုပ်,ငှသေ,နာမ်တို့သာတည်းဟု တလောကလုံးကြီးတို့ကို ထင်မြင်မှု နှံ့ပြားသွားအောင် အခါခါ ရှုကြပြီးမှ အပူဉဏှ ဥတုနှင့်တကွ နေမင်းကြီး ဘွားကနဲ ထွက်ပေါ်လာလျက် ပူရုပ်တေဇောတို့ အဆင့်ဆင့် တက်လာလျှင် တက်လာခြင်းပင် လောကကြီးအားလုံးတို့မှာ ရှိရှိသမျှသော ငှ,ရုပ် ငှသေ, နာမ်တို့ ဗျုံးကနဲ အဆင့်ဆင့်သေပျောက် အနိစ္စ ရောက်ချက်တို့ကို သင်တို့ကိုယ်တွေ့ မဟုတ်လား ဟာ ရှိ ရှဲ……။

တဖန် မိမိတို့အတွင်းမှာ ရှိရင်းစွဲ ငှ,ရုပ် ငှသေ, နာမ်တို့ကလည်း အဆင့်ဆင့် ပျက်,ပျက်လိုက်နေချက် အနိစ္စတို့ကိုရင်း၊ ပျက်၍ ခါတ်ကလာပ်တို့ သေဘေးကြီး သင့်,သင့်လိုက်နေတဲ့ ဒုက္ခတို့ကိုရင်း၊ ပျက်၍ အနှစ်မရှိ,မရှိ-လိုက်နေတဲ့အနတ္တတို့ကိုရင်း သင်တို့ကိုယ်တွေ့ ဉာဏ်မြင် သိနေကြသည်။ဝါ၊ သိနိုင်ကြသည် မဟုတ်ပါလား ဟာ ရှိ ရှဲ……။

ဤသိရှိလာသော လက္ခဏာ ၃-ချက်တို့ကို ဉာဏ်ဖြင့်မိမိ ဖြိုးဖြိုးကြည့်၍ အကျဉ်းအားဖြင့် အနိစ္စ,အနိစ္စ—ဟူ၍ရင်း၊ ဒုက္ခ, ဒုက္ခ—ဟူ၍ရင်း၊ အနတ္တ,အနတ္တ—ဟူ၍ရင်း ဤသမ္မသနဉာဏ်အရ ပွါးများရာ၏။သို့မဟုတ် မိမိတို့ဉာဏ်တွင် ထင်ရှားသော လက္ခဏာရေး တခုခုကိုလည်း ပွါးရပါ၏။ ပွါးများကြပါလေ။ ဤသိတိုင်းဆောင်ထားကြရန်……

ဆောင်ပုဒ်။ ။ဇ,ရုပ်၊ဇ,နာမ်၊အနိစ္စံ၊နေ့ခါရှုကြရန်။

ဤတကမ္ဘာလုံး၌ ဇ,ရုပ်၊ဇ,နာမ်တို့ ပျက်ချက်–အနိစ္စတို့ကို နေ့အခါ မရ–ရသာ အခွင့်ရှာ၍ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့......။

**ပူ,ရုပ်-ပူသိ,နာမ်**......တဖန် နေမဝင်ခင် အခါတို့မှာ တကမ္ဘာလုံး ရှိရှိသမျှသော အဝိညာဏက,သဝိညာဏကတို့ အတွင်းသား ရုပ်,နာမ်-ခတ်ကလာပ် အကုန်လုံးတို့မှာ ပူ,ရုပ်၊ပူသိ,နာမ်တို့သာတည်း-ဟု ထင်မြင်မှု နှံ့ပြားသွားအောင် အခါခါရှုပြီးမှ နေဝင်သွားသောအခါ အဇ–သိဘဉတုကြီးတို့က ဖြစ်စေ၍ ဇ,ရုပ်၊ဇသိ,နာမ်တို့ အဆင့်ဆင့် တက်တက်သွားသမျှတို့မှာလည်း ထိုထိုလောကဓားလုံးကြီးမှာ ရှိရှိသမျှသော ပူ,ရုပ်၊ပူသိ, နာမ်တို့ ချက်ခြင်း သေပျောက် အနိစ္စရောက်ချက်တို့ကို သင်တို့ ကိုယ်ပွေ့ဉာဏ်မြင် သိနိုင်ကြသည် မဟုတ်ပါလား ဟာရို့ရဲ......။

တဖန် မိမိတို့အတွင်းမှာ ရှိရင်းစွဲ ပူ,ရုပ်၊ပူသိ,နာမ်တို့ကလည်း အဆင့်ဆင့် ပျက်လိုက်ချက် အနိစ္စကိုရင်း၊ ပျက်ပျောက် သေဆုံးကြ၍ အတွင်းသား ခတ်ကလာပ်တို့ သေဘေးကြီး သင့်,သင့်-လိုက်နေတဲ့ ဒုက္ခတို့ကိုရင်း၊ ပျက်၍ အနှစ်မရှိ,မရှိ–လိုက်နေတဲ့ အနတ္တတို့ကိုရင်း သင်တို့ ကိုယ်တွေ့ဉာဏ်မြင် သိနေကြသည်။ဝါ– သိနိုင်ကြသည် မဟုတ်ပါလား ဟာရို့ရဲ......။

ဤသို့ သိရှိလာသော လက္ခဏာရေး သုံးချက်တို့ကို ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍ အကျဉ်းနည်းအားဖြင့် အနိစ္စ,အနိစ္စ-ဟူ၍ရင်း၊ ဒုက္ခ,ဒုက္ခ-ဟူ၍ရင်း၊ အနတ္တ,အနတ္တ-ဟူ၍ရင်း ဤသမ္မသနဉာဏ် အရ ပွါးများကြရာ၏။ သို့သော်-မိမိတို့တွင် အလွန်ထင်ရှားသော လက္ခဏာရေး တခုခုကိုလည်း ပွါးများရပါ၏။

ဆောင်ပုဒ်။ ။ပူရုပ်-ပူနာမ်၊အနိစ္စံ၊ညဥ့်ခါရှုကြရန် (ရကြစေ။)

ဤတကမ္ဘာလုံး၌ ပညတ်ကောင် ပညတ်တုံးတို့ ဗုံးဗုံးကြီးလဲ သေကြတဲ့ အနိစ္စမျိုးမဟုတ်ဘူး-ဟာရို့ရဲ......။ ထိုထိုပညတ်တို့

အတွင်းသား ပုဂ္ဂိုလ်,ပုဂ္ဂိုလ်နာမ်—ပရမတ်အစစ်တို့ ပျက်ပျောက်သေဆုံးကြသည့် အနိစ္စတို့ကိုသာ ညွှန်အခါတို့ မရ-ရသာ အခွင့်ရှာ၍ အားထုတ်ကြပါလေ......။

## ဥာဏ်ခလုတ်တိုက်နေပုံ

**အနည်းငယ်မေးဖွယ်ရှိနေသည်ကား**......အဇ, အပုဂ္ဂိုလ်တို့ ပျက်ကြတာ-မှန်ပါ၏။ကြွင်းရုပ်နာမ်-တို့ မပျက်မပျောက်ကြပါတကား-ဟူငြားအံ့။ ။ တကွဖြစ်ပျက်ခြင်း တူကြသော ဓာတ် ၄-ပါး, ခန္ဓာ ၅-ပါးတို့သည် တခုဖြစ်လျှင် အကုန်ဖြစ်,တခုပျက်လျှင် အကုန်ပျက်-ကြသည်ကို သိစေလို၍......

> ဧကော ဟိ ပထဝီဓာတု ဘိဇ္ဇမာနာ သေသဓာတုယော ဂဟေတွာဝ ဘိဇ္ဇတိ၊တထာ အာပေါဓာတု အာဒယော၊ ရူပက္ခန္ဓော ဝ ဘိဇ္ဇမာနော အရူပက္ခန္ဓေ ဂဟေတွာ ဘိဇ္ဇတိ။

ဟိ—သစ္စံ=ထိုစကားမှန်၏။ဧကော=တခုသော။ ပထဝီဓာတု= ပထဝီဓာတ်သည်။ ဘိဇ္ဇမာနာ=ပျက်သည်ရှိသော်။ သေသဓာတုယော=ကြွင်းသော ဓာတ်တို့ကို။ ဂဟေတွာဝ=ယူ၍ သာလျှင်။ ဘိဇ္ဇတိ=ပျက်၏။အာပေါဓာတုအာဒယော=အာပေါဓာတ် စသည်တို့သည်။ တထာ=ထိုပထဝီဓာတ်အတူယူ၍ ပျက်ကြကုန်၏။ ရူပက္ခန္ဓော=ရူပက္ခန္ဓာသည်။ ဘိဇ္ဇမာနော=ပျက်သည်ရှိသော်။ အရူပက္ခန္ဓေ=နာမ်ခန္ဓာတို့ကို။ ဂဟေတွာဝ=ယူ၍သာလျှင်။ဘိဇ္ဇတိ=ပျက်၏......။

ဟု ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာလာတိုင်း ဓာတ်တပါးပျက်မှု, အကုန်လုံးပျက်၊ ခန္ဓာတပါးပျက်မှုလည်း အားလုံးကုန် ပျက်ကြရသည်ကို သိကြပါလေ။ ပညာတ်ခလုတ်, တိုက်သူတွေတို့။

ဤကား-တကမ္ဘာလုံးကြီး ဖြစ်ပျက်ကို
ပု,ဇ-တို့ အနိစ္စဖြင့် ပြချက်တည်း။

## ၅၂ ကိုယ်တွေ့မျက်မြင်ဥာဏ်စဉ်တက်နည်းတရားကြီး

## အမှုအရာပျက် ၄–စားဖြင့် အားထုတ်သွားကြရန်

အမှုအရာပျက် ၄–စားဆိုသည်ကား……

| | |
|---|---|
| (၁) လက်အမှုအရာပျက်။ | ဤ ၄–ချက်တည်း။ |
| (၂) ကိုယ်အမှုအရာပျက်။ | |
| (၃) ထွက်သက်, ဝင်သက်အမှုအရာပျက်။ | |
| (၄) ခြေလှမ်းအမှုအရာပျက်။ | |

**မေး။** အဘယ့်ကြောင့် အမှုအရာပျက်တို့ကို ပြဆိုရပါသနည်း။

**ဖြေ။** ပရမတ်စစ်တရားတို့သည် အမှုအရာကြီးယာမျှသာ ဖြစ်ကြ၏။ ဤလောကကြီး၌ ကိုယ်တွေ့မျက်မြင် ဖြစ်နေကြသော ထိုထိုအမှုအရာတို့သည် ပညတ်ကောင် ပညတ်တုံးတို့၏ သတ္တိ မဟုတ်ကြဘူး ဟာရို့ဒဲ……။ ထိုအတွင်းက ရှိနေကြသော ပရမတ် အစစ်တို့၏ သဘောသတ္တိတို့ပေတည်း၊ ထို့ကြောင့် ထိုထို အမှု အရာဖြစ်လျှင် ထိုထိုသတ္တဝါစသည်တို့၏ အတွင်းသား ရုပ်,နာမ်-ခန္ဓာတို့ဖြစ်ချက်အစစ်တည်း။

တဖန် ထိုထိုအမှုအရာတို့ ပျက်လျှင်လည်း အတွင်း၌ရှိ ရုပ်,နာမ်-ခန္ဓာတို့ ပျက်ချက်အစစ်တည်းဟု သေသေချာချာ သိအပ်၏။ ဤ အချက်အကောင်းဆုံးကြီးတို့ကို သိစေလို၍ “ထိုထို အမှုအရာ၊ဖြစ် ပျက်ဟာ၊ခန္ဓာဖြစ်,ပျက်မှု အစစ်ရှု”ဟု မှတ်တမ်း တင်ထားသည့် အတိုင်း ဝိပဿနာ အားထုတ်စတိုင်းတို့မှာ ဤအားပေးလင်္ကာ ကြီးကို ရွတ်ခါရွတ်ခါ အားသစ်ကြပါလေ ယောဂီမြတ်တွေတို့။

**မေး။** ဤအလုံးစုံသော ပရမတ်စစ်တို့သည်အမှုအရာကြီးယာ မျှသာဖြစ်၏ဟု ကျမ်းဂန်ပြပါ၏လော။

**ဖြေ။** …… ……ပြပါ၏။……ပြပုံ……။

သဗ္ဗေပိ ဟိ ဓမ္မာ တံ တံကြိယာမတ္တာဝ ဟောန္တိ။

ဟိ=ပရမတ်တရားတို့ အမှုအရာကြီးယာမျှသာ ဖြစ်ကြသည်ကို ထင်ရှားအောင် ပြဆိုဦးအံ့။ သဗ္ဗေပိ=အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ=ရုပ်နာမ်တရားအစစ်များတို့သည်။ တံတံကြိယာမတ္တာဝ=ထိုထိုအမှုအရာ ကြိယာမျှတို့သည်သာလျှင်။ ဟောန္တိ=စင်စစ်မသွေ ဖြစ်ကြလေကုန်၏။

ဟု ပရမတ္ထဒီပနီဋီကာ, အကုံရဋီကာ, မဟာအတုလဋီကာ–စသော ထိုထိုကျမ်းဂန်တို့မှာ နေ့,လ-အသွင် ထင်ထင်ရှားရှားကြီး ပြကြကုန်၏။ ထို့ကြောင့်သာလျှင် လက်စသော ထိုထိုအမှုအရာပျက်တို့ဖြင့်သာ ပြအပ်သည်တို့ကို ယုံကြည်စွာ အားထုတ်ကြပါလေ။

## လက်အမှုအရာပျက်ကိုလက်တွေ့ပြချက်

**လက်အမှုအရာပျက်** ·····ထိုရှေ့ကပြခဲ့သော အမှုအရာပျက် ၄–စားတို့တွင် လက်အမှုအရာပျက် အနိစ္စကို လက်တွေ့ဉာဏ်မြင်ပြရမှု, စ,စဦး ရှေ့က ပေါက်ရောက်ခဲ့သော ဓာတ်ကလာပ်နှင့် ပညတ်သဘောတို့ကို သတိရကြရန် ဉာဏ်ဘက်လက်၌ အနေအထား သဘောသွားတို့ကို ရှုကြည့်ရပုံကား-ဤလက်၏ အတွင်းသား ကလာပ်စုကို “အနေ” ဟု ဆို၏။ ။ အပေါ်ရံ လက်ပုံသဏ္ဌာန် ပညတ်က ကွယ်ကာထားသောကြောင့် “အထား” ဟုဆို၏။ ဤအတွင်းသား ရုပ်နာမ်တို့သည် ကျမ်းဂန်လာတိုင်း အမှုအရာ သဘောမျှသာ ဖြစ်ချက်နှင့် ၂၅–မိုးလောင်ချက်တို့ကြောင့် အရွေ့အထားမခံကြသော သဘောတို့ကို “သဘောသွား” ဟု ဆို၏။ ဤ ၃-ချက်ကိုသိပြီးမှ ယခု ဝိပဿနာရှုကြည့်လိုသော ဉာဏ်လက်၏အတွင်းရှိ ရုပ်နာမ်တို့၏ အရွေ့အထားမခံနိုင်ချက်ကို ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍ ရွေ့,ရွေ့,သွားလျှင် အမှုအရာ သစ်, ရုပ်နာမ်သစ် ပြောင်းသွား၏။ ဤအသစ်ပြောင်းလျှင် အမှုအရာဟောင်း ရုပ်နာမ်ဟောင်းတို့ မရှိ-မရှိ ချုပ်-ချုပ်-ပျောက်-ပျောက် အနိစ္စ ရောက်,ရောက်-လိုက်ကြကုန်၏ ဟု

မျက်မြင်ဉာဏ်တွေ့အရှုနှင့် အနိစ္စအစစ်ကို ယောဂီတိုင်း ရှုနိုင်ကြရန် အလုပ်နှင့် ပြထားပြီ ဟု ရှိ့ခဲ့……။ သေသေချာချာ ကြည့်ကြ သိကြပါလေ……။

**မျက်မြင်** ……ဤ၌ မျက်မြင်ကား "ရွေ့သွားလိုသော စိတ်နှင့် ရွေ့ ရုပ် အမူအရာကြီးတို့ ရှေ့ဘက်သို့ ရွေ့ရွေ့သွား နေသည်ကို မြင်ရ၏။

**ဉာဏ်တွေ့** ……ဉာဏ်တွေ့ကား ရွေ့ရွေ့သွားသော လက် နောက်ဘက်က ထိုလက်အမူအရာ ရုပ်နာမ်– ဟောင်းတို့သည် မရှိ–မရှိ၊ ဝါ ချုပ်, ချုပ်, ပျောက်, ပျောက်, ပျက်,ပျက်, အနိစ္စ–ရောက်ရောက်လိုက်နေကြသည်ကို သူပြော ယုံရတာမျိုးနှင့် မဆိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိရ၏။ သိနိုင်၏……သိကြလေ။

ဤအရာ၌ အနည်းငယ် ဆိုဘွယ်ရှိသည်ကား ပညတ်ကိုသာ ထင်မြင်နေကြသူတို့က နောက်မှာ ဘာရှိရစ်မှာလဲကွဲ့၊ဤလက်ကြီး ရှေ့သို့ ရွေ့ရွေ့ လိုက်ပါသွားသည်ဟု ပညတ်နယ်က, ငြင်းဘွယ် ရှိပါပေ၏။ အရိယာတို့နှင့် ထိုထိုတပည့်သားများ ကျက်စားရာ ထိုထို အမူအရာမှုမတွေ့ ဖြစ်နေကြသော ပရမတ်နယ်မှာကား ရှေ့ကပြခဲ့သော အရွေ့အထား မခံနိုင်ကြဘဲ အသစ်အသစ် ဆက် လက်နေသော ရုပ်နာမ်သစ်တို့ အတွက်ဖြင့်သာ ပညတ်နယ်မှာ တခုတည်းဟု ထင်မြင်ကြရကုန်၏ဟု မှတ်ကြပါလေကုန်။

**မေး**။ ဤအရာ၌ ယုံကြည်ဘွယ်ရာ လက်တွေ့ဥပမာဖြင့် မပြနိုင်ပါပြီလော……

**ဖြေ**။ ပြနိုင်ပါ၏။……ပြပုံ။ ။သဲမှတ်ပေါက်က သဲချောင်းချ၍ ကြည့်သောအခါ ကျကျနေသော သဲမှုန့်တို့ပေါင်းကြပြီး ထိုသဲတို့၏ အပေါ်ရံ အပြင်စပ်က ထင်ရှားဖြစ်နေသော သဲချောင်းပုံသဏ္ဌာန် ကြီးကား "သဏ္ဌာနပညတ်" ကြီး၏ သတ္တိပ၊တည်း။ ။တဖန် ဤသဲချောင်းကြီးတို့ ရပ်နေနိုင်သည်, သွားလာနေနိုင်သည်-ဟု

ထင်မြင်ရချက်ကား ထိုသဲမှတ်ပေါက်က အစဉ်မပြတ် ဆက်လက်၍ ကျကျနေသော သဲမှုန့်တို့၏ သန္တတိပညတ်ကြီးသဏ္ဌာန်ပါတည်း။

ဤပညတ်သဏ္ဌာန်ကြီး ၂-ပါးကို ထင်မြင်အောင် သဲချောင်းချ၍, ချ၍စေ့စေ့ကြည့်ရှုမူ, အတွင်းသားသဲမှုန့်-နှင့် သဲချောင်း ပညတ်တို့ ခြားနားစွာ နေကြပုံကိုလည်း တပ်တပ်ထင်ထင် မြင်နိုင်၏။ ထိုထို သဲမှုန့်တွေ နောက်ထပ်ဆက်လက်ကျနေလို့သာ ထိုသဲချောင်းကြီး ရပ်နေသည့်,သွားလာနေသည်ကိုလည်း တပ်တပ်ထင်ထင် မြင်နိုင်၏။

ဤကား-လက်တွေ့-ဉာဏ်တွေ့သိရသော ဥပမာတည်း။

ဤပညတ်ကြီး ၂—ပါးကိုသိစေလို၍—

တိမ်တိုက်သဲတွင်၊ ရုပ်ပုံထင်သို့၊ ထင်မြင်သမျှ၊ သဏ္ဌာန၊ ခေတ္တ ဓာတ်မှုန့်သိ။

မီးစက်ဝန်းနှယ်၊ သဲချောင်းသွယ်သို့၊ ရှေ့ပြယ်- နောက်ထပ်၊ စဉ်မပြတ်၊မှတ်လေ-သန္တတိ။

ဟူ၍—ပြအပ်ပါသတည်း။

ဤသဲချောင်း ပညတ်ကြီး ၂—ပါး အလားတူ ထိုထိုအမှုအရာ တိုင်းတို့မှာလည်း ပရမတ်တွေပေါင်းလို့ ပုံသဏ္ဌာန် ပညတ်ကြီး ငယ်တို့ ပေါ်နေပုံနှင့် ရှေ့နောက်ရုပ်နာမ် သန္တတိ—တို့ဆက်နေကြ သောကြောင့် ဤအကောင်အထည် ဝတ္ထုကြီးငယ်တို့ ရပ်နေကြ သည့်,သွားလာနေကြသည်—ဟု ထင်မြင်ကြရချက်တို့ပေတည်း။

ဤအချက်ကို အဟုတ်ထင်မြင်ပါမူ, ထိုထိုအမှုအရာသစ် ပြောင်းတိုင်းတို့မှာ ရုပ်နာမ်ဟောင်း အမှုအရာဟောင်းတို့ မရှိ ချုပ်ပျောက် အနိစ္စ—ရောက်ရောက်လိုက်ချက်ကို ကွက်ကွက် ကွင်းကွင်း ထင်လင်းစွာ ထင်မြင်နိုင်ကြကုန်ရာ၏။

ဤသို့ထင်မြင်ကြမူ, အလေးတမူ အရေးယူကာ နေ့တိုင်းတို့ မှာ ရှုကြရန် အချက်ကိုကား......

၁။ အိပ်ရာထ၊ မျက်နှာသစ်၊ ဘုရားရှိခိုးချက် - အမှုအရာပျက်တို့ကို ရှုကြ။

၂။ ရေချိုးရာ၊အိပ်သာသွားလာသုတ်သင်ရာ - စသည်တို့မှာ အမှုအရာပျက်တို့ကို ရှုကြ။

၃။ စားဘွယ်သောက်ဘွယ်တို့ကို စားသောက်တိုင်း သွားလာတိုင်းတို့၏ အမှုအရာပျက်တို့ကို ရှုကြပါလေ၊ ရှုဖြစ်အောင် အမိဋ္ဌာန်ထား၍ အားထုတ်သွားကြပါလေ......။

လက်တွေ့ပြချက်-လက်အမှုအရာပျက်ပြီး၏။

---

## ကိုယ်အမှုအရာပျက်အနိစ္စရှုရန်

ရှေ့ကပြခဲ့တိုင်း လက်အမှုအရာပျက်ကို ထင်မြင်သူ ယောဂီဖြူတို့သည် မိမိတို့ထိုင်နေရင်းတို့မှာ တကိုယ်လုံးတို့ အမှုအရာပျက်ကို ရှုရန်ကား-လွယ်ကူပါ၏။

**လွယ်ကူပုံ**......မျက်စိကို မှိတ်ပြီး မိမိတကိုယ်လုံးတို့ အတွင်းမှာ အနေ(ပရမတ်)။အထား( ပညတ် )။သဘောသွား အရွေ့အထားမခံချက်။ ဤ၃-ချက်တို့ကိုကြည့်-သိပြီးမှ ဘယ်, ညာ,ရှေ့,နောက်-တို့ကို ယိမ်း၍ ယိုင်၍ ရှုကြည့်ပါမူ,ရှေ့ဘက်သို့ အသစ်ပြောင်းတိုင်း နောက်ဘက်က ရုပ်နာမ်ဟောင်းတို့ မရှိ ချုပ်ပျောက် အနိစ္စရောက်ရောက်လိုက်ချက်တို့ကို ထင်မြင်လွယ်ကြကုန်ရာ၏။ ထင်မြင်တိုင်းလည်း ယိမ်း,ယိုင်,ကုန်း,ကွ,ထ,ထိုင်, လှုပ်ရှား တိုင်းတို့မှာ ရှုကြပါလေ......။

ကိုယ်အမှုအရာပျက်ပြီး၏။

---

## ထွက်သက်ဝင်သက်အနိစ္စရှုရန်

ထွက်သက်ဝင်သက် အမှုအရာပျက်တို့ကို ရှုရန်မှာလည်း လက်မှာကဲ့သို့ မိမိကိုယ်အလယ်ပိုင်း၏ အနေ,အထား,သဘောသွား-တို့ကို ရှုရ၏။သမထအလုပ်ကဲ့သို့ နှာသီးဝ,မှာ ထွက်လေ,

ဝင်လေတို့ကို မရှုရပါ။ မိမိကိုယ်အလယ်ပိုင်းမှာ ထွက်သက်ဖြစ်သောအခါမှာ "ရှံ့ရှံ့သွားချက် အတွင်းသားရုပ်နာမ် အမှုအရာပျက်"တို့ကိုရှုပါ။

တဖန်–ဝင်သက်ဖြစ်သောအခါမှာ ကိုယ်ကောင်ကြီး"ပွပွလာချက် အတွင်းသား ရုပ်နာမ်တို့ အမှုအရာပျက်"ကို ရှုကြပါမူ, မကြာခင်"ရှုံ့ပျက်–ပွပျက်"အနိစ္စအချက်တို့ကို ထင်မြင်နိုင်ကြရကုန်ရာ၏။

ဤထွက်သက်ဝင်သက် ရုပ်,နာမ် အမှုအရာပျက်တို့ကို ငြိမ်သက်စွာ အိပ်နေဆဲ,ထိုင်နေဆဲ,ရပ်နေဆဲတို့မှာ မရ ရသာ အခွင့်ကို ရှာ၍-ရှာ၍ ဝါရ-အကြိမ်တို့ဖြင့် ရှုရန်ကား–ထွက်-၁၊ ဝင်-၂၊ ထွက်–၃၊ဝင်–၄၊ထွက်–၅၊ဝင်–၆၊ထွက်–၇၊ဝင်–၈၊ထွက်–၉၊ ဝင်–၁၀–ကျအောင် အကြိမ်ဝါရတို့ကို မှတ်၍ မိမိတို့ကစပြီး အချိုးကျအောင် ရှုကြပါလေ။ တပည့်များကိုလည်း ထိုအကြိမ်–ဝါရတို့ တိုးတက်သွားအောင် တိုက်တွန်းကြကုန်ရာ၏။

ဤကား-ဇာရိယာပုထ် ၃-ပါးတို့မှာ ကွက်လပ်ရှာ၍
အာနာပါန-အားထုတ်ရပုံတည်း။

အာနာပါန-အနိစ္စပြီး၏။

---

## အမြဲကာလထား၍-အားထုတ်ရန် ခြေလှမ်းပျက် အနိစ္စ

**မှတ်ချက်**·····ဝိပဿနာရှုသူတို့ မျက်မြင်ဉာဏ်တွေ့ သိရှိကြရန် ဖြစ်ဆဲသန္တတိပစ္စုပ္ပန်ပျက် အနိစ္စကိုရှုရ၏။ ဤသန္တတိပစ္စုပ္ပန်ဆိုသည်ကား–တခုတခုစီ ထင်ရှားသော ရုပ်-နာမ်–အမှုအရာတို့၏ အစဉ်တို့ပါတည်း။

**ဥပမာ**·····ခြေလှမ်း အနုတ်,အချ-တခုကို သန္တတိပစ္စုပ္ပန်တခုဟု သိရသလို သွားနေသောအစဉ်၊ထိုင်နေ, ရပ်နေ,

အိပ်နေကြသော အစဉ်-စသည် ထင်ရှားသော အမူအရာ ရုပ်နာမ် အစဉ် တခုတခုကို သန္တတိပစ္စုပ္ပန် တခု–တခုဟုသိပါ။ ထိုခြေ တလှမ်း-တလှမ်းမှာလည်း ၂–ချက်ပျက် ၃–ချက်ပျက်စသည် နှုန်း သွားအောင် ဖြတ်၍လည်း သန္တတိပျက် ဝိပဿနာရှုနိုင်၏-ဟု သိပါလေ။

**တနည်း**……သဲချောင်း သန္တတိပျက်နှင့် ပြပါမူ, သာလိုပင် နှုန်း-နှုန်းသွားသည့် အပျက်ကို ဘင်္ဂဉာဏ်ကျလျှင် အသုံးပြုနိုင်အောင် ထင်မြင်လွယ်နိုင်၏။ ယခု စ,စဉ်း ပြလတ္တံ့ သည်ကား–ခြေတလှမ်း တခါပျက်၊သန္တတိပစ္စုပ္ပန်ပျက်ဖြင့် ပြပါ အံ့သတည်း။

**အထူးကား**……ရုပ်ပရမတ်အစစ်ကိုသိလိုမူ, ပညတ်အကောင် အထည်ကြီးတို့၏ အတွင်းမှာ ရှာကြည့်မှ သိ လွယ်၏။ ထိုထိုရုပ်ကောင်ကြီးတို့ အပျက်အနိစ္စကို ရှုလိုမူ, ကိုယ် တိုင်သိ၍သိ၍ သွားလာပြုလုပ်နေကြသော အသိနာမ်တို့၏ ဖြစ် ချက်,ပျက်ချက်တို့နှင့် တွဲ၍ ရှုကြည့်မှ သိလွယ်၏-ဟု မှတ်ကြပါ လေ……။

**သိရပုံကား**……စကြံဖြင့် အားထုတ်ရန် ရပ်နေသော မိမိ ကိုယ်အတွင်းရှိ "အနေ,အထား,သဘောသွား တို့ကို ရှေ့ကပြခဲ့တိုင်းရှုပြီးမှ" ယခု–ငါသည် ရပ်လိုသောစိတ်ဖြင့် ရပ်နေသော ရုပ်ကောင်ကြီးဟူ၍ မျက်မြင်ဉာဏ်တွေ့ သိရ၏။ တဖန်-ငါသည် ညာခြေလှမ်း လှမ်းလိုသောစိတ်ဖြင့် ညာခြေလှမ်း ရုပ်အမူအရာကြီးတို့ ဖြစ်ဖြစ်ပြီး ရှေ့သို့တက်တက်သွားသည်ကို လည်း သူတပါးပြောတို့ မဆိုင်၊မိမိကိုယ်တိုင် မျက်မြင်ဉာဏ်တွေ့ သိမြင်ရပြန်၏။

**အနိစ္စပျက်ရှုရပုံ**……ဤသို့သိရှိရာတွင် အနိစ္စ-ပျက်ရှုရပုံကား- ယခုရပ်နေဆဲ ပစ္စုပ္ပန်ရုပ်တို့သည် ညာခြေ လှမ်းရုပ်,နာမ်-အသစ် ပြောင်းစ,ကပင် ပျက်ကြသည်ကို အဟုတ်

ထင်မြင်၍ အနိစ္စ—ဟုရှု၊ နောက်နောက် ခြေလှမ်းအမူအရာတို့ အသစ်—အသစ် ပြောင်းစ,တိုင်းတို့မှာလည်း ဖြစ်နေဆဲ အမူ အရာတို့နှင့် အပြည့် ရှိနေကြသော ရုပ်,နာမ်အကုန်လုံးတို့ ဗျိုးကနဲ ဗျိုးကနဲ ပျက်ပျက်—ပျောက်ပျောက် မရှိ-မရှိ အနိစ္စရောက်ရောက် လိုက်နေချက်တို့ကို မိမိတို့ဉာဏ်အမြင်မှာ ထင်ထင်ရှားရှားကြီး သိသာလာနိုင်ကြ၏။

ဤသို့ သိမြင်လာကြသည့်အတိုင်း ညာခြေလှမ်းဖြစ်ဆဲ ရုပ်နာမ် တကိုယ်လုံး ပျက်၊ ဘယ်ခြေလှမ်းဖြစ်ဆဲ ရုပ်နာမ်တကိုယ်လုံးတို့ ပျက်ပျက် ပျောက်ပျောက် လိုက်ချက်ကို ဉာဏ်သက်လွယ်အောင် နှုတ်ဖြင့်လည်း ခြေလှမ်းတိုင်းနှင့်ကိုက်အောင် ပျက်—ပျက်—ပျက်၊ ပျောက်—ပျောက်—ပျောက်၊ မရှိ-မရှိ-မရှိ၊ အနိစ္စ-အနိစ္စ-အနိစ္စ-ဟု ဆို၍ သွားရ၏။ ထင်မြင်သောအခါကျလျှင် မဆိုဘဲသွားရ၏။ ဤ အချက် အရေးကြီးသောကြောင့် အမြန်,သွား အလေး,သွားတို့ မှာ မိမိတကိုယ်လုံးပျက်တို့ ထင်မြင်အောင် အခါခါ အားထုတ် ကြပါလေ .....။

ခြေတလှမ်းပျက်ပြီး၏။

---

## ဝိပဿနာဉာဏ်နှိုးလက်ာ

၁။ ကလာပ်ဟူသမျှ၊ တူမျှသက်ရွယ်၊ အမူအရာဝယ်၊ နည်းငယ်များမှု၊အထူးရှု။

၂။ တိမ်တိုက်ထဲတွင်၊ရုပ်ပုံထင်သို့၊ထင်မြင်သမျှ၊ သဏ္ဌာ န၊ ခေတ္တခဏမှန့်သိ။

၃။ မီးစက်ဝန်းနှယ်၊ သဲချောင်းသွယ်သို့၊ ရှေ့ပြယ် နောက် ထပ်၊စဉ်မပြတ်၊မှတ်လေ သန္တတိ။

၄။ အမှတ် ၄—ချ၊ရုပ်, နာမ်စုနှင့်၊ ရှုရန်၃-ရှိ၊ လမ်းစဉ်သိ။

၅။ အတွင်းရှိ ခေတ်ကလာပ်ကား–ပရမတ်သား၊ ရှေ့–နောက် အစဉ်နှင့်, အပေါ်ရုံကြောတွင်, ထင်မြင်ရသော,ပုံသဏ္ဍာန်,-အကောင်အထည်ဒြပ်ကား-ပညတ်သား၊နှစ်ပါးဉာဏ်မြင်၊ဒိဋ္ဌိစင်၊အတူထင်လတ်၊ပရမတ်မှား, သက္ကာယဒိဋ္ဌိမှတ်။

၆။ သုံးရတနာ၊ သိက္ခာ,ပုဗ္ဗံ၊ အပရန်နှင့်၊ ပုဗ္ဗံပရ၊ ပဋိစ္စ၊ ရှစ်ဝယုံမှားခြင်း။

၇။ ထိုထို အမူအရာ၊ ဖြစ်ပျက်ဟာ၊ ခန္ဓာ ဖြစ်ပျက်မှု၊ အစစ်ရှု။

၈။ ပထဝီခေတ်ကဲ့၊ အာပေါတွဲ၍၊ ဝါယောဓွေ့၊ လောင်၍ တေဇောလိုက်။

၉။ ရုပ်သေ ရုပ်ပွါး၊ နှစ်ပါးကိစ္စ၊ တေဇောက၊ သဟာယ ကောင်းရော၊ တိုးဆုတ်ပါ၊ အနိစ္စမှု၊ အချက်ရှု။

၁၀။ စနက် ယမ်းမီး၊ ပမာမှီးကာ၊သူ့ထက်ငါ၊ လောင်၍ ပြေးရရှာ။

၁၁။ ဓာတ်ဇရော၊ မရဏာနှင့်၊ ကိလေသာမီး၊ ပြောင်ပြောင် ညီးကာ၊ သူ့ထက်ငါ၊လောင်၍ ပြေးရရှာ။

၁၂။ တမှုန့်သေစဲ၊ တမှုန့်စွဲကာ၊ နှိပ်စက်လာ၊ ရှည်လျား ဒုံသရော။

၁၃။ တမှုန့်ချေဖျက်၊ တမှုန့်ဆက်ခါ၊ နှိပ်စက်လာ၊ ရှည်လျား သံသရော။

ဤလက်ာတို့မှာ ပါသည့် ရုပ်နာမ်တို့ အဖြစ်အပျက်တို့ကို ဉာဏ်သက်ဝင်၍ဝင်၍ အားထုတ်ကြသည့် အစအဆုံးတို့မှာ ရွတ်ခါရွတ်ခါ အားသစ်ကြပါလေ။

တတိယရက်အားထုတ်ရချက်ပြီး၏။

## စတုတ္ထရက် တွင်း–ပ–ပျက် လက်တွေ့ရှုနည်း

**အပျက်ကိုရှုရန်**……ဤစတုတ္ထရက်၌ မိမိအတွင်းအပ တွဲဘက်၍ အပျက်ကို ရှုကြရန်ကား ရှေ့ရက်က မိမိလက်,စသည့် တကိုယ်လုံးပျက်တို့ကို ပေါက်ရောက်ပြီးသော ယောဂီတို့သည် သမ္မသနဉာဏ်အစက "သဗ္ဗေသင်္ခါရာ"၏ အနက်အရ ထိုထိုစကြဝဠာရှိသမျှ ကလာပ်တိုက် ခတ်တိုက်ကြီးတို့မှာ ဖြစ်ဆဲရုပ်နာမ်တို့ ပစ္စုပ္ပန်– ဖြစ်ပျက် တူညီချက်အရကို နေ့–နံ့ ဇ–နေ့တို့၏ အစဉ် သန္တတိ ပစ္စုပ္ပန်ဖြစ်ပျက်တို့အရနှင့် ဥပမာပြရမှု–

**ဥပမာ**…ဤကမ္ဘာပေါ်၌ တနင်္ဂနွေနေ့– ဖြစ်ပေါ်ခြင်းကား– တပြိုင်နက် နေ့-ညဉ့် ဖြစ်ပေါ်သော တကမ္ဘာလုံးတို့၏ တနင်္ဂနွေနေ့တို့ချည်း ဖြစ်ကြရကုန်၏၊ ထိုထိုတမြို့တရွာတို့က တနင်္ဂနွေနေ့ မဖြစ်ချင်၍ စနေနေ့ပင်ဖြစ်ကျန်ရစ်ခဲ့လို့လည်းမနေနိုင်ကြ။ သို့မဟုတ် တနင်္လာနေ့သို့ ကျော်၍လည်း မဖြစ်နိုင်ကြဘဲ တနင်္ဂနွေနေ့တို့ချည်းသာ အတူတကွ ဖြစ်ပျက်ကြကုန်၏။

တဖန် ဤနေ့၌လည်း ထပ်တူတိုက်ထားသော နာရီမှန်တို့သည် ရှေ့နောက် မဖြစ်နိုင်ကြဘဲ နာရီအထိုးချင်း, မိနစ်ချင်း, ဒေါက်ဒက်-ဒေါက်ဒက် သွားနေကြသော စက္ကန့်ချင်း-တို့လည်း တပြိုင်နက် ဖြစ်ကြရသည့်အတွက် တကမ္ဘာလုံးတို့အချိန်၊ အခါ၊ နာရီ၊ မိနစ်၊ စက္ကန့်-တို့ ကိုသိလိုမူ,မိမိတို့ နေ့,ညဉ့်, နာရီ, မိနစ်,စက္ကန့်-တခုစီကို သိက တကမ္ဘာလုံးရှိ အချိန်အခါ အကုန်လုံးတို့ကို သိရသလို မိမိမှာ ထိုထိုအမူအရာ ဖြစ်ပျက်ဆဲ ရုပ်နာမ် တခု တခုကို သိက တကမ္ဘာလုံးရှိ ရုပ်နာမ်တို့ကို သိရသည်နှင့် တူလှ၏။

**တူပုံ**……မိမိတို့စကြာအလုပ်မှာ သွားလိုသော နာမ်နှင့် သွားနေဆဲ ရုပ်တို့ ခြေလှမ်းတိုင်းတို့မှာ ဖြစ်ပျက်အရတို့နှင့် ကမ္ဘာလုံးရှိ အခံ ရုပ်နာမ်တို့ တကွနက် ပစ္စုပ္ပန် ခဏချင်း တူကြ

သောကြောင့် အပျက်ချင်းအတူပင်။ ပျက်ပျောက် နေကြသည်ကို ထင်မြင်နိုင်ကြကုန်ရာ၏။

ဤအချက်ကိုသိစေလို၍–

ပစ္စုပ္ပန္နံ၊ တခုမျှ၌၊ လောကအထု၊ အကုန်စုံ၏။
ပစ္စုပ္ပန်ပျက်၊ တခုတွက်၌၊ လောကအချက်၊ အကုန်ပျက်၏။

ဟုပြအပ်ပါသတည်း။

**စင်္ကြံနှင့်အားထုတ်ရပုံ**·····ရှေးနေ့ကအတိုင်း စင်္ကြံဖြင့် အား ထုတ်ရန် ရပ်နေသော မိမိကိုယ် အတွင်း၌ရှိ အနေအထား သဘောသွားတို့ကို ထင်မြင်အောင် ရှုကြည့်ပြီးမှ ယခု ငါသည် ရပ်သောစိတ်ဖြင့် ရပ်နေသော ရုပ် ကောင်ကြီးတဲ့ ဟူ၍ မိမိမျက်မြင် ဉာဏ်တွေ့ သိရ၏။

တဖန် ငါသည် ညာခြေလှမ်း လှမ်းလိုသောစိတ်ဖြင့် ညာခြေ လှမ်းသည့် ရုပ်, အမှုအရာ ကြီးတို့ဖြစ်ပြီး ရှေ့သို့ တက်တက် သွား သည်ကိုလည်း မိမိကိုယ်တိုင် မျက်မြင် ဉာဏ်တွေ့ သိရှိရပြန်သည် နှင့်အတူ စင်္ကြံသွားနေသည့် အောက်အခံ မြေကလာပ်မှုန့်တို့သည် လည်း မိမိ ညာခြေ မြေသို့ချသည်နှင့်တကွနက် အကုန်လုံး ဗျုံး ကနဲပျက်,အကုန်လုံး ဗျုံးကနဲပျောက်, အကုန်လုံး မရှိ, အကုန်လုံး အနိစ္စရောက်ကြရကုန်၏ဟု ထပ်တူတိုက်ထားတဲ့ နာရီများ အတိုင်း ဖြစ်တူပျက်တူ ဖြစ်ဖြစ်လိုက်နေကြသည်ကို ခြေကို ဖြည်းဖြည်း လေးလေး လှမ်း၍ လှမ်း၍ ရှုကြပါမူ,မျက်မြင်ဉာဏ် တွေ့ သိရှိနိုင်ကြကုန်ရာ၏။

ဤသို့သိရှိလာသည့်အတိုင်း ညာခြေလှမ်း အကျော် အခံရုပ်, နာမ်,တို့ အကုန်လုံး ပျက်ပျက်-ပျောက်ပျောက်လိုက်ချက်ကို ဉာဏ်သက်လွယ်အောင် နှုတ်ဖြင့်လည်း ခြေလှမ်း တို့နှင့် ကိုက် အောင် ပျက်-ပျက်-ပျက်၊ပျောက်-ပျောက်-ပျောက်၊ မရှိ-မရှိ-မရှိ၊ အနိစ္စ-အနိစ္စ-အနိစ္စ-ဟု ဆို၍ ၂–ခု အစုံပျက်ကို ကြောင်ကြောင် ကြီးထင်လာအောင် မကြာ မကြာ အခါခါ အားထုတ်ကြပါလေ။

**အထူးသတိပြုရန်ကား**……ဤအကျော်အခံကို အစ အားထုတ်သူတို့ မိမိစကြံ့ အောက်အခံ မြေကလာပ်မှုန့်နှင့်သာ အတူပျက်ပျက်လိုက်နေတာကို တွဲရှုလို့ထင်မြင်ပြီးမှ မိမိတို့ဉာဏ်နိုင်သလောက် ချဲ့၍ချဲ့၍ ရှုပါ။ ရှုတိုင်း ထင်မြင်သော အခါကျမှ ရှေ့သမ္ဘသနဉာဏ်အစက “သဗ္ဗေ သင်္ခါရာ” အနက်အတိုင်း ကမ္ဘာပေါ်ရှိ ကလာပ်တိုက် ခတ်တိုက်ကြီးတို့ အတူတကွ ပျက်ပျက်လိုက်နေကြသည်ကို ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍ သိ၍ အကျော်, အခံ ၂—ပါးစုံပျက် ၂—ပါးစုံ ပျောက်ပျောက်လိုက်နေကြသည့်တို့ကို ရှုကြပါလေ။

ဤမှတပါးသော ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, ဣရိယာပုထ်တို့မှာကား ထွက်သက် ဝင်သက် အမှုအရာတို့ အပပျက်နှင့်တကွ ၂—ပါးစုံပျက်တို့ကို တွဲဘက်၍ ရှုကြပါလေ။

## ဉာဏ်ခလုတ်,တိုက်နေတတ်ကြပုံ

ဤသို့ ရှုကြည့်ရာ၌ ဉာဏ်ခလုတ်တိုက်နေတတ်သည်ကား ကျော်လွှမ်းသွားသည့် ကိုယ်အမှုအရာတို့ ပျက်ချက်ကိုကား—ယုံပါ၏၊ အမှုအရာမပြောင်းသည့် ဤမြေထုကလာပ်တို့ ပျက်ချက်တို့ကား ဉာဏ်မှာ မထင်မြင်ဘဲ ချခံနေပါသည်ဟုပြောအံ့။

သဲမှတ်ပေါက်က သဲချောင်းချ၍ကြည့်သော သဲမှတ် ၂-ခုတို့တွင် တခုကို ရပ်၍ ထားကြည့်က ရပ်ထားရင်း သဲကျ,ကျ နေတာကို မြင်နိုင်၏။ သဲမှတ်တခုကို ရွှေ့၍ ရွှေ့၍ကြည့်ပါမူ,သွားရင်း သဲတို့ ကျ,ကျ-သွားတာကိုလည်း မြင်နိုင်ပြန်၏။ ဤအမြင် ၂—ခုတို့ကို စပ်ဟပ်၍ ရှုပါမူ,သဲမှုန့်ကျကြပုံချင်းတို့ကား အတူတူပင်၊ ရပ်နေတဲ့ သဲနှင့် သွားနေတဲ့ သဲတို့သာ ခြားကြတော့၏ ဟု မျက်မြင် ဉာဏ်တွေ့မှာ ရှင်းလင်းကြတာလို အကျော် အခံ ရုပ်နှစ်တန်တို့မှာလည်း ခြေလှမ်းအချ, အချတို့မှာ တပြိုင်နက် ပျက်ပျက်ပျောက်ပျောက် မရှိ မရှိ—အနိစ္စ ရောက်ရောက်လိုက်ချက်တို့ကား တူညီကြ၏ဟု မျက်မြင်ဉာဏ်တွေ့အားဖြင့် ရှုစားကြပါလေ။

**သတိပေးချက်**…ဤသမ္မသနစသည်တို့ပွါးများကြရန် ဘာဝနာ ၄၀-တို့ကို ပြသော်လည်း အတို အတုတ်နှင့် အကျဉ်းအရှင်းကြိုက်သူတို့အတွက် "သဗ္ဗေ သင်္ခါရာ အနိစ္စာ, ဒုက္ခာ, အနတ္တာ"—ဤ၃—ချက်ကိုသာ ပြအပ်ပါသတည်း။ ရှေ့သို့ သင်္ခါရပေက္ခာဉာဏ်ကျအောင် ဤအကျော်အခံ ၂-တန်တွေ့ပျက် တို့ကိုချည်း အသုံးချကြရမှာချည်း ဖြစ်သောကြောင့် ရှုကြည့်တိုင်း တို့မှာ ၂-ခုအစုံပျက်တို့ကို ကြောင်ကြောင်ကြီးထင်မြင်လာအောင် ရှုကြပါလေ။

၂-ခုပျက်ပြီး၏။

## ဝိပဿနာဉာဏ်နှိုးလင်္ကာစု

၁၄။ အကျော်အခံ၊ နှစ်တန်တွေ့ပျက်၊ စဉ်အဆက်မှာ၊ ထို နည်းသာ၊ ပြိုင်ကာပျက်၍လိုက်။

၁၅။ စက်ခွေးသွားစိပ်၊ ချင်းချင်းချိပ်ခါ၊ လည်ကြရာသို့၊ ဖြာဖြာဓာတ်စစ်၊ သား,မြေး,မြစ်ချင်း၊ ပျက်ကြေကွင်း၊ ဖြစ်ခြင်းပြိုင်၍လိုက်။

၁၆။ ရှေ့ရောက်နောက်ချန်၊ ပိုကျန်မရှိ၊ အကုန်ညှိ၊ ပျက်၏ သင်္ခါရာ။

၁၇။ လူနတ်ဗြဟ္မာ၊ ပါယ်လေးရွာဘုံ၊ အလုံးစုံ၊ ဆုံ၍ ပျက်၏ မင်း။

၁၈။ အတိတ်သံသရာ၊ ခေါင်းဆိုက်လာ၊ နောက်မှာ-ဟာလာ ဟင်း။

၁၉၊ ပစ္စုပ္ပန္န၊ တခုမျှန္ဓ၊ လောကအထု၊ အကုန်စု၏။

၂၀။ ပစ္စုပ္ပန်ပျက်၊ တခုတွက်ခွ၊ လောကအချက်၊ အကုန် ပျက်၏။

ဤလင်္ကာတို့မှာ ပါသည့် ရုပ်နာမ်တို့ ဖြစ်,ပျက်တို့ကို ဉာဏ် သက်၍,သက်၍ ရှုဆင်ခြင်ကြပါလေ။ အနှေးအမြန် သွားလာသော

ခြေလှမ်းတို့မှာ အကျော်,အခံ အစုံပျက်တို့ကို ထင်မြင်ပါမူ, ဤ ဝိပဿနာ အချက်ပိုင်၏-မှတ်……။

သမ္မသနဉာဏ် ၂-ရပ်ပြီး၏။

## ပဋ္ဌမရက် ဥဒယဗ္ဗယဉာဏ်ရှုရန်

**ဤဥဒယဗ္ဗယဉာဏ်ဆိုသည်ကား**…ထိုထိုရုပ်နာမ်တို့၏ အဖြစ်နှင့်အပျက်တို့ကို ရှုသော ဉာဏ်ဟု ဆို၏။

**ဤဉာဏ်ကိုအားထုတ်ရန်ကား** …… ရှေ့သမ္မသနဉာဏ်က ပေါက်ရောက် ခဲ့ကြသော လက်အမူအရာ,ကိုယ်အမူအရာ, ထွက်သက်ဝင်သက် အမူအရာ, ညာလှမ်းဘယ်လှမ်းတို့အမူအရာ—တို့ကို ရှုကြရသည်ကား- ထိုထိုအမူအရာတို့ အဆုံး-အဆုံးတို့မှာ ပျက်ချက်ကိုသာ ဉာဏ်စိုက်၍ ရှုခဲ့ရ၏။

**ယခုမူကား**……ထိုထိုအမူအရာပျက်တို့၏ အစ-အစ အချက်ကလေးတို့ကိုပါ ဉာဏ်စိုက်၍-စိုက်၍ ထိုထိုအမူအရာတိုင်းတို့၏ အစနှင့်-အဆုံး ဝါ-အဖြစ်နှင့် အပျက်တို့ကိုပါ ထင်မြင်လာအောင် ရှေ့ကပြခဲ့သည့်အတိုင်း မိမိလက်ကို ခပ်လေးလေး ရွေ့၍-ရွေ့၍ ရှုကြပါလေ……။

၎င်းထင်မြင်ပြီးနောက် ကိုယ်ယိမ်းသည့်အမူအရာ, ထွက်သက် – ဝင်သက်အမူအရာ, ခြေလှမ်းပျက်အမူအရာတိုင်းတို့၏ အစနှင့်အဆုံး ဝါ- အဖြစ်နှင့်အပျက် ဝါ- ဥဒယ-နှင့် ဝယ-တို့ကို တခုစီ-တခုစီ ထင်မြင်လာအောင် ခပ်လေးလေး ရွေ့၍-ရွေ့၍ ရှုကြ။ တမျိုး-တမျိုးစီတို့၏ အစ,အဆုံး;အဖြစ်အပျက်တို့ကို ထင်မြင်ပြီးမှ တခု–တခုစီတို့ကို ကူး၍ ရှုကြပါလေ……။

ရှုနည်း,အကျဉ်းပြီး၏။

## အကျယ်ရှုရန်

အစတို့မှာ ရုပ်နေသော မိမိတကိုယ်လုံးကြီးတို့၏ အနေ, အထား, သဘောသွား–တို့ကို ရှေ့ကပြခဲ့တိုင်း ရှုကြည့်ပြီးမှ ယခု မိမိရုပ်လိုသောစိတ်နှင့် ရုပ်နေသော ရုပ်ကောင်ကြီးတို့ကို သိ၍ ညာခြေလှမ်း–လှမ်းလိုသောစိတ်နှင့် လှမ်းရင်တို့ဖြစ်၍ တက်သွားသော ညာလှမ်းအစ"ဥဒယ"ကို မျက်မြင်သိနိုင်ကြ၏။ ထို ရုပ်ရုပ် ရုပ်နာမ်တို့ မရှိ ပျက်ပျောက် အနိစ္စရောက်လိုက်သည့် "ဝယ"ကိုကား–ဉာဏ်ဖြင့်သာ သိရှိကြရ၏။ ဤညာလှမ်းအစ "ဥဒယ"နှင့် အဆုံး"ဝယ"ပျက်ကို ရှုကြည့်ထင်မြင်ကြသလို ဘယ်လှမ်း၏အဖြစ်"ဥဒယ"၊အပျက်"ဝယ"တို့ကိုလည်း ထင်မြင်ကြအောင်ခြေလှမ်း တဖက်-တဖက်ရှု၍ ထင်မြင်ပြီးမှ ၂-ဖက်မြင်အောင် လေး–လေး–လှမ်း၍ ရှုကြည့်က တရက်နှင့် ၂–ဖက်ဖြစ်,ပျက်တို့ကို မြင်နိုင်၏။ဤသို့ ရှေ့ကို အသစ်–အသစ် ဖြစ်တက်,သွားသည်ကို"မျက်မြင်"၊နောက်ဘက်က ပျက်-ပျက် လိုက်သည်တို့ကို"ဉာဏ်တွေ့"အရ ပါဠိကိုပြရမူ……

ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂမ္ပိ ဒိဋ္ဌော ယေဝ ဟောတိ ဇာတ္တရကာလတ္တာ။

ရူပဿ=ရုပ်တရား၏။နိဗ္ဗတ္တိယာ=အသစ်အသစ်ဖြစ်၍ တက်နေသည်ကို။ ဒိဋ္ဌာယ=ထင်မြင်ပေါက်ရောက်အပ်သည်ရှိသော်။ တဿ=ထိုရုပ်တရား၏။ ဘင်္ဂမ္ပိ=ပျက်၍–ပျက်၍လိုက်နေချက်ကိုလည်း။ ဒိဋ္ဌောယေဝ=ထင်မြင် ပေါက်ရောက်နိုင်တော့သည်သာလျှင်။ ဟောတိ=ဖြစ်၏။ ကသ္မာ=အဘယ့်ကြောင့်နည်းဟူမူကား။ဇာတ္တရကာလတ္တာ=အရွေ့အထားမခံကြ တိုလှသော ကာလရှိသောကြောင့်တည်း။

ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ မိန့်မှာတော်မူသည့်အတိုင်း သိကြပါလေ……။

**ကြွင်းဇူရိယာပုထ်–သုံးပါး၌ကား**·····ထွက်သက်–ဝင်သက် အမူအရာတို့ အစ, အဆုံး ဥဒယ,ဝယတို့နှင့် တွဲ၍,တွဲ၍ ရှုကြပါလေ····။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**····· ဤဥဒယဗ္ဗယဉာဏ် နုစဉ်အခါတို့မှာ ဝိပဿနာ ညစ်ညူးစေတတ်သော အရောင်အလင်း နှစ်သက်ခြင်းစသော ဝိပဿနုပက္ကိလေသတို့ ဖြစ်ပေါ်လာတတ်ကြကုန်၏။ ၎င်းတို့ကို မဂ်ဖိုလ်မဟုတ်ဟု သိသောဉာဏ်သည်''မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ''မည်၏။

ဤအရောင်အလင်းစသည်တို့ကား များသောအားဖြင့် သမထနှင့် ဝိပဿနာ ၂-ပါးတွဲ၍ ရှုသော''ယုဂနဒ္ဓ ဝိပဿက''ပုဂ္ဂိုလ်တို့သာ ဖြစ်တတ်၏။ ဝိပဿနာ သက်သက်ရှုသော ''သုဒ္ဓဝိပဿနာယာနိက''ပုဂ္ဂိုလ်တို့သည် မဖြစ်ပေါ်ပေ။ ဝိရိယ သန်သန်နှင့် ဘင်ဉာဏ်သို့ အမြန်တက်သူတို့လည်း မဖြစ်–ဟု သိစေခြင်းငှါ·····။

အယံ ပန ဝိပဿနုပက္ကိလေသော ယေဘုယျေန သမထဝိပဿနာလာဘိနော ဥပ္ပဇ္ဇတိ။

ပန=အထူးကို ပြဆိုဦးအံ့။ အယံဝိပဿနုပက္ကိလေသော= ဤဝိပဿနာ ညစ်ညူးကြောင်းသည်။ ယေဘုယျေန=များသောအားဖြင့်။ သမထဝိပဿနာ လာဘိနော=သမထ, ဝိပဿနာ–အစုံအားထုတ်သောပုဂ္ဂိုလ်တို့အား။ ဥပ္ပဇ္ဇတိ=ဖြစ်တတ်၏။

ဟု ဝိသုဒ္ဓိမဂ်စသည်တို့၌ မိန့်ဆို၏ဟုမှတ်။

ဥဒယဗ္ဗယပြီး၏။

## ဆဋ္ဌမရက် ဘင်ဉာဏ်ရှုရန်အချက်

**ဤဘင်ဉာဏ်ဆိုသည်ကား**·····ထိုထိုရုပ်နာမ် တို့၏ အဖြစ်ကို မရှုဘဲ အပျက်ကိုသာ ရှုသောဉာဏ်ကိုသာ ဆို၏။ ရှေ့သမ္မသနဉာဏ်မှာ ခြေတလှမ်း၌ တခါစီ

ပျက်ကို ရှုရ၏။ဥဒယဗ္ဗယဉာဏ်မှာ ထိုခြေတလှမ်းစိတ်၏ အစနှင့် အဆုံးတို့ အဖြစ်နှင့်အပျက်တို့ကို ရှုရ၏။

**ဤဘင်ဥာဏ်ကား**·····ရှေ့သမ္မသနဉာဏ်က သင့်ပွေ့ သင်္ခါရာ အရ ကလာပ်တိုက်တို့၏ အပျက်ကိုရှုလာကြရသည့်အတွက် ထိုထိုသဘောမျှ ကလာပ်တို့ ၂၅–မိုးဒဏ်ချက်အးရနှင့် အလွန် အပျက်မြန်လှသည့်ဘက်ကိုသာ ထင်မြင်လာနိုင်ကြသောကြောင့် ဥဒယဗ္ဗယဉာဏ်တွင် အဖြစ်ကိုမမြင်တော့ဘဲ ပျက်ပျက်လိုက်သော ဘင်ဉာဏ်ဘက်သို့သာ တက်တက်သွားတော့၏ဟုသိအပ်၏။

**သုံးချက်ပျက်တို့ကိုရှုရပုံ**·····ဤဘင်ဉာဏ်အရ ခြေလှမ်း တလှမ်း တလှမ်း၌ ၃-ချက် ပျက်တို့ကို ရှုရပုံကား–ယခု ရပ်လိုသော စိတ်နှင့် ရပ်နေသော မိမိ ရုပ်ကောင်ကြီးတို့၏ အနေ, အထား, သဘောသွားတို့ကို ရှေ့ကပြခဲ့သည့်အတိုင်း ရှုကြည့်၍ အရွေ့အထား မခံနိုင်သည့် အချက်ကို ဉာဏ်ဖြင့် မိမိ ပြုံးပြုံးကြည့်၍ ခြေလှမ်းတဖက်စီသာ ရှုလိုပါမူ,ယခု နုတ်လာသော ခြေလှမ်း အမူအရာသည် ရှေ့ခြေနှင့်တွဲလျှင် တခါ ပျက်ရှု၊ရှေ့သို့ လွှန်သွားလျှင် တခါပျက်ရှု၊အောက်သို့ချ လိုက်လျှင် တခါပျက်ရှု၊ မိမိနုတ်ကလည်း တွဲပျက်, လွှန်ပျက်, ကျပျက်-ဟု ဆို၍,ဆို၍,စကြံသွားပါလေ။

ဤသုံးပါး ပျက်တို့တွင် ခြေနုတ်ရာမှရှေ့ခြေနှင့် တွဲသည့်အချက်ကိုသာ ဂရုစိုက်၍ ရှုပါ။ မထင်နိုင်မူ ရှေ့ခြေကိုရင်း၊အောက်မြေကိုရင်း ထိ၍,ထိ၍ တွဲပျက်ကို ရှုပါ။ရှေ့သို့ လွှန်ပျက်ကိုရင်း၊ခြေအချပျက်ကိုရင်း မျက်မြင်ဖြင့်ပင် သိနိုင်၏။ဤရှေ့က ပြခဲ့သည့် အတိုင်း ညာခြေလှမ်းမှာ ၃–ချက်ပျက်ကို မကြာခင် ယခုသွားဆဲ မှာပင် မြင်နိုင်၏။

ဤသို့ တဖက်စီ မြင်ပြီးမှ ဘယ်ခြေလှမ်း (၃) ချက်ပျက်တို့ကို လည်း မကြာခင် ယခုစကြံသွားဆဲမှာ မြင်အောင်ရှုပါ။ ဤတလှမ်း (၃)ချက်ပျက်ဘို့ကို ဘယ်ဘက်တလဲ ညာဘက်တလဲစီ ပြောင်း

၍ ပြောင်း၍ ရှုတိုင်း ထင်မြင်လာမူ,ခပ်လေးလေး လှမ်း၍—လှမ်း၍ တဲ့ပျက်,လွန်ပျက်၊ကျပျက် တဲ့ပျက်,လွန်ပျက်,ကျပျက်-ဟု ရှု-ရှု သွားပါမူ,ယခု စ,စဦး အလုပ်ပြုရင်းပင်(၃)ချက်ပျက်စီ ထင်မြင်နိုင်၏-ဟု မှတ်။

**ဘင်္ဂဥဘက်အရ**…အမြန်ပျက်ရှုသည့် ဘင်္ဂဉာဏ်အရကိုမိုးစွမ်း ရွာဆဲအခါ ထိုထိုရေအပြင်မှာ ရေစီပေါက်း တို့ ဖြစ်ပျက်တာလောက် အမြန်ကိုပြသည်တို့နှင့် ကိုက်ညီကြ၏ဟု သိကြပါလေ……။

**တနည်း**……သဲချောင်းသဥ္စတိ—ချ၍ စေ့စေ့ ကြည့်သောအခါ ထိုသဲချောင်းအတွင်းက သဲမှုန့်တို့ ရွှေသို့ အနည်း ငယ်စီ ရွေ့ရွေ့သွားသည်ကိုရင်း၊ နောက်ဘက်ကလည်း အနည်း ငယ်စီ ပျက်ပျက်—ပျောက်ပျောက် လိုက်သည်ကိုရင်း မျက်မြင် ဉာဏ်တွေ့ သိရှိနိုင်သလို မိမိတို့ ရုပ်,နာမ်ကောင်ကြီး ရှေ့ဘက်သို့ ရွေ့ရွေ့တက်သွားသည်ကို မျက်မြင်ဖြင့်ပင် သိရ၏။ မိမိ နောက် ဘက်ကလည်း မရေတွက်နိုင်အောင်ပင ဧလဟောကြီး ပျက်ပျက် ပျောက်ပျောက် မရှိ-မရှိ လိုက်နေကြသည်တို့ကို ဉာဏ်ဖြင့် သိမြင် နိုင်ကြ၏။ ဝါ-သဲချောင်းပျက်သည့်အတူ ထင်မြင်နိုင်အောင် အခါခါ ရှုကြပါလေ……။

**ဤဘင်္ဂဥဘက်အသားကျထင်မြင်နေပုံကား**…ထိုထို သွားလာ နေထိုင် လုပ် ကိုင်သော အမူအရာတိုင်းတို့မှာ ရှေ့က ခြေတလှမ်း—တလှမ်းမှာ အကျော်အခံ နှစ်တန်တွေပျက်တို့ကို တပြိုင်နက်မြင်ရတာလို ယခု အမြန်ပျက်တို့မှာလည်း "ဗဟိဒ္ဓ"တို့ကိုပါ တွဲ၍တွဲ၍ နှစ်တန်ပျက် တို့ကို ထင်မြင်၍ ထင်မြင်၍ ရှုနိုင်ပါမူ, ဘင်္ဂဉာဏ် အသားကျပြီ ပိုင်ပြီဟု မှတ်ကြပါလေ။ ပိုင်နိုင်အောင်လည်း အားသစ်ကြပါလေ။ ကြွင်းဇ္ဈရိယာပုထ် ၃-ပါးတို့၌ကား ထွက်သက် ဝင်သက် အမူ အရာတို့မှာ အမြန်ပျက်ထင်မြင်အောင် ရှုကြပါလေ ….။

ဘင်္ဂဥဘက်ပြီး၏။

## သတ္တမရက် ဘယ-စသည်ရှုရချက်

**ဘယဉာဏ်ဆိုသည်ကား**.....မိမိတို့၏ စေဘုရားထိပ်ခေါင်တင်-ဟု ထင်နေကြသော မိမိရုပ်,နာမ်,ခန္ဓာတို့၏ ဘေးကြီးတို့ကို ရှုကြရသော ဉာဏ်တို့ကိုဆို၏။

အနည်းငယ်ချဲ့၍ပြဦးအံ့။မိမိတို့ရရှိနေကြသော ဘဝနှင့်စည်းစိမ်တို့၏ ဘေးအပြစ်ကို မသိသူတို့က မိမိကိုယ်ကို စေဘုရားထင်ကြပြီး အလွန်ပင် နှစ်သက်အားရ ဝမ်းသာနေကြရကုန်၏။မိမိကို ကြေန်သတ်ကြမည့် တခြားရန်သူကြီးတို့ကား တဘဝ-နှစ်ဘဝ စသည်ကဘဝ-ရာ,ထောင်လောက်သာ သတ်နိုင်ကြကုန်ရာ၏။ မိမိတို့ခန္ဓာတို့က မိမိတို့ကို သတ်,သတ် လာခဲ့ကြသည်ကား–ဘဝတို့ကိုမဆိုထားနှင့်ဦး, ကမ္ဘာကြီးတို့ပင် မရေတွက်နိုင်အောင်ဘဲ ဘဝတိုင်း သတ်,သတ် လာခဲ့တာလည်း"ငါ့ ခန္ဓာဘဲ ငါ့ခန္ဓာဘဲ" ဟု ရှုပါ။ယခုဘဝမှာလည်း ကြေန်သတ်ရန် မရ–ရသာ အမြဲအခွင့်ကိုရှာနေတာလည်း "ငါ့ခန္ဓာစုဘဲ ငါ့ခန္ဓာစုဘဲ" ဟုရှုပါ။ နောက်နောင်အဆုံးမရှိသော ကမ္ဘာကြီးတို့မှာ ဖြစ်ဖြစ်သမျှသော ဘဝတို့ကိုသတ်,သတ် သွားဦးမှာလည်း "ငါ့ခန္ဓာစုဘဲ ငါ့ခန္ဓာစုဘဲ"–ဟုမျက်မြင်ဉာဏ်တွေ့ ရှုကြည့်ကြပါမူ, မိမိခန္ဓာတို့က မိမိတို့အပေါ်မှာ ဆိုးတာတို့က အဆိုးဆုံး ရန်သူကြီးတို့ထက်မက ဆိုးဝါးနေကြတာတို့ကို ထင်မြင်နိုင်ကြကုန်ရာ၏။

ဤအတူ သေပေါက်-သေဝ–တို့မှာ နာဘေးကြီး အမျိုးမျိုးတို့နှင့်လည်း နှက်၊ချစ်ခင်သူတို့နှင့် ကွဲဘေးကြီး အမျိုးမျိုးတို့နှင့်လည်း နှက်၊ရှာမှီးထားသော ပစ္စည်းဝတ္ထုအကုန်လုံးတို့နှင့် ရှင်မွဲ-သေမွဲဘေးကြီးအမျိုးမျိုးတို့နှင့်လည်း နှက်၊ ထိုသေပေါက်တိုင်းတို့မှာဤဘေးကြီးအမျိုးမျိုးတို့နှင့် တွေ့ရသည့်အတွက် အသေခက်ကြပြီးအပါယ်ဘက်သို့ချည်း ကျ-ကျ-သွားကြမည့် အပါယ်ဘေးကြီး အမျိုးမျိုးတို့နှင့်ဘဝတိုင်းတို့မှာ,နှက်-နှက်-သွားကြမည့် ရန်သူကြီးတို့

ဆိုတာလည်း"ငါ့ခန္ဓာရတဲ ငါ့ခန္ဓာရဘဲ" ဟု ဘေးတွေ အမျိုးမျိုး တို့ဖြင့် ရှုရန်—

သူ့ထက်ငါသာ၊ "ဘေးကြီးရာ"၊မြိုင်ကာပြေးရခြင်း။

ဟူသော လင်္ကာအတွင်းက ဘေးကြီးရာကို ချဲ့၍ပြဆိုရမူ, အိုဘေးကြီးရာ,နာဘေးကြီးရာ,သေဘေးကြီးရာ, ကွဲဘေးကြီးရာ, မွဲဘေးကြီးရာ,ကိလေသာဘေးကြီးရာ, အပါယ်ဘေးကြီးရာ—မြိုင် ကာ ပြေးပြေးနေရတာတို့ကို ဆိုလို၏။ ဤသို့ ဆိုသည့်အတိုင်း ဉာဏ်ဖြင့် မိမိ ထိုအချက်တို့ကို ပြူးပြူးကြည့်၍ သိ၍—

"ဤခန္ဓာဆိုးကြီးက အိုဘေးကြီးနှင့် နှက်နေဆဲ,အိုဘေးကြီးနှင့် နှက်နေဆဲ၊အိုဘေးကြီးနှင့် နှက်ခဲ့လှပြီ,နှက်ခဲ့လှပြီ၊ အိုဘေးကြီးနှင့် နှက်ချည်သေး,နှက်ချည်သေး" စသည်ဖြင့် အဘိဓမ္မာသုတ်အရတို့ ချဲ့ထွင်၍ ဘေးအမျိုးမျိုး ထင်ရှားကြအောင် ရှုစေလို၍ "အို,နာ, သေ,ကွဲ၊ ကံ,နှစ်တွဲ၊ အမြဲနေ့တိုင်းရှု။ အကုသိုလ်ပြုက, အပါယ် ကျ၊ ကုသိုလ်ပြုမှ,ကောင်းရာရ၊ ကံသာမူလ, ဖြစ်သမျှ"ဟူသော အဘိဓမ္မာသုတ် အကျဉ်းချုပ်လင်္ကာကို ပြအပ်ပါသတည်း။ ငါတို့ ရေးပြအပ်ပါသော ၎င်းသုတ်အကျယ်ကိုလည်း ရှုကြည့်ပွါးများ ကြပါလေ……။

**ဒုက္ခလက္ခဏာကိုပွါးရန်**……ဤဘေးကြီးတို့ကိုထင်မြင်အောင် ဒုက္ခလက္ခဏာကို ပွါးရန်ကား—

ဤလောကကြီး၌သေအောင် ဘေးအမျိုးမျိုးတို့ဖြင့် နှိပ်စက်ကြရာ တွင် အရိုး,အသားမျှ ရှာမရအောင် ပန်းဘဲ-ပေတုံးပေါ် သွားနေ သော ပဋ္ဌက်ဆိတ်သတ္တဝါကို တူမကြီးဖြင့် အားကုန်ထုနှက်၍ သတ်သော်လည်း အမိုစက်ကလေး ကျန်နေသေးသည်။ ထိုအစို စက်မျှ မကျန်ရအောင် သေကြရသည့် ဘေးကြီးကား-အနိစ္စ—သေ ဘေးကြီးဘဲ—ဟု သိစေခြင်းငှါ—။

အနိစ္စတာ စ နာမေသာ မရဏံ၊ မရဏတော ဥတ္တရိ ဒုက္ခံနာမ နတ္ထိ။

ဧသော အနိစ္စ တာစ နာမ=ဤမမြဲခြင်း အနိစ္စမည်သည်ကား။ မရဏံ=သေရခြင်းပင်တည်း။ မရဏတော=ဤအနိစ္စ သေခြင်းထက်။ ဥတ္တရိ=ပိုသာလွန်ကဲသော။ ဒုက္ခံနာမ=အကြီးဆုံး ဒုက္ခမည်သည်။ နတ္ထိ=မရှိ။

ဟု သံယုတ်အဋ္ဌကထာ မိန့်တော်မူတိုင်း ရှုကြည့်ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေ့ကရှုခဲ့သော အကျော်အခံ နှစ်တန်လုံးတို့ အစုံပျက်ကိုရှုသည့် ဘင်္ဂဉာဏ်မှာသာ ဉာဏ်ကို စိုက်၍စိုက်၍ ''သဗ္ဗေ သင်္ခါရာ ဒုက္ခာ''ဟု ပွါးများရန် အနက် မြန်မာကား။

သဗ္ဗေ=ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိ အချင်းချင်း ထိကာမျှဖြစ်၍ ဇာတိမီး,ဇရာမီး,မရဏမီး, တေဇောမီး, ကိလေသာမီး–တို့အတွက် တရှုရှု တမှုမှု ချုပ်ပျက်နေကြသည့် အလုံးစုံ ကုန်သော။ သင်္ခါရာ=အကြောင်းတရားတို့သည် ကောင်းစွာ ပြုပြင် အပ်ကုန်သော သင်္ခါရအနု ဓာတ်အထု သဘောမျှ အစုတို့သည်။ ဒုက္ခာ=သေဘေးအကြီးဆုံး သင့်နေတဲ့ ဒုက္ခ။ ဝါ=အစိုစက်မျှ မကျန်ရအောင် သေဘေးအကြီးဆုံးသင့်နေတဲ့ ဒုက္ခ။

ဟူ၍ စင်္ကြံအလုပ်ဖြင့် အားထုတ်ကြပါလေ……။

**တနည်း**…ပကတိမီးထက် ငရဲမီးကပြင်းသည်။ ၎င်းထက် ကမ္ဘာကိုလောင်တဲ့မီးက ပြင်းသည်။ ၎င်းမီးထက် ဇာတိ,ဇရာ,မရဏမီး, ကိလေသာမီး-တို့က ပြင်းထန်လှ၍ ထိုထို ဗြဟ္မာ့ဗြဟ္မာ, ကမ္ဘာ့ကမ္ဘာ တို့ပါမကျန်ရဘဲ တပြိုင်နက်တခဏ ခြင်း ပျက်ပျောက်သွားကြအောင် လောင်နေနိုင်ကြသည်ကိုလည်း ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍၎င်း အစုံပျက်ရှုသည့် ဘင်္ဂဉာဏ်မှာ စိတ်ထား ပါ၍၎င်း–

သဗ္ဗေ သင်္ခါရာ ဒုက္ခာ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါး၌ ရှိရှိသမျှသောသတ္တဝါသင်္ခါရတို့သည်။ ဒုက္ခာ=လောင်မီးကျနေတဲ့ဒုက္ခ။ ဝါ=ပြာမှုန့်မျှမကျန်ရ

အောင် လောင်မီးကျကျနေတဲ့ဒုက္ခဟု စကြိဖြင့် ရုံပျက်ကို ရှုပါလေ……။

**တနည်း**……ထို''ဘဂ်ဉာဏ်''ရင့်သန်၍ ဘုံသုံးပါးကြီးတို့သည် အလျှံကင်းသော မီးကျီးတွင်းကဲ့သို့ထင်မြင်လာ၏ဟု ဝိသုဒ္ဓိမဂ် မိန့်ဆိုအပ်သည်နှင့်အညီ ထိုထို-ဘုံသုံးပါးရှိ သတ္တဝါတို့ ဖြစ်နေဆဲဟု ဆိုရတဲ့ ခန္ဓာတို့၏ ဥပါဒ်,ဋ္ဌီ,ဘင်—ဟူသော ပစ္စုပ္ပန်—ခဏ ကာလတို့ကား ဇာတိမီး, ဇရာမီး, မရဏမီး, တောဓောမီး,ကိလေသာမီး-တို့ ပြင်းထန်စွာ လောင်နေဆဲ လောင်နေတုံးတို့ အစစ်ဖြစ်ဖြစ်နေကြသောကြောင့် မိမိတို့ ခန္ဓာကိုယ်ကြီးတို့ဟာ မီးလောင်တိုက်ကြီးအစစ်တို့တည်း။ ဤမီးလောင်တိုက်ကြီးတို့အတွင်းသို့ ကံ,စိတ်,ဥတု,အာဟာရ-တည်းဟူသောအကြောင်းတရား သံသရာ့ရန်သူအကြီးဆုံးများက ထိုထိုသတ္တဝါတို့ မိမိတို့ ဝန်မှမလွတ်ရအောင် ဖြစ်လေရာရာ ဘဝတိုင်း ခဏတိုင်းတို့မှာ အမြဲထိုးထိုးအချခံနေရသည့် မိမိခန္ဓာကောင် မီးလောင်တိုက်တွင်းကြီးကို ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍ သိ၍ရင်း၊ အစုံပျက်ရှုသည့် ဘဂ်ဉာဏ်မှာ စိတ်ထားပါ၍ရင်း—

သဗ္ဗေ သင်္ခါရာ ဒုက္ခာ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သတ္တဝါသင်္ခါရတို့သည်။ ဒုက္ခာ=မီးကျီးတွင်းထဲ ကျ—ကျနေရတဲ့ဒုက္ခ။ ဝါ= ဘယ်ခန္ဓာမျှ မကျန်ရအောင် မီးကျီးတွင်းထဲ ကျ-ကျနေရတဲ့ဒုက္ခ-ဟု စကြိဖြင့် အစုံပျက်တို့ကို ရှုကြပါလေ……။

ဤမှတပါး ဇရာယာပုထ်—သုံးပါးတို့၌ကား—ထွက်သက်—ဝင်သက် အမူအရာပျက် ဒုက္ခသုံးချက်နှင့် တွဲဘက်၍ ရှုကြပါလေ…။

**ဘယဉာဏ်ဖြစ်အောင်ပွါးပုံ**……ဤဒုက္ခလက္ခဏာ သုံးရတို့ကို ထင်မြင်သူတို့သည် ဘယဉာဏ် ဖြစ်အောင် ပွါးပုံကား—ဤဘုံသုံးပါးတို့မှာ ရှေးကပြခဲ့ပြီးသော ဘေးကြီးအမျိုးမျိုးတွေ သင့်-သင့်နေကြသည်ကို ဉာဏ်

ဖြင့် မိမိ ပြုံးပြုံးကြည့်၍ရင်း၊ အစုံပျက်ရှုသည့် "ဘင်ဉာဏ်"မှာ စိတ်စိုက်ပါ၍ရင်း—

သဗ္ဗေ သင်္ခါရာ ဘယာ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သင်္ခတဝါသင်္ခါရ တို့သည်။ ဘယာ=ဘေးကြီးတွေ သင့်-သင့်နေတဲ့ ဒုက္ခ။ဘေးကြီး တွေ သင့်-သင့်နေတဲ့ ဒုက္ခ—

ဟု စကြိဖြင့် ရှုကြပါမူ, ဘေးကြီးတွေထင်မြင်သည့်"ဘယ ဉာဏ်"အစစ် ဖြစ်လေ၏။ အများကိုပြသောအခါ ခြေတဖက်စီ ပြပါလေ။ ဤမှတပါး ဇာရိယာပုထ် သုံးပါးတို့၌ကား—ထွက်သက်-ဝင်သက် အမူအရာပျက် ဒုက္ခသုံးချက်နှင့်တွဲဘက်၍ ရှုကြပါလေ…။

ဘယဥာဏ်-ပြီး၏။

---

## အာဒီနဝဥာဏ် ရှုကြည့်ရန်

**အာဒီနဝဥာဏ်ဆိုသည်ကား**……ရုပ်, နာမ်—တို့၏ အပြစ်ကို ရှုသော ဉာဏ်—ဟု ဆိုလို သည်။ ဟို-ရှေးရှေး အစမထင် သံသရာကြီးတို့မှာ ဘုရားမရှိ တရားမသိသော ဘဝသာ များကြရုံမက ကမ္ဘာကြီး အသင်္ချေ-ချေ တို့မှာ မိုက်ခွင့်ကို ရှာ၍ မိုက်မှားလာကြသည့် မကောင်းမှုကံတို့ကို ၎င်း၊ နောက်နောင်ကာလ ဘဝသံသရာ ကမ္ဘာအသင်္ချေ—ချေ တို့မှာလည်း မိုက်ခွင့်သာသလောက် မိုက်မှားသွားကြဦးမည့် မကောင်းမှုကံတို့ကိုရင်း မည်မျှ မည်မျှ ကြီးမားစွာရှိနေကြမည် ကို သိလိုကြပါမူ, ယခု ဘဝကောင်း, ကာလကောင်း, အကျင့် ကောင်းကြီးတို့အတွင်းမှာပင် မှတ်တင်၍စမ်းကြည့်ကြမူ,သိနိုင်၏။

**စမ်းပုံ**……ယခုအခါ ဘုရားလည်းရှိ,တရားလည်းရှိ,ထိုတရား တို့ကိုလည်းသိ, ကျွန်းမာချမ်းသာခြင်းလည်းရှိ,အား ထုတ်လိုသော စိတ်သန်သန်ဖြင့်"ငါ-ဤဘုရားရှိခိုးမဆုံးခင် တခြား

သို့ စိတ်မသွားရဘူးဟဲ့.”ဟူ၍ အဓိဋ္ဌာန်ကြီးကိုလည်း ပြုပြီး ခဲခဲ–မဲမဲကြီး ဘုရားရှိခိုးနေဆဲ အခါထဲမှာပင် “မိစ္ဆာဝိတက်”တွေဝင်,ဝင်လာချက်ကြီးကို မိမိကိုယ်တိုင် ဤမှတ်ကျောက်ကောင်းကြီးမှာ တင်,တင်,ကြည့်၍ ကုသိုလ်တရားတို့က မှတ်မစားချက်တို့ကို ယခုလက်တွေ့ သိကြရသောကြောင့်……။

ဩြော်–ရှေးရှေးသံသရာက မိုက်မှားပြီးသား ဒုစရိုက်များကို အဏုမြူ,မျှ ဒြပ်ထား၍ ငါ့ကိုဝိုင်းကြလျှင် စကြဝဠာ ရာ,ထောင်တို့ မဆန့်အောင် ဒုစရိုက်-များပြားစွာတို့သည် အကျိုးပေးခွင့်ကို ရှာပြီး လိုက်ပါနေကြမှာပါတကား-ဟု မိမိအပြစ်ကြီးတို့ကို ရှု၍ ၎င်း၊ ၎င်းနောက်လည်း အရိမေတ္တေယျ တဆူပွင့်ပြီးလျှင် ကမ္ဘာကြီး အသင်္ချေတို့အတွင်းမှာ ဘုရားတို့ မပွင့်ပါဘဲ အမိုက်အမှားတို့ အထဲက အထူးမိုက်မိုက် သွားကြမည်များကို ယခုဘုရားရှိခိုးစမ်းကြည့်တဲ့. မှတ်ကျောက်အရ လွန်မင်းစွာ မိုက်မိုက်သွားကြမည့် ဒုစရိုက်အသင်္ချေတို့ကလည်း အပြီးသား စောင့်နေကြမည့် မိမိအပြစ်ကြီးများကို ရှု၍၎င်း ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍ စုံပျက် ဘင်ဉာဏ်မှာ စိတ်စိုက်ပါ၍·····

သဗ္ဗေ သင်္ခါရာ အာဒိနဝါ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သင်္ခတဝါသင်္ခါရတို့သည်။အာဒိနဝါ=အပြစ်ကြီးတွေ သင့်နေတဲ့ဒုက္ခ။ ဤအပြစ်ကြီးတွေ သင့်နေတဲ့ ဒုက္ခ–

ဟု စကြိဖြင့် ရှုကြမှု,အပြစ်ကြီးတွေ ထင်မြင်သည့် “အာဒီနဝဉာဏ်”အစစ် ဖြစ်လေ၏။ ခြေတဖက်စိပြ။ကြွင်းဆုရိယာပုထ်တို့မှာ အာနာပါန-ဖြင့် ရှုကြပါလေ။ “အာဒီနဝဉာဏ်”အရကို တိုတို–တုတ်တုတ်နှင့် ကျဉ်းကျဉ်းရှင်းရှင်းသိလိုသူတို့အတွက် ·····။

(×) ရှေ့နောက်ညှပ်ခါ၊ ဘေးများစွာ၊ဆုံခါနှက်၏မင်း။

(×) ဝိသုဒ္ဓိသာ၊ ကိုးကွယ်ရာ၊ မှန်စွာဖြစ်တော့ခြင်း။

(×) သိကြားဗြဟ္မာ၊ ဘုရားလာလည်း၊ ကိုးရာမရ၊ သင်္ခါရ၊ ဖြစ်ကပျက်မြဲသာ။

(×) သိကြားဗြဟ္မာ၊ ဘုရားမှာတောင်၊ ကိုးရာမရ၊ သင်္ခါရ၊ ဖြစ်ကပျက်မြဲသာ။

ဟု ဆောင်ပုဒ်တို့ကို ပြအပ်ပါသတည်း။

အာဒီနဝဉာဏ် ပွါးများရန်ပြီး၏။

---

## နိဗ္ဗိန္ဒဉာဏ်နှင့် မုဉ္စိတုကမျတာဉာဏ်-ပွါးများရန်

**နိဗ္ဗိန္ဒဉာဏ်**......ရှေ့ဉာဏ် ၂-ပါးတို့ကို ထင်ရှားစွာ သိမြင်ပေါက်ရောက်ကြပါမူ, ဤဘုံသုံးပါးကြီးတို့ကို ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ခြင်း နိဗ္ဗိန္ဒဉာဏ်တို့လည်း ဖြစ်ပေါ်လာနိုင်ကြကုန်ရာ၏။

**မုဉ္စိတုကမျတာဉာဏ်**......ဤ နိဗ္ဗိန္ဒ-ဖြစ်ကလည်း ထိုထိုဘုံသုံးပါးကြီးတို့က အမြန် ကျွတ်လွတ်လိုသော မုဉ္စိတုကမျတာဉာဏ်တို့လည်း ဖြစ်ပေါ် နိုင်ကြကုန်ရာ၏။ ဤဉာဏ်တို့ကိုပွါးများရန် ဘုံသုံးပါးကြီးတို့၏ ဘေးကြီး အပြစ်ကြီးတို့ကို ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍ရင်း အစုံပျက်ရှုသော ဘင်ဉာဏ်မှာ စိတ်စိုက်ပါ၍ရင်း-

သဗ္ဗေ သင်္ခါရာ နိဗ္ဗိန္ဒာ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သတ္တဝါသင်္ခါရတို့သည်။ နိဗ္ဗိန္ဒာ=အလွန် ပျင်းဘွယ်ကောင်းတဲ့ ဒုက္ခ။ အလွန်ပျင်းဘွယ်ကောင်းတဲ့ဒုက္ခ။ အလွန်မုန်းဘွယ်ကောင်းတဲ့ ဒုက္ခ- ဒုက္ခ။ အလွန်ငြီးငွေ့ဘွယ်ကောင်းတဲ့ဒုက္ခ-ဒုက္ခ။ အလွန် မပျော်မွေ့ဘွယ်ကောင်းတဲ့ဒုက္ခ-ဒုက္ခ-

ဟု စကြိမ်ဖြင့် ရှုကြပါမူ,နိဗ္ဗိန္ဒဉာဏ်ဖြစ်၏။ ခြေတဖက်ဓိပြ။ ။ အာနာပါန ဖြင့်လည်း ရှုကြပါလေ။

မုဋ္ဌိတုကမျတာဉာဏ်ကိုလည်း ဤဘေးအပြစ် ကြီးမားလှသော ဘုံသုံးပါးကြီးတို့ကို ဉာဏ်ဖြင့်မိမိ ပြူးပြူး ကြည့်၍ရင်း၊ အစုံပျက်ကိုရှုသော ဘင်္ဂဉာဏ်မှာ စိတ်စိုက်ပါ၍ရင်း—

သဗ္ဗေ သင်္ခါရာ မုဋ္ဌိတုကမျတာ။

သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သတ္တဝါသင်္ခါရတို့သည်။ မုဋ္ဌိတုကမျတာ=အမြန် ကျွတ်လွတ်ဘွယ်ကောင်းတဲ့ ဒုက္ခ။အမြန် ကျွတ်လွတ်ဘွယ်ကောင်းတဲ့ဒုက္ခ—

ဟု—စကြိမ်ဖြင့် ရှုကြပါမှု,မုဋ္ဌိတုကမျတာဉာဏ်ဖြစ်၏။ ခြေ တဖက်စီပြ။ ။အာနာပါနဖြင့်လည်း ရှုကြပါလေ။

ဤဘယ-စသော ဉာဏ် ၄-ပါးတို့ကို အကျဉ်းရှုတတ်ကြရုံသာ ပြအပ်ပါသတည်း။ အကျယ်ကို ကြည့်လို သိလို ကျင့်လိုကြပါမူ, ငါတို့ရေးပြအပ်သော ဝိပဿနာကျင့်စဉ်ကျမ်း ဒွါဒသမ-တေရသမ—စုဒ္ဒသမ—ရက် ကျင့်စဉ်တို့မှာ ကျယ်ဝန်း ခမ်းနားစွာ ရေးထားပါသတည်း။ရင်းမှာရှုကြပါလေ။

နိဗ္ဗိန္ဒနှင့် မုဋ္ဌိတုကမျတာဉာဏ်တို့ပြီး၏။

---

## ဝိပဿနာဉာဏ်ရှိုးလက်ာစု

၂၁။ သူ့ထက်ငါသာ၊ ဘေးကြီးရာ၊ ပြိုင်ကာပြေးရခြင်း။

၂၂။ အိုနာသေကွဲ၊ ကံနှစ်တွဲ၊ အမြဲနေ့တိုင်းရှု။

၂၃။ အကုသိုလ်ပြုက၊ အပါယ်ကျ၊ ကုသိုလ်ပြုမှ၊ ကောင်းရာရ၊ ကံသာမူလ-ဖြစ်သမျှ။

၂၄။ ရှေ့နောက်ညှပ်ခါ၊ ဘေးများစွာ၊ ဆုံခါနှက်၍မင်း။

၂၅။ ဝိသုဒ္ဓိသာ၊ ကိုးကွယ်ရာ၊ မှန်စွာဖြစ်တော့ခြင်း။

၂၆။ သိကြားပြဟ္မာ၊ ဘုရားလာလည်း၊ ကိုးရာမရ၊ သင်္ခါရ၊ ဖြစ်က—ပျက်မြဲသာ။

၂၇။ သိကြွားဖြပဟ္မာ၊ ဘုရားမှာတောင်၊ ကိုးရောမရ၊ သင်္ခါရ၊
ဖြစ်က—ပျက်မြဲသာ။

ဟု—ဤလင်္ကာ တို့မှာ ပါသည့် ရုပ်, နာမ်-တို့ ဖြစ်ပျက်ကို ဉာဏ်သက်ဝင်၍ ရှုကြပါ။

ပြီး၏။

---

## အဋ္ဌမရက် ပဋိသင်္ခါဉာဏ်ရှုရန်အချက်

**ဤရက်၌အားထုတ်ရန်ကား**……အနတ္တလက္ခဏာ ၄—ချက် နှင့် တုစ္ဆ,သုည - ဉာဏ်တို့ ပါတည်း။ ။ရှေ့က ပြခဲ့သော ဘယ,အာဒီနဝ,နိဗ္ဗိန္ဒ,မုဉ္စိတုကမျတာ- ဉာဏ်တို့ ထက်သန်လှ၍ ဤဘုံသုံးပါးကြီးမှ အမြန် ကျွတ်လွတ်ရန် (၄၂)ပါးသော ဝိပဿနာဉာဏ်တို့ဖြင့် တဖန် လော၍ အားထုတ်ပြန်သောဉာဏ်ကို“ပဋိသင်္ခါဉာဏ်”ဟုဆိုအပ်၏။

ဤဉာဏ်တို့ကို ပြရခြင်းအလိုကို ထင်ရှားအောင်ပြဆိုဦးအံ့။ ပုထုဇဉ် ရှိရှိသမျှတို့သည် ရုပ်,နာမ်,ခန္ဓာတို့၌ရင်း၊ ထိုမှအလွတ်၌ရင်း၊ “အတ္တ”ဟု စွဲမြဲယူသချက်ကို “အတ္တဒိဋ္ဌိ။ဝါ—သက္ကာယဒိဋ္ဌိ” ဟု ဆို၏။

**အတ္တအနက်**……ဤအတ္တအနက်ကို အချို့က(ကိုယ်)ဟုအနက် ပြန်ဆိုကြ၏။ အတ္တာတိ ကာယော-ဟု မဖွင့်ပြကြသောကြောင့် မပြန်ရဟု ဆရာကြီးများပယ်ကြ၏။“အတ္တ” အရကို “သာရ” ပြဆိုသောကြောင့်“အနှစ်”ဟူ၍သာပြန်ရမည်။ ထိုထိုအဋ္ဌကထာကြီးတို့၌ “အနတ္တာ အသာရကဋ္ဌေန” ဟုသာ ဖွင့်ပြကြသည့်အတိုင်း “အတ္တ” ကို အနှစ်အတ္တ— ဟုပြန်ပါ။ “အနတ္တ” ကို အနှစ်အတ္တမဟုတ်— ဟု ပြန်ပါ။

ဤအတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ-ကို မြန်မာတို့က “မိမိခန္ဓာကောင်ကြီးဟာ ငါဘဲ ဝါ-ငါဘဲ ဤခန္ဓာကောင်ကြီး”ဟု စွဲယူထင်မြင်ကြ၏။ ဤထင်မြင်ချက် “အနှစ်အတ္တ” ကင်းလွတ်ကြအောင် ဘုရား

စသောသုတ္တော်ကောင်းတို့သည် အနှစ်အတ္တမပါသော သဘောမျှ
သက်သက်သာ ဖြစ်သည့် ရုပ်,နာမ်,ခါတ်,ပရမတ်–တို့ကို ဟော
ပြကြရ၏၊ ဟောပြတိုင်း ထင်မြင်အောင် ''ဒိဋ္ဌိဝိသုဒ္ဓိ'' စခဏ်းက
နာမရူပဝဝတ္ထာနဉာဏ်ကို ပြခဲ့ရ၏။

တဖန် ဤလောကကြီးကို မည်သူမည်ဝါတို့က ဖန်ဆင်းခြင်း
စသော ယုံမှားဘွယ်တို့ ကင်းကြအောင် ကင်္ခါဝိတရဏဝိသုဒ္ဓိ
အခဏ်းက ပစ္စယပရိဂ္ဂဟာဉာဏ်ကို ပြခဲ့ရ၏။ထိုထို သံသရာက စွဲမြဲ
လာခဲ့သော ငါတဲဟုထင်သည့်''အနှစ်အတ္တ''စွဲကြီးတို့မှ ကင်းလွတ်
ရန် အနိစ္စလက္ခဏာ (၁၅)ချက်တို့ဖြင့် ပြ၍ ဤ ရုပ်,နာမ်–ခန္ဓာ
တို့သည် အနှစ်အတ္တ မဟုတ်လို့သာ မမြဲတာဘဲဟု **သိစေလို၏။**

တဖန် ဒုက္ခလက္ခဏာ(၃၇)ချက်တို့ဖြင့် ပြ၍ ဤရုပ်,နာမ်-ခန္ဓာ
တို့သည် ''အနှစ်အတ္တ''မဟုတ်လို့သာ ဆင်းရဲတာဘဲဟု သိစေ
လို၏။

တဖန် အနတ္တ လက္ခဏာ။ (၁၀)ချက်တို့ဖြင့်ပြ၍ ဤရုပ်, နာမ်-
ခန္ဓာတို့သည်''အနှစ်အတ္တ''မဟုတ်ကြဟု ပြတော်မူ၏။ ဤအနတ္တ
လက္ခဏာတို့ကို သိစေလိုခြင်း အရင်းပြု၍ သမ္မသန, ဥဒယဗ္ဗယ,
ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ, မုဉ္စိတုကမျတာ-ဉာဏ်တို့ကို ဟော
ပြကြရ အားထုတ်ကြရကုန်၏။

**ပဋိသမ္ဘိဒါဉာဏ်**......ဤသို့ အားထုတ်ကြရသော်လည်း ''အနု
သယ''ဘုံဌာနဌ် အစဉ်ကိန်းဝပ်၍နေသော
''အနုသယ-အနှစ် အတ္တဒိဋ္ဌိ''ကြီးကား-မကျွတ်သေးသောကြောင့်
ဤ ''အနှစ်အတ္တဒိဋ္ဌိ'' ကင်းလွတ်ကြရအောင် (၆၂) ပါးသော
ဝိပဿနာဉာဏ်စဉ်တို့ဖြင့် နောက်ထပ် အဖန်ဖန် အားထုတ်ကြရ
ပြန်သောဉာဏ်ကို''ပဋိသမ္ဘိဒါဉာဏ်''ဟုဆိုအပ်၏။ ဤသို့(၆၂)ပါး
ပြသော်လည်း ရင်းကိစ္စပြီးစီးနိုင်လောက်ရုံရှုရန်ကား–

သဗ္ဗေ သင်္ခါရာ အနတ္တာ,တုစ္ဆာ,သုညာ။

ဤသုံးချက်သာ ရှုကြဦး။

သဗ္ဗေ=ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိ အချင်းချင်း ထိကာမျှဖြစ်၍ ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေသာမီး–တို့အတွက် တရှုရှု–တမွှမွှချုပ်ပျက် နေကြသည့် အလုံးစုံကုန်သော၊ သင်္ခါရာ=အကြောင်းတရားတို့သည် ကောင်းစွာပြုပြင်အပ်ကုန်သော သင်္ခါရအနု ခတ်အထု သဘောမျှ အစုတို့သည်။ အနတ္တာ=အနှစ်အတ္တမဟုတ်ကုန်။ တုစ္ဆာ=အချည်းနှီး ဖြစ်ကုန်၏။ ဝါ=ဘာမျှမဟုတ် ဘာမျှမဖြစ် ဘာမျှအသုံးမကျကုန်။ သုညာ=သုဉ်းကြကုန်၏။ဝါ=ချုပ်ပျက် ကုန်ဆုံး သုဉ်းကြကုန်၏။

ဟု–အနက်ကို သိရှိပြီးမှ–

**စကြ်ဖြင့်အားထုတ်ကြရပုံကား** ·····စင်္ကြံသွားရန် ရပ်နေသော မိမိ ခန္ဓာကိုယ်ကောင်ကြီးတို့"အနေ အထား သဘောသွား"တို့ကို ရှေးကပြခဲ့တိုင်း အရွေ့, အထား မခံနိုင်ကြသည်ကိုသိ၍ ရပ်လိုသောစိတ်ဖြင့် ရပ်နေသောရုပ်ကောင်ကြီးတို့သည် ညာလှမ်း လှမ်းလိုသောစိတ်ဖြင့် ညာလှမ်းရုပ်တို့ဖြစ်စကပင် အကုန်လုံးတို့ပျက်သည့် အနှစ်မဟုတ်ချက်ကို ဉာဏ်ဖြင့်မိမိ ဖြူးဖြူးကြည့်၍ ညာလှမ်းဘယ်လှမ်းတို့နှင့် တပြိုင်နက် အကျော်,မိမိ ရုပ်,နာမ်၊အခံ, ကန္ဒာကြီးအကုန်လုံးတို့ အနှစ်အတ္တမဟုတ်,အနှစ်အတ္တ မဟုတ်-ဟု အခါခါပွါးပါမူ, အနိစ္စထင်ပြီးသား ဒုက္ခထင်ပြီးသား–ယောဂီများတို့သည် မကြာခင် အနှစ်မဟုတ်သည့် အနတ္တလက္ခဏာ ရိုးရိုးတို့ကို ထင်မြင်ပေါက်ရောက်နိုင်ကြကုန်ရာ၏-ဟု မှတ် ··· ။

## အနတ္တလက္ခဏာ ၄-ချက်နှင့် တုစ္ဆ,သုညတို့ပွါးရန်

အနတ္တလက္ခဏာ ၄-ချက်တို့ကို ပွါးများရန်မှာ အနုသယ "အနှစ်အတ္တ"အနေနှင့် ကိန်းဝပ်နေသော"အတ္တဒိဋ္ဌိ"အရကို ရှေးဒိဋ္ဌိဝိသုဒ္ဓိ–စခန်းက ပြခဲ့သော အနှစ်အတ္တ ၄-ချက်တို့ကို နှ–မြစ်၍ ဤအနှစ် ၄-ချက်တို့ မဟုတ်-ဟု ရှုရန် ၄–ချက်ကား–

အတ္တာ နိစ္စော ရဝေါ သဿတော အဝိပရိဏာမ ဓမ္မော။

အတ္တာ=အနှစ်အတ္တသည်။ ၁-နိစ္စော=မြဲနေနိုင်၏။ ၂-ဓုဝေါ= ခိုင်မာနေနိုင်၏။ ၃-သဿတော=အခါခပ်သိမ်းထင်ရှားရှိနေနိုင်၏။ ၄-အဝိပရိဏာမဓမ္မော=မဖောက်မပြန်နိုင်သော သဘောရှိ၏။

ဟူ၍ရင်း။

အတ္တာ သာမိ နိဝါသိ ကာရကော ဝေဒကော သယံဝသိ။

အတ္တာ=အနှစ်အတ္တသည်။ ၅-သာမိ=အစိုးရနေနိုင်၏။ ၆-နိဝါ သိ=အမြဲတည်နေနိုင်၏။ ၇–ကာရကော=ပြုလုပ်နေနိုင်၏။ ၈-ဝေဒ ကော=ခံစားနေနိုင်၏။ ၉-သယံဝသိ=မိမိအလို လိုက်စေနိုင်၏။

ဟူ၍ရင်း ပါဠိတော် အဋ္ဌကထာတို့၌ မိန့်မှာတော်မူတိုင်း စကြိ နှင့် အကျော်-အခံ ၂-တန်ပျက်တို့ကို ဉာဏ်ဖြင့်မိမိ ပြုးပြုးကြည့်၍-

သဗ္ဗေ သင်္ခါရာ အနတ္တာ။

သဗ္ဗေ=ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိ အချင်းချင်း ထိကာမျှဖြစ်၍ ဓာတ်မီး, ဇရာမီး, မရဏမီး, တေဇောမီး, ကိလေ သာမီး–တို့အတွက် တရွရွ–တမွမွ ချုပ်ပျက်နေကြသည့် အလုံးစုံ ကုန်သော။ သင်္ခါရာ=အကြောင်းတရားတို့သည် ကောင်းစွာပြုပြင် အပ်ကုန်သောသင်္ခါရအနု ဓာတ်အထု သဘောမျှအစုတို့သည်–

၁။ အနတ္တာ=မြဲနေနိုင်တဲ့ အနှစ်အတ္တ မဟုတ်၊ မြဲနေနိုင်တဲ့ အနှစ်အတ္တမဟုတ်–ဟု ပွါးပါ။

၂။ အနတ္တာ=ခိုင်မာနေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ခိုင်မာနေနိုင် တဲ့ အနှစ်အတ္တမဟုတ်–ဟု ပွါးပါ။

၃။ အနတ္တာ=ထင်ရှားရှိနေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်-ဟု ပွါးပါ။

၄။ အနတ္တာ=မဖောက်မပြန်နိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်–ဟု ပွါးပါ။

၅။ အနတ္တာ=အစိုးရနေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်-ဟု ပွါးပါ။

၆။ အနတ္တာ=အမြဲတည်နေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်-ဟုပွါးပါ။

၇။ အနတ္တာ=ပြုလုပ်နေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်–ဟုပွါးပါ။

၈။ အနတ္တာ=ခံစားနေနိုင်တဲ့ အနှစ်အတ္တမဟုတ်၊ (လ) အနှစ်အတ္တမဟုတ်-ဟု ပွါးပါ။

၉။ အနတ္တာ=မိမိအလိုသို့လိုက်စေနိုင်တဲ့ အနှစ် အတ္တမဟုတ်၊ မိမိအလိုသို့လိုက်စေနိုင်တဲ့အနှစ်အတ္တမဟုတ်ဟု-ခြေလှမ်းတိုင်းလှမ်းတိုင်းတို့မှာ အောက်က အခံကမ္ဘာအားလုံးကြီးတို့နှင့်အကျော်ဖြစ်သည့် မိမိတကိုယ်လုံးတို့ အနှစ်မဟုတ်ကြ၍ ပျက်-ပျက်၊အနှစ်မဟုတ်ကြ၍ ပျောက်–ပျောက်၊အနှစ်မဟုတ်ကြ၍ မရှိ-မရှိလိုက်သည်ကို ထင်မြင်နေအောင် မကြာ မကြာ အခါခါ ရှုကြပါလေ၊ ခြေတဖက်စီပြ။အာနာပါနဖြင့်လည်း ရှုကြပါလေ။

**သိရှိရန်**……ခြေလှမ်းအချ,အချတို့မှာ ရှုသော ဉာဏ်နှင့်တကွ ဘုံသုံးပါးကြီးတို့ပါ အကုန်လုံး ချုပ်ပျက် ကုန်ဆုံးသုဉ်းသုဉ်းလိုက်နေသည်ကို ထင်မြင်ပါမှု,ရင်းဉာဏ် အောင်၏။

## သမ္မေ သန်ါရာ တုစ္ဆာ,သုညာ–ရှုရန်

**သမ္မေသန်ါရာ တုစ္ဆာ အရကိုပွါးများရန်ကား**…သတ္တဝါတို့သည် မိမိတို့ရရှိနေကြသော ဘဝစည်းစိမ်နှင့် ဤကမ္ဘာလောကကြီးတို့ကို ရှေ့အဘို့က အလွန်ပင် မွန်မြတ်ကြ အထင်ကြီးနေကြ၏။ ယခုစကြိဖြင့်ရှုသည့် ဝိပဿနာဉာဏ်မှာကား ခြေလှမ်းတို့၏ အကျော် အခံ အခိုက်မှာပင် အကုန်လုံးတို့ ဗျုံးကနဲ ပျောက် ပျက် မရှိ–လိုက်ချက်တို့ကို ထင်မြင် ထင်မြင်လာသည့်အတိုင်း ဤစကြိဖြင့် အားထုတ်ရှုကြည့် ပြန်သောအခါ–

သဗ္ဗေ သင်္ခါရာ ဒုက္ခာ။

သဗ္ဗေသင်္ခါရာ=တုံသုံးပါးတို့၌ ရှိရှိသမျှသောသင်္ခတဝါ သင်္ခါရ တို့သည်။ ဒုက္ခာ=ဒုက္ခာ=အချည်းနှီး၊ အချည်းနှီး။ ဝါ=ဘာမျှ မဟုတ်,ဘာမျှမဟုတ်၊ဝါ=ဘာမျှမဖြစ်,ဘာမျှမဖြစ်။ ဝါ=ဘာမျှ အ သုံးမကျ,ဘာမျှအသုံးမကျ။

ဟု ခြေလှမ်းတဖက်စီတို့မှာ ရှု၍ ထင်မြင်ပုံကား ခြေ–ငါ ရပ်နေဆဲခဏက ဟုတ်တယ်–ဟန်တယ်လို့ ထင်နေကြသော ထိုထိုလောကကြီးတို့နှင့်တကွ ငါကောင်မ-ငါကောင်ထီးတို့သည် ညာခြေလှမ်းအစမှာပင် ဗျုံးကနဲ အကုန်လုံး ပျက်ပျောက်နေသည့် ဒုက္ခ–ဒုက္ခ-အချည်းနှီး–အချည်းနှီး အစစ်တို့ပါတကားဟုရှုပါ။

ဟုတ်နေ ဟန်နေဆဲတို့လည်း ဘာမျှမဟုတ်,ဘာမျှမဟုတ်တော့ ပါတကား ဟု–ရှုပါ။ ငါအဟုတ်အဟန် ဖြစ်နေဆဲတို့လည်း ဘာမျှ မဖြစ်, ဘာမျှမဖြစ်တော့ပါတကား ဟု ရှုပါ။ ဟုတ်ဟန်လှသော အနေမျိုး အဖြစ်မျိုးနှင့် အသုံးကျနေဆဲ ငါ့ရုပ်, နာမ်–တို့သည် အကုန်လုံး ဗျုံးကနဲ ပျက်–ပျောက် သွားသည့်အတွက် ဘာမျှ အသုံးမကျ ဘာမျှ အသုံးမကျတော့ပါတကား–ဟု စကြို ခြေ လှမ်းတိုင်း လှမ်းတိုင်းတို့မှာ အခါခါရှုပါက မကြာခင် ထိုဒုက္ခ၏ အချက်တို့ကို ထင်မြင်လာနိုင်၏။

ဤသို့ရှု၍ ထင်မြင်လာနိုင်သောအခါ ရှေးအတိုက အထင်ကြီး လာခဲ့သော ဤကမ္ဘာ လောကကြီးနှင့်တကွ ဖြစ်ဆဲ ဘဝ စည်းစိမ် တို့သည် ဘာမျှမဟုတ်ကြတဲ့ အချည်းနှီး ဒုက္ခကြီးတို့ပါတကား- တို့ပါတကား။

နောက်နောင်ကာလ နောက်နောင်ဘဝ ဖြစ်ကြမည့်ဘဝ စည်း စိမ်တို့လည်း အကုန်လုံးအချည်းနှီး ဒုက္ခတို့ချည်းဖြစ်ကြမှာ အစစ် တို့ပါတကား၊ ဖြစ်ကြမှာအစစ်တို့ပါတကား–ဟု မိမိမှာ အမြဲ ထင်မြင်နေရန်အရေးကြီးလှ၏။

ဤအတိုင်းထင်မြင်ပါမှ, မိမိအတွက်, မိမိဆွေမျိုးအပေါင်း အပေါ်အတွက်,မိမိပစ္စည်းဥစ္စာတို့အတွက်–ဈေးက ကြောင့်ကြကြီးလာချက်တို့ အကုန်လျော့ပါးပျောက်ပျက်သွားသည်,မသွားသည်ကို ကြည့်ကြပါလေ၊လျော့ပါးသွားမှ, ငါပဟုတ်လာပြီ၊ မလျော့သေးမှ, ငါမဟုတ်သေးဘူးဟု အထူးသံဝေဂကြီးကြီးရကြပြီး အမြန် ဤစံချိန်ကိုက်အောင် လော၍–လော၍အားထုတ်ကြပါလေ။ အာနာပါန ပျက်နှင့်လည်း တွဲ၍ရှုကြည့်ကြပါလေ။ ။ဘဝကောင်းကြီး ကာလကောင်းကြီးတို့ကို ရရှိနေသူတို့။

တုစ္ဆ-အကျဉ်းပြီး၏။

---

သဗ္ဗေသင်္ခါရာ သုညာ–အရ ပွါးများရန်၌ သုညာ–ဟူသော စကားအရ ဤဘုံသုံးပါး လောကသုံးပါးတို့၌ ဖြစ်ဖြစ်သမျှသော ရုပ်,နာမ်-သင်္ခါရတရားတို့ကို ဥပါဒ်,ဌီ, ဘင်–သုံးပါးတို့ဖြင့် ချေဖျက်လိုက်,စားလိုက်ပါမှ,တတိုတစမျှ မကျန်ရအောင်"ချုပ်ပျက်ကုန်ဆုံးသဉ်း"ကြရသည်ကိုသိစေလို၍"သဗ္ဗေ သင်္ခါရာ သုညာ" ဟု ဟောပြတော်မူပေသတည်း။

**ဤသဗ္ဗေသင်္ခါရာသုညာ–အရကို ပွါးများရန်ကား**······ယခုမှ အဆန်း

မဟုတ်တော့ပါ။ ရှေးသမ္မာသနဉာဏ်က ရှုခဲ့သည့် ရုပ်, နာမ်-တို့ ပျက်-ပျက်- ပျောက်-ပျောက် မရှိ–မရှိ အနိစ္စ-အနိစ္စ-ဟု ထင်မြင်ခဲ့သော ဉာဏ်အရအတိုင်းသာ အနုသယ,အတ္တဒိဋ္ဌိ–ကင်းလွတ်ရန် တဖန်ထပ်မံ၍ အားထုတ်ရပြန်ခြင်း ဖြစ်ပေသည်။

ဤ"သုည"ဟူသော ပါဠိစကားကို "သဉ်းကုန်၏"ဟု မြန်မာပြန်ဆိုသည်ကို မြန်မာတို့အသုံးအနှုန်း အပြောအဆိုနည်းကြသော်လည်း"သဉ်း"ဆိုသည်ကား အခြားမဟုတ်၊ ချုပ်သွားတာ၊ ဝါ– ပျက်သွားတာ၊ ဝါ–ကုန်သွားတာ၊ ဝါ–ဆုံးသွားတာ-တို့ကိုပင် ဆိုသောကြောင့်······။

၏“သဗ္ဗေသင်္ခါရာ-သုညာ”ကိုအနက်ပြန်ဆိုရာ၌-သဗ္ဗေသင်္ခါရာ=ဘုံသုံးပါးတို့၌ ရှိရှိသမျှသော သတ္တဝါ သင်္ခါရတို့သည်။ သုညာ=သုဉ်းကုန်၏။ဝါ=ချုပ်ပျက်ကုန်ဆုံး သုဉ်းကုန်၏-ဟု မြန်မာပြန်ပြီးလျှင် စကြိမ်ဖြင့်-ရှုကြရပုံကား......

ရှေးဉာဏ်တို့က ပြခဲ့သည့်အတိုင်း ညာခြေ,ဘယ်ခြေ-လှမ်းတို့မှာ အစုံပျက်-ပျက်လိုက်နေသည့် အချက်ကိုသာ ဉာဏ်ဖြင့်မိမိဖြူးဖြူးကြည့်၍ ရှေးက ပျက်-ပျက်-ဟု ရှုသည်၌ “သုည သုည” သုဉ်း-သုဉ်း-ဟူ၍-ရှုပါ။ဝါ-သုည-သုည=ချုပ်-ပျက်-ကုန်ဆုံး-သုဉ်း၊ ချုပ်-ပျက်-ကုန်ဆုံး-သုဉ်း-ဟူ၍ဝင်း ရှုရသည်သာထူးတော့၏။

ရှေးကရှုလာခဲ့သော ပျောက်-ပျက်-လိုက်ချက်,ဘာမျှမရှိချက်-တို့သည် သုဉ်း-သုဉ်း-လိုက်ချက်တို့ပင်တည်းဟု ပြောင်း၍ ထင်မှတ်ကြ-ကြည့်ရှုကြရုံသာလည်း-ထူးတော့၏။ ကွင်းဇူရိယာပုထ်သုံးပါး၌လည်း အာနာပါန-ပျက်နှင့် တွဲ၍ ရှုကြပါလေ။ ။၏ သုည-အချက်သည် သင်္ခါရုပေက္ခာဉာဏ်၌ အလွန် အသုံးဝင်သောကြောင့် အထူးထင်မြင်အောင် ပွါးများကြပါလေ......။

သုည-ပြီး၏။

---

## နဝမရက် သင်္ခါရုပေက္ခာဉာဏ်ပွါးရန်

၏နဝမ-ရက်၌ ပွါးများရန် ဒွိကောဋိက, စတုကောဋိက, ဆကာရ-သုံးစားတို့တွင် ဒွိကောဋိက-ပွါးများရန်ကား......

သဗ္ဗေသင်္ခါရာ အတ္တေန သုညာ၊အတ္တနိယေန သုညာ။

သဗ္ဗေ=ထက်ဝန်းကျင် အဆုံးအပိုင်းအခြားမရှိ အချင်းချင်း ထိကာမျှဖြစ်၍ ဇာတိမီး, ဇရာမီး, မရဏမီး, ဒေါသမီး, ကိလေသာမီး-တို့အတွက် တရှူရှူ-တမွှမွှ ချုပ်ပျက်နေကြသည့် အလုံးစုံကုန်သော။သင်္ခါရာ=အကြောင်းတရားတို့သည်ကောင်းစွာ ပြုပြင်အပ်ကုန်သော သင်္ခါရအနု ခတ်အထု သဘောမျှအစုတို့

သည်။ အဓွောန=မြဲနေနိုင်တဲ့ အနှစ်အတ္တမှ။ သုညာ=ချုပ်ပျက်ကုန်ဆုံး သည်းကုန်၏။ အတ္တနိယေန=ခေဝမျိုး အပေါင်းအဖော် ဥစ္စာပစ္စည်း တစုံတခုတည်းဟူသော အတ္တနိယမှ။ သုညာ=ချုပ်ပျက်-ကုန်ဆုံး-သည်းကုန်၏.....။

ဟူသော အနက်အတိုင်း စကြီဖြင့် ရှုကြရန်ကား—ဓွေဒိဋ္ဌိ ဝိသုဒ္ဓိဥာဏ်၌ရင်း၊ သမ္မသနဉာဏ်၌ရင်း ဤကမ္ဘာလောကကြီး အကုန်လုံးတို့ ကလာပ်တိုက်, ဓာတ်တိုက်ကြီးတို့ ဖြစ်နေချက်ကို မြင်၍ကြည့်, မြင်၍သိလို့ ထင်မြင် ပေါက်ရောက်ကြသည့်အတိုင်း သဗ္ဗေသင်္ခါရာ-အနက်အရ ထိုထိုဓာတ်ကလာပ်တိုင်းတို့မှာ ၂၅-မီးစိ အတူတကွ အမြဲလောင်နေကြသောကြောင့် အတူတကွ ဖြစ်ပျက်နေကြသည့် ကမ္ဘာအားလုံးရှိနေကြသော ကလာပ်တောကြီး အတွင်းမှာ မိမိခြေလှမ်းနှင့် အစုံပျက်လိုက်သည့် မိမိအကျော် အခံ အချက်မှာ ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍.....။

အဓွောန သုညာ၊ အတ္တနိယေန သုညာ။

"အနှစ်အတ္တ-မှသည်း, အတ္တဆိုင်ပိုင်တာမှသည်း၊ အနှစ်အတ္တမှ သည်း, အတ္တဆိုင်ပိုင်တာမှသည်း" ဟု ခြေလှမ်းတဖက်စီ ရှု၍, ရှု၍ သွားပါ။ "သည်း-သည်း" ဟု ခြေချတိုင်းတို့မှာ မိမိခန္ဓာနှင့် ကမ္ဘာကြီး ပါ အစုံပျက်—ပျက်လိုက်နေသည်ကို ရှုတိုင်း-ရှုတိုင်းတို့မှာ ထင်မြင်ပါမူ, ဤ "အတ္တ-အတ္တနိယ-သုည" ရှုသည့် ဉာဏ်ပိုင်၏—ဟု မှတ်ပါလေ။ ကြွင်းဇူရိယာပုထ် ၃-ပါး၌ အာနာပါန ပျက်နှင့် တွဲ၍ ရှုကြည့်ပါလေ.....။

**ဤ၌ "အတ္တနိယ" ဆိုသည်ကား**.....အတ္တ,က ဆိုင်တဲ့ "ခေဝမျိုး အပေါင်း အဖော်"၊ အတ္တကပိုင်တဲ့ "ဥစ္စာပစ္စည်း" တို့ကို ဆိုသောကြောင့် မြန်မာတို့နားမလည်သော "အတ္တနိယ" သဒ္ဒါနှင့်မပြဆိုဘဲ နားလည်သော "အတ္တ-ဆိုင်ပိုင်တာမှသည်း" ဟု ရှုသည့်နေရာမှာပြဆိုအပ်ပါသတည်း။

ဤညတ်ကား-“ကမ္ဘာကြီးအားလုံးရှိသမျှ ရုပ်,နာမ်-တို့ အကုန်လုံးချုပ်, အကုန်လုံးပျက်, အကုန်လုံးကုန်ဆုံး သည်းလိုက်သည်ကို ထင်မြင်ပါမှု,အောင်၏-ပိုင်၏။

ဋ္ဌိကောဋိက-ရှုနည်းပြီး၏။

---

## စတုကောဋိက–ရှုရန်

**စတုကောဋိက–အရ**……“နာဟံ ကွစနိ ကဿစိ”စသည်ဖြင့် အဋ္ဌကထာပြသော ပါဠိအနက် တို့ကို ကြည့်ရန်-သိရန်ခက်သောကြောင့် နားလည်လွယ်နိုင်သော အချက်တို့ကိုသာ ထုတ်နုတ်၍ ပြပါအံ့သတည်း။

သဗ္ဗေ သင်္ခါရာ မမ အတ္တေန သုညာ။
မမ အတ္တနိယေန သုညာ။
သဗ္ဗေ သင်္ခါရာ ပရအတ္တေန သုညာ။
ပရအတ္တနိယေန သုညာ။

သဗ္ဗေသင်္ခါရာတို့ အနက်အကျယ်ကို သိ၍,သို့မဟုတ်“အလုံးစုံသော သဘောတရားတို့သည်”- ဟု အကျဉ်းကိုသိ၍……

မမအတ္တေန=မြဲနေနိုင်တဲ့ ငါ့-အနှစ်အတ္တမှ။ သုညာ=ချုပ်ပျက်ကုန်ဆုံး သည်းကုန်၏။

မမအတ္တနိယေန=ငါ–ဆိုင်ပိုင်တဲ့ အတ္တနိယမှ။ သုညာ=ချုပ်ပျက်ကုန်ဆုံး သည်းကုန်၏။

သဗ္ဗေသင်္ခါရာတို့ အနက်အကျယ်ကို သိ၍,သို့မဟုတ် “အလုံးစုံသော သဘောတရားတို့သည်”–ဟု အကျဉ်းကိုသိ၍……

ပရအတ္တေန=မြဲနေနိုင်တဲ့ သူ့အနှစ် အတ္တမှ။ သုညာ=ချုပ်ပျက်ကုန်ဆုံး သည်းကုန်၏။

ပရအတ္တနိယေန=သူဆိုင်ပိုင်တဲ့ အတ္တနိယမှ။ သုညာ=ချုပ်ပျက်ကုန်ဆုံး သည်းကုန်၏။

ဟူသော အနက်တို့တွင် မိမိအတ္တ, အတ္တနိယ, သုည– တို့ကို ရှုလိုမူ, ဒွိဋ္ဌိဝိသုဒ္ဓိ "ပဌမ" ရှုကြည့်ပေါက်ရောက်လာခဲ့သော (၁) မိမိ၊ (၂) မိမိ၏ ဆရာ,မိဘ စသော ၁၁-ချက်တို့အတိုင်း "မိမိနှင့် မိမိဆိုင်ပိုင်တဲ့" ရုပ်,နာမ်-ဓာတ်ကလာပ်တို့ မိမိခြေလှမ်းနှင့်အတူ ဖြစ်-ပျက်လိုက်နေသည့်အချက်ကို ဉာဏ်ဖြင့် မိမိပြုံးပြုံးကြည့်၍–

မမ အတ္တေန သုညာ။
မမ အတ္တနိယေန သုညာ။

ငါ့အနှစ်အတ္တမှသည်း၊ ငါဆိုင်ပိုင်တာမှသည်း။ ငါ့အနှစ်အတ္တမှ သည်း၊ငါဆိုင်ပိုင်တာမှသည်း–ဟု မိမိခြေလှမ်းတဖက်စီ ရှု၍–ရှု၍ သွားပါ။ "သည်း–သည်း"ဟု ခြေချတိုင်းတို့မှာ မိမိခန္ဓာနှင့် မိမိ ဆိုင်ပိုင်သည့် ဆွေမျိုးအပေါင်းအဖော်တို့ ဥစ္စာပစ္စည်းတို့၏ အ တွင်းသား ဓာတ်ကလာပ်တို့နှင့် ကမ္ဘာရှိ ရုပ်,နာမ်,ပါ မိမိခြေလှမ်း နှင့်အတူ အစုံ ပျက်-ပျက်လိုက်သည်တို့ကို စကြဲဖြင့် ရှုကြည့်တိုင်း မှာ ထင်မြင်ပါမူ,မိမိ၏ "အတ္တ,အတ္တနိယ-သုည" ရှုသည့်ဉာဏ် ပိုင်၏ဟု မှတ်ပါလေ။ ကြွင်းဆုရိယာပုထ် ၃–ပါး၌ အာနာပါနနှင့် တွဲ၍ ရှုကြပါလေ······။

တဖန်–သူတပါးတို့၏ "အတ္တ,အတ္တနိယ" တို့ကို ရှုလိုပါမူ, ဒွိဋ္ဌိဝိသုဒ္ဓိ "ဒုတိယ" အချက်က ရှုကြည့်ပေါက်လာခဲ့သော (၁) သူတပါး။ (၂) သူတပါး၏ ဆရာ-မိဘ စသော ၁၁-ချက်တို့ အတိုင်း သူတပါးနှင့် သူတပါးတို့ ဆိုင်ပိုင်တဲ့ ရုပ်, နာမ်–ဓာတ် ကလာပ်တို့ မိမိခြေလှမ်းနှင့်အတူ ဖြစ်ပျက် လိုက်နေကြသည့် အ ချက်ကို ဉာဏ်ဖြင့် မိမိပြုံးပြုံးကြည့်၍–

ပရအတ္တေန သုညာ။
ပရအတ္တနိယေန သုညာ။

သူ့အနှစ်အတ္တမှ သည်း၊သူဆိုင်ပိုင်တာမှ သည်း။သူ့အနှစ်အတ္တမှ သည်း၊သူဆိုင်ပိုင်တာမှ သည်း–ဟု မိမိခြေလှမ်းတဖက်စီ ရှု၍,ရှု၍

သွားပါ။ ''သုဉ်း–သုဉ်း''ဟုခြေချတိုင်းတို့မှာ သူတပါးခန္ဓာနှင့် သူတပါးတို့ဆိုင်ပိုင်သည့် ဆွေမျိုးအပေါင်းအဖော်တို့, ဥစ္စာ ပစ္စည်းတို့-၏အတွင်းသား ဓာတ်ကလာပ်တို့နှင့် ကမ္ဘာ၌ရှိ ရုပ်,နာမ်-တို့ပါ မိမိခြေသွမ်းနှင့်အတူ အစုံ ပျက်-ပျက်-လိုက်သည်တို့ကို စကြံဖြင့် ရှုကြည့်တိုင်းတို့မှာ ထင်မြင်ပါမူ,သူတပါး အဇ္ဈတ္တ,အဇ္ဈတ္တနိယ, သုညဉာဏ်ပိုင်၏–ဟု မှတ်လေ။ကြွင်းဇာရိယာပုထ် ၃–ပါး၌ အာနာပါနနှင့် တွဲ၍ ရှုကြပါလေ......။

စတုကောဋိက-အကျဉ်းပြီးချက်ပြီး၏။

---

## ဆာကာရသုညတ ရှုနည်း

**ဆာကာရ သုညတနည်းကို ရှုရပုံကား**......သင်္ခါရော အတ္တေန သုညာ၊ အတ္တနိယေန သုညာ၊နိစ္စေန သုညာ၊ ဓုဝေန သုညာ၊ သဿတေန သုညာ၊ အဝိပရိဏာမဓမ္မေနသုညာ–ဟု အတ္တနှင့် အတ္တနိယတို့ကို ရှေ့ကပါ ၄-ကြိမ်ပြရာ၌ ပဌမ-သင်္ခါရတို့ အတ္တ,အတ္တနိယ–တို့ကို ပြသည်။ ဒုတိယ–မိမိ အတ္တ, အတ္တနိယ–တို့ကို ပြသည်။ တတိယ-သူတပါးတို့ အတ္တ–အတ္တနိယ-တို့ကိုပြသည်။စတုတ္ထအရကို ပဌမအတိုင်း ပြက တသဘောတည်းဖြစ်၍ မထူးခြားဘဲရှိမည်။နောက်မှာပြလတ္တံ့သော ဒွါဒသာကာရ၌ ၄–ကြိမ်မြောက်မှာ န ကဿစိ အတ္တ တို့ကိုပြသည့်အတိုင်း ဤမှာလည်း ရှေ့သုံးချက်ထက် ထူးခြားအောင်-

ကဿစိ အတ္တေန သုညာ။
ကဿစိ အတ္တနိယေန သုညာ။

ဟုပြအပ်ပေသတည်း။ငင်းတို့အနက်မြန်မာကား–

သင်္ခါရော တို့အနက်အကျယ်ကိုသိ၍,သို့မဟုတ် ''အလုံးစုံသော သဘောတရားတို့သည်'' ဟု အကျဉ်းကိုသိ၍၊ ကဿစိ အတ္တေန=မြဲနေနိုင်တဲ့ တစုံတယောက်အတ္တမှ။ သုညာ=ချုပ်ပျက်

ကုန်ဆုံး သည်းကုန်၏။ကာသမိ အတ္တနိယေန=တစုံတယောက် ဆိုင်ပိုင်တဲ့အတ္တနိယမှ။သုညာ=ချုပ်ပျက်ကုန်ဆုံးသည်းကုန်၏။နိစ္စေန=မြဲနေနိုင်တဲ့ အနှစ်မှ၊သုညာ=သည်းကုန်၏။ ဓုဝေန=ခိုင်မာနေနိုင်တဲ့ အနှစ်မှ။သုညာ=သည်းကုန်၏။ သဿတေန=ထင်ရှား ရှိနေနိုင်တဲ့ အနှစ်မှ၊ သုညာ=သည်းကုန်၏။ အဝိပရိဏာမ ဓမ္မေန=မဖောက်ပြန်နိုင်တဲ့အနှစ်မှ။သုညာ=သည်းကုန်၏။

ဟူသော အနက်တို့တွင် ကာသမိ အတ္တ အတ္တနိယ တို့ကို စကြဲဖြင့်ရှုလိုမူ ရှေ့ဒိဋ္ဌိသုဒ္ဓိ တတိယ–အချက်က ပေါက်ရောက်ခဲ့သော (၁)တစုံတယောက် (၂) တစုံတယောက်တို့၏ ဆရာမိဘ(၃)အစ်ကိုအစ်မစသော ၁၁-ချက်တို့အတိုင်း တစုံတယောက်နှင့် တစုံတယောက်တို့ ဆိုင်ပိုင်တဲ့ ရုပ်, နာမ်–ခါတ် ကလာပ်တို့ မိမိခြေလှမ်းနှင့်အတူ ဖြစ်ပျက်လိုက်နေကြသည့်အချက်ကို ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍–

ကာသမိ အတ္တေန သုညာ။
ကာသမိ အတ္တနိယေန သုညာ။

တစုံတယောက် အတ္တမှသည်း,တစုံတယောက် ဆိုင်ပိုင်တာမှသည်း၊ တစုံတယောက် အတ္တမှသည်း, တစုံတယောက် ဆိုင်ပိုင်တာမှသည်း–ဟု မိမိခြေလှမ်းတဖက်စီရှုရင်း လှမ်း၍ လှမ်း၍သွားပါ။သည်း–သည်း, ဟုခြေချတိုင်းတို့မှာ ကမ္မာပျက်တို့ပါ ထင်မြင်ပါမူ,တစုံတယောက်နှင့် တစုံတယောက်တို့ဆိုင်ပိုင်သည့် ဆွေမျိုးအပေါင်းအဖော်တို့,ဥစ္စာပစ္စည်းတို့-၏ အတွင်းသား ဓာတ်ကလာပ်ပျက်တို့ပါ ထင်မြင်နိုင်၏။ ။တစုံ တယောက် အတ္တ- အတ္တနိယ သုည ဉာဏ်ပိုင်၏ဟု မှတ်ပါလေ။

ဤသွားခြင်းမှတပါး ရပ်ခြင်း, ထိုင်ခြင်း,အိပ်ခြင်း-ဣရိယာပုထ်တို့၌လည်း ထွက်သက်,ဝင်သက်–အမူအရာပျက်နှင့်အတူ ကမ္မာအားလုံး၌ ရုပ်–နာမ်တို့ အပျက်တို့ပါတွဲ၍,တွဲ၍ ရှုပါ။ ရှေ့ကပြခဲ့

သည့်အချက်တို့ ထင်မြင်သူတို့သည် မခဲယဉ်းဘဲ ထင်မြင်နိုင်ပါ လိမ့်မည်။ဝါ–ထင်မြင်အောင် အားထုတ်ပါလေ။

နကာသမိ သုည နည်းပြီး၏။

## နိစ္စေနသုညာစသည် ၄-ချက်ရှုရန်အတွက်

နိစ္စေန သုညာ-စသည် ၄-ချက်တို့ကို ရှုရပုံကား– ရှေ့က ပြခဲ့ သည့်အတိုင်း လောကအားလုံးရှိ ဓာတ်ကလာပ်တို့ အရွေ့အထား မခံ ဖြစ်ပျက်ပြန်သည့်အချက်ကို ဉာဏ်ဖြင့်မိမိ မြူးမြူးကြည့်၍ စကြိုဖြင့် အားထုတ်ရာဝယ် ညာလှမ်း ဘယ်လှမ်းတို့နှင့် တပြိုင် နက် အကျော် မိမိ ရုပ်,နာမ်–နှင့် အခံ ကမ္ဘာကြီး အကုန်လုံးတို့ "နိစ္စေန သုညာ" မြဲနေနိုင်တဲ့ အနှစ်မှ သုဉ်း, မြဲနေနိုင်တဲ့ အနှစ်မှ သုဉ်း-ဟု ရှု၍သွားပါ။

ခြေလှမ်းတိုင်းတို့မှာ ရှုတိုင်းထင်မြင်ပါမူ, "နိစ္စ,သုည" အောင် ၏။ ၎င်းနောက် ၃–ချက်တို့ကိုလည်း ညာလှမ်းဘယ်လှမ်းတို့နှင့် တပြိုင်နက် အကျော် မိမိ ရုပ်,နာမ်–နှင့် အခံ ကမ္ဘာကြီး အကုန်လုံး ရှိ ရုပ်,နာမ်–တို့ ပျက်ချက်တို့ကို ဉာဏ်ဖြင့်မိမိ မြူးမြူးကြည့်၍ "ဓုဝေန သုညာ၊ ဓုဝေန သုညာ" ခိုင်မာနေနိုင်တဲ့ အနှစ်မှသုဉ်း, ခိုင်မာနေနိုင်တဲ့ အနှစ်မှ သုဉ်း-ဟု ရှုသွားပါ။

**တနည်း**......"သဿတေန သုညာ၊သဿတေန သုညာ"ထင် ရှားရှိနေနိုင်တဲ့ အနှစ်မှသုဉ်း, ထင်ရှားရှိနေနိုင်တဲ့ အနှစ်မှသုဉ်း-ဟု ရှုသွားပါ။

**တနည်း**....."အဝိပရိဏာမဓမ္မေန သုညာ,အဝိပရိဏာမဓမ္မေန သုညာ" မဖောက်ပြန်နိုင်တဲ့ အနှစ်မှ သုဉ်း,မ ဖောက်ပြန်နိုင်တဲ့ အနှစ်မှသုဉ်း–ဟု ရှုသွားပါ။ "သုဉ်းသုဉ်း" ဟု ခြေချတိုင်းတို့မှာ မိမိခန္ဓာနှင့် ကမ္ဘာကြီးတို့ပါ အစုံပျက်ပျောက် လိုက်နေချက်တို့ကို ထင်မြင်ကြပါမူ, ခိုင်မာတာ ၃–ချက်၊ ထင် ရှားရှိတာ ၃–ချက်၊ မဖောက်ပြန်တာ ၃-ချက် တို့ အောင်၏ ဟု မှတ်ပါလေ။ ကြွင်း–ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း–ဇွာရိယာပုထ်

၃-ပါတို့မှာကား— ထွက်သက်ဝင်သက် အမှုအရာပျက်တို့နှင့် တွဲဘက်၍ ရှုကြပါလေ။

ဆာကာရ သုညတ ရှုနည်းပြီး၏။

---

## ဒသမရက် ဥါဒသာကာရ သုညတရှုနည်း

**ဥါဒသာကာရရှုနည်းကား**…သဗ္ဗေ သင်္ခါရာ န သတ္တာ၊ န ဇီဝါ၊ န နရာ၊ န မာနဝါ၊ န ဣတ္ထိ၊ န ပုရိသာ၊ န အတ္တာ၊ န အတ္တနိယာ၊ န အဟံ၊ န မမ၊ န အညဿ၊ န ကဿစိ၊

ရှုလွယ်အောင်ပါဠိစဉ်ထားသည်။

သဗ္ဗေသင်္ခါရာတို့ အနက်အကျယ်ကိုသိ၍, သို့မဟုတ် "အလုံးစုံသော သင်္ခါရတရားတို့သည်"ဟု အကျဉ်းအနက်ကို သိ၍— န သတ္တာ=သတ္တဝါကောင် အနှစ်အတ္တမဟုတ်၊ န ဇီဝါ= အရှင်ကောင် အနှစ်အတ္တမဟုတ်။ န နရာ=အမှုကိစ္စဆောင်ရွက်နိုင်သူ လူကောင် အနှစ်အတ္တမဟုတ်။ နမာနဝါ= မာနတည်ရာ မာနဝကောင် အနှစ်အတ္တမဟုတ်။ န ဣတ္ထိ = ဣတ္ထိကောင် ဝါ= အမကောင် အနှစ်အတ္တမဟုတ်။ နပုရိသာ= ပုရိသကောင် ဝါ= အဖိုကောင် အနှစ် အတ္တမဟုတ်။ န အတ္တာ=မြဲနေနိုင်တဲ့ အနှစ် အတ္တမဟုတ်။ နအတ္တနိယာ=အတ္တ ဆိုင်ပိုင်တာမဟုတ်။ နအဟံ=ငါ့အနှစ် အတ္တမဟုတ်။ နမမ=ငါဆိုင်ပိုင်တာမဟုတ်။ နအညဿ၊ သူ့အနှစ် အတ္တမဟုတ်၊ သူဆိုင်ပိုင်တာလည်းမဟုတ်။ နကဿစိ=တစုံ တယောက် အတ္တမဟုတ်-တစုံတယောက်ဆိုင်ပိုင်တာလည်းမဟုတ်။

ဟူသော အနက်တို့တွင် နသတ္တ- စသော အချက်တို့ကို စကြိမ်ဖြင့် ရှုလိုပါမူ, ဓမ္မဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ခွဲရင်း၊ သမ္မသနဉာဏ်ခွဲရင်း ဤကမ္ဘာလောကကြီး အကုန်လုံးတို့အတွင်းမှာ အဝိညာဏက, သဝိညာဏက အကောင်ဝတ္ထုကြီးငယ်အမျိုးမျိုးတို့ ပညတ်နယ် ကရှိနေကြသည့် လောကနယ်မှာ သမ္မုတိသစ္စာအရအသုံးပြုနေကြ၏။အသုံးပြုနိုင်ကြ၏။ဒါန,သီလ—စသော ပါရမီ ၁၀-ပါးစသည်

များကို ပြုလုပ်ကြ၍ အရိယာဆုကြီး ၅-ပါးစသော လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာများကို ပြည့်စုံနိုင်ကြကုန်ရာ၏။

ဤကား-ပညတ်နယ်ကအသုံးကျကြပုံတည်း။

---

**ဤလောကကြီးမှထွက်မြောက်လိုသူတို့ကား** ····· ဤသဝိညာဏက, အဝိညာဏက ပညတ်ကြီးငယ်တို့ အတွင်းရှိ ခတ်ကလာပ် ပရမတ်တို့နယ်ကသော လောကမှ ထွက် ပေါက်ကိုရှာ၍ အရိယာတို့ ထွက်မြောက်ကြကုန်၏။

**ရှုပုံ**·····နသတ္တာ-စသော ၆-ချက်တို့ကိုရှုရန်မှာ ထိုထိုသတ္တဝါ ပညတ်ကောင်တို့ကို ရှေးဦးစွာရှာပြီးမှ ၎င်းတို့အတွင်း သား ရုပ်, နာမ်—တို့သည် ၎င်းတို့ အနှစ်အတ္တမဟုတ် ဟု-ဤ ၆—ချက်တို့မှာ သတိထား၍ စကြိဖြင့် အားထုတ်ရပုံကား— ဤ စကြိ၌ ရပ်နေသော မိမိ၏ရပ်လိုသော စိတ်နှင့် ရပ်နေသော ရုပ်သစ်တို့ ရှိနေသည်ကို ကိုယ်တွေ့ဉာဏ်မြင် သိပြီးမှ တဖန် ညာလှမ်း လှမ်း လိုသော စိတ်ဖြင့် ညာလှမ်း အစကပင် ရပ် နေဆဲ ရုပ်,နာမ်-နှင့်တကွ ကမ္ဘာပေါ်ရှိ သတ္တဝါကောင်တို့၏ အတွင်းသား ရုပ်,နာမ်-တို့ပါ တပြိုင်နက် ပျက်,ဘယ်ခြေလှမ်း ရုပ်,နာမ်—ရှိရှိသမျှတို့သည် တပြိုင်နက်ပျက်,လှမ်းတိုင်းလှမ်းတိုင်း တို့မှာလည်း တပြိုင်နက် ပျက်-ပျက်-ပျောက်-ပျောက်-လိုက်နေ သည်တို့ကို ထင်မြင်သိရှိရသည့် အချက်တို့ကို ဉာဏ်ဖြင့် မိမိ ပြုံးပြုံးကြည့်၍ ·····။

န သတ္တာ၊ န သတ္တာ၊ ။ရှိရှိသမျှသော သတ္တဝါကောင် အနှစ်အတ္တမဟုတ်-သတ္တဝါကောင် အနှစ်အတ္တမဟုတ်ဟု ရှု၍-ရှု၍ သွားပါမူ,အတူတိုက်ထားသော မိမိနာရီအရ တကမ္ဘာလုံး နာရီတို့ကို သိရသလို မိမိခန္ဓာပျက် သက်သေအရဖြင့် သတ္တဝါ တိုင်းတို့၏ အနှစ်အတ္တမဟုတ်ကြသည်ကို ခြေချတိုင်းချတိုင်းတို့ မှာ ထင်မြင်ပေါက်ရောက်ကြပါမူ, န သတ္တာ—ရှုနည်းမိုင်၏။

ဤအချက်တို့ကို မပိုင်ဘဲ အတွင်းသား ရုပ်,နာမ်-ခန္ဓာတို့ကို သတ္တဝါကောင်ဘဲ, အရှင်ကောင်ဘဲ, မိန်းမကောင်ဘဲ, ယောကျ်ားကောင်ဘဲ-စသည်တို့ ထင်မြင်နေကြပါမူ, မဂ်,ဖိုလ်-နှင့် ဝေးကွာနေ၍ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ မလွတ်၊ အပါယ်ဘေး, ဒုက္ခဘေးအမျိုးမျိုးမှလည်း မလွတ်သေးပါတကား–ဟု သံဝေဂကြီးကြီးထား၍ အထူးအားသစ်ကြပါလေ·····။

နဇီဝါ–စသည်တို့ကို ရှုရာမှာလည်း ကမ္ဘာအားလုံး၌ သဝိညာဏက,ပညတ်အရှင်ကောင်တို့၏ အတွင်း၌ ရုပ်,နာမ်-တို့ အရွေ့အထား မခံနိုင်ကြသည်ကို သိကြပြီးမှ အကျော်-အခံ ၂–တန် အစုံပျက်လိုက်သည်ကို ဉာဏ်ဖြင့်မိမိ ပြူးပြူးကြည့်၍ နဇီဝါ–အရှင်ကောင် အနှစ်အတ္တမဟုတ်- အရှင်ကောင် အနှစ်အတ္တမဟုတ်-ဟု ခြေလှမ်းတိုင်း လှမ်းတိုင်း ထင်မြင်အောင်ရှုပါ။

တဖန် အမှုကိစ္စ ဆောင်နိုင်သူ လူကောင်တို့၏ အနှစ်အတ္တမဟုတ်-ဟု ရှုရန်။ ။န-နရော-လူကောင်အနှစ်အတ္တမဟုတ်၊ လူကောင်အနှစ်အတ္တမဟုတ်–ဟု ရှုပါ။

တဖန်-မာန-တည်ရာ ပညတ် မာနဝကောင်တို့၏ အနှစ်အတ္တမဟုတ်–ဟု ရှုရန်။ ။န-မာနဝါ = မာနဝကောင်–အနှစ်အတ္တမဟုတ်, မာနဝ–ကောင် အနှစ်အတ္တမဟုတ်–ဟု ရှုပါ။

တဖန်–မိန်းမပညတ်ကောင်ကို တွေ့ပြီးမှ ရှုရန်။ ။နဣတ္ထီ=ဣတ္ထိကောင် အနှစ်အတ္တမဟုတ်၊ ဝါ–အမကောင် အနှစ်အတ္တမဟုတ်–ဟု ရှုပါ။

တဖန်-ယောကျ်ား ပညတ်ကောင်ကို တွေ့ပြီးမှ ရှုရန်။ ။နပုရိသာ=ပုရိသကောင်အနှစ်အတ္တမဟုတ်၊ ဝါ-အဖိုကောင် အနှစ်အတ္တမဟုတ် ဟု ပါဠိ-မြန်မာ ကြိုက်ရာတို့ကို မိမိခြေလှမ်းတို့မှာ ရှု၍–ရှု၍ သွားပါ။

"မဟုတ်-မဟုတ်"ဟု ရှုတိုင်း ခြေအချ–အချတို့မှာ မိမိနှင့်တကွ လောကအားလုံး၌ သတ္တဝါတို့၏ ရုပ်,နာမ်,ခန္ဓာတို့ပါ အစုံ

ပျက်–ပျက်–လိုက်ထားတို့ကို ထင်မြင်ပါမူ, "န ဇီဝါ၊ န နရော၊ န မာနဝေါ၊ နဇန္တွိ၊ နပုရိသာ"တို့ ရှုသည့်ဉာဏ်ပိုင်၏။

ထိုမှတပါးသော ရုပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း–ဇရိယာပုထ်တို့မှာ ထွက်သက်–ဝင်သက် အမူအရာပျက်တို့နှင့် တွဲ၍–တွဲ၍ မိမိခန္ဓာနှင့် ကမ္ဘာပျက်တို့ကိုပါ ရှုကြပါလေ·····။

**အထူးသတိပြုရန်**·····သဲချောင်းချ၍ ကြည့်ရာမှာ ကျသဲသဲမှုန့်တို့သာ ကျ-ကျ-ပျက်၍ သဲအချောင်း ပညတ်ကား–နောက်ဆက်သဲတို့ဖြင့် မပျက်သလို ထိုထိုသတ္တဝါတို့နှင့် ကမ္ဘာတို့အတွင်းသား ရုပ်,နာမ်-များသော မိမိခန္ဓာနှင့်အတူ ပျက်၍ ပညတ်ကောင် ပညတ်တုံးတို့ကား–နောက်ဆက် ရုပ်, နာမ်–တို့ဖြင့် မပျက်ဟု သတိရှိကြလေ·····။

ဥာဏ်-၆-စား ရှုနည်းပြီး၏။

---

## အတ္တ, အတ္တနိယ-စသည် ၄–ခုတို့ ရှုနည်း

န အတ္တာ, န အတ္တနိယာ–စသည် ၄–ခုတို့ကို ရှုရန်လည်း ရှေ့ကရှုခဲ့သော "ဒွိကောဋိက၊ စတုကောဋိက၊ ဆာကာရ"တို့မှာ ပါသည့် ၄-ခုတို့အတိုင်းပင် ရှုရ၏။

**ရှေ့က ရှုခဲ့သည်ကား**·····"အတ္တေန သုညာ" စသည်တို့ကို "အနှစ်အတ္တမှ-သုဉ်း"ဟု ဆိုသည့် ၄–ခုတို့၌ "အနှစ်အတ္တ-မဟုတ်"ဟု ဆိုသည့် ၄–ခုတို့ကို ဆိုရုံသာ ထူးတော့၏–ဟု မှတ်ပါလေ·····။

**အထူးသတိပြုရန်မှာ**·····ဤဒွါဒသာကာရ-၌ ရှေ့၆-ချက်တို့ကို ရှုလိုလျှင် ထို၆–ချက်မှာ ပါသည့် သတ္တဝါ ပညတ်ကောင်ကြီးတို့ကို တွေ့ပြီးမှ ထိုထိုပညတ်ကောင်တို့အတွင်းရှိ ရုပ်, နာမ်-တို့သည် ထိုထိုပညတ်ကောင်တို့၏ အနှစ်အတ္တမဟုတ်ကြ-ဟု ရှုရန်တချက်။ ၎င်းနောက် ၆-ချက်တို့ကိုရှုလျှင်

ဖြစ်—ပျက်ခြင်း တွေ့ကြသည့် ကလာပ်တိုက်ကြီးတို့ကို တွေ့အောင် ရှု၍ တွေ့သိပြီးမှ ဤကလာပ်တိုက်အတွင်း၌ ချပ်,နာမ်တို့သည် "အတ္တ-အတ္တနိယ-မဟုတ်၊ငါ့အတ္တ-အတ္တနိယ-မဟုတ်၊ သူ့အတ္တ-အတ္တနိယ—မဟုတ်၊တစုံတယောက်—အတ္တ-အတ္တနိယ-မဟုတ်-ဟု ရှုရမည်ကို သတိထားကာ-ထားကာ စကြာဖြင့် ရှုလိုပါမူ,ရှေ့က ရှုခဲ့တိုင်း အကျော်-အခံတို့မှာ အစုံပျက်လိုက်နေတာတို့ကို ဉာဏ်နှင့် မိမိ ပြုံးပြုံးကြည့်၍ "န အတ္တာ, န အတ္တနိယာ" "အနှစ်အတ္တ မဟုတ်,အတ္တဆိုင်ပိုင်တာမဟုတ်၊အနှစ်အတ္တမဟုတ်, အတ္တဆိုင်ပိုင် တာမဟုတ်"ဟု ခြေလှမ်းတိုင်း လှမ်းတိုင်းတို့မှာ အစုံပျက်တို့ကို ထင်မြင်အောင် ရှုကြပါလေ·····။

န အဟံ-စသည်တို့မှာလည်း ဤအတူ အကျော်-အခံ အစုံပျက် တို့မှာချည်း ဉာဏ်စိုက်၍-စိုက်၍ ရှုကြရန်ကား–"န အဟံ၊ န မမ" "ငါ့အနှစ်အတ္တမဟုတ်, ငါဆိုင်ပိုင်တာမဟုတ်၊ ငါ့အနှစ်အတ္တ မဟုတ်, ငါဆိုင်ပိုင်တာမဟုတ်"ဟု ရှုပါ။

န အညသ။ "သူ့အနှစ်အတ္တမဟုတ်, သူဆိုင်ပိုင်တာမဟုတ်၊ သူ့အနှစ်အတ္တမဟုတ်, သူဆိုင်ပိုင်တာမဟုတ်"ဟု ရှုပါ။

န ကဿစိ။ "တစုံတယောက် အနှစ်အတ္တမဟုတ်, တစုံတ ယောက်ဆိုင်ပိုင်တာမဟုတ်၊ တစုံတယောက်အနှစ်အတ္တမဟုတ်, တစုံတယောက်ဆိုင်ပိုင်တာမဟုတ်"ဟု မိမိခြေလှမ်းတိုင်း—လှမ်း တိုင်းတို့မှာ ရှု၍-ရှု၍သွားပါ။"မဟုတ်—မဟုတ်"ဟု ရှု၍ ခြေအချ အချတိုင်းတို့မှာ မိမိခန္ဓာနှင့်တကွ ကမ္ဘာလုံး၌ ရုပ်,နာမ်-ခန္ဓာတို့ပါ အစုံပျက်-ပျက်-လိုက်သည်တို့ကို စကြာဖြင့် ရှုကြည့်တိုင်း ထင်မြင် ပါမူ, ဤဒွါဒသာကာရ, က အတ္တ, အတ္တနိယ စသည် ၄-ခုတို့ကို ရှုသည့်ဉာဏ်ပိုင်၏။

**သတိပေးချက်** ·····ဤရှေ့ကပြခဲ့သော ဉာဏ်—စဉ်( ၁၁ )တို့ကို မိမိတို့အားထုတ်သွားရန်နှင့် သူတပါးတို့ကို လည်း ပြတတ်ရန် ဉာဏ်စဉ်များသာဖြစ်သည်။

ထိုထိုဉာဏ်တို့၏ ဆိုက်ရောက်ပုံတို့ကား–ငါတို့ ရေးသည့် ဝိသုဒ္ဓိကျင့်စဉ်–စသည်တို့မှာ ကြည့်ပါ–သိပါလေ။ ။ဤသင်္ခါရုပေက္ခာဉာဏ်တို့တွင် အဋ္ဌကထာရဉာဏ်၈-ပါး၊ ဒသကထာရဉာဏ် ၁၀-ပါး၊ရင်းနှောက်ဘိတ်ဆုံး ဒွါစတ္တာလီသကထာရဉာဏ်၄၂-ပါး တို့ကျန်သေးသော်လည်းယခုရေးပြခဲ့သော“သုညတဉာဏ်”၂၄-ပါးတို့ဖြင့် ယခုခေတ်နှင့်လျော်ရုံသာ ပြလိုက်ပါသည်။ ။အချို့ဆရာတို့က ဤဉာဏ်တို့ကို အသီးအသီးအားထုတ်မယူရ၊အောက်ဉာဏ်တို့ကိုရှုရင်း သူ့ဘာသာထင်မှသာ အမှန်ဖြစ်သည်။ အသီးအသီး အားထုတ်ယူရမှု, “သုတမယဉာဏ်”မျှသာ ဖြစ်သည်ဟု ပယ်တတ်ကြ၏။မပယ်သင့်······။

**အကြောင်းမူကား**······ထိုထို ကျမ်းဂန်တို့၌ ဘာသာထင်လာသည်လည်းရှိ၏။ မထင်သူတို့ ဆရာ့အထံ နည်းခံကြ၍ “သုတမယဉာဏ်”က “စိန္တာမယဉာဏ်” “ဘာဝနာမယဉာဏ်”-ဖြစ်အောင်ဉာဏ်စဉ်အတိုင်းသိရှိအားထုတ်ကြရန် တခမ်းတနားကြီး ရေးပြထားကြသည်ကို စိတ်ချယုံကြည်စွာ“သုတမယဉာဏ်”–ကစ၍ အားထုတ်ယူကြရန် သတိရှိကြပါလေ။“အနုလောမဉာဏ်”ကိုကား–အားမထုတ်ရပါ။ ဤ–“သင်္ခါရုပေက္ခာဉာဏ်”ဖြင့်ပင် အလိုလိုတက်၍ မဂ်ကိုရတော့၏–ဟုမှတ်လေ······။

## သင်္ခါရုပေက္ခာဉာဏ် ဖြစ် မဖြစ်သိရန်

**သင်္ခါရုပေက္ခာဉာဏ်**······ရှေ့ကပြခဲ့တိုင်း ဒွိကောဋိက, စတုကောဋိက,ဆကာရ,စသည်တို့ကိုရှုကြည့်ထင်မြင်ကြသောအခါ ဤပရမတ်“သင်္ခါရလောက”ကြီးအတွင်း၌ နှစ်သက်မုန်းတီးစရာ အနှစ်အတ္တလည်းမရှိ၊ အတ္တ–ဆိုင်ပိုင်တာတို့လည်း မရှိသည်ကို အမှန်အတိုင်းသိ၍ရင်း၊ တနည်း–မိမိတို့ ထိုနှစ်သက်စရာ မုန်းတီးစရာ ငါဖြစ်နေသည့် ငါ့အနှစ်အတ္တလည်းမရှိ၊ငါဆိုင်ပိုင်တဲ့ အတ္တနိယနှင့် သူတပါးဖြစ်နေသည့် သူ့

အနှစ်အတ္တလည်း မရှိ၊ သူ့ဆိုင်ပိုင်တဲ့ အတ္တနိယလည်း မရှိ၊ တစုံတယောက်ဖြစ်နေသည့် တစုံတယောက် အနှစ်အတ္တလည်းမရှိ၊ တစုံတယောက် ဆိုင်ပိုင်တဲ့ အတ္တနိယလည်း-မရှိသည်တို့ကို အဟုတ်အမှန်သိ၍၎င်း၊ ဤသင်္ခါရလောက ပရမတ်နယ်ကြီး၌ ငါ-သူတပါး စသည်တို့ မဟုတ်—မရှိသောကြောင့် ငါ့အတွက်, ငါ့ဆိုင်ပိုင်တာအတွက်-နှင့်၎င်း၊ သူတပါးစသည်တို့အတွက်နှင့်၎င်း၊ နှစ်သက်နေဘွယ်မရှိ၊ မုန်းတီးနေဘွယ်မရှိ၊ စိုးရိမ်ခြင်း,ငိုကြွေးခြင်း-စသည် ဖြစ်နေဘွယ်မရှိဟု ဤသင်္ခါရနယ်ကြီးကို သိ၍—သိ၍ ကြည့်၍—ကြည့်၍ လျစ်လျူရှုနိုင်တော့၏၊ လျစ်လျူရှုနေတော့၏။ ဤသို့ရှုသောဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်-ဟု ဆိုအပ်၏။

သမ္ဗုတိပညတ်နယ်က မူကား-ဘုရား, ရဟန္တာ—တို့ပင် အကြောင်းအကျိုးကိုကြည့်၍ သိ၍ ပြုလုပ်ကြ, ပြောဆိုကြ, ကြံစည်ထိုက်သလောက် အကျိုးရှိအောင်နှင့် အပြစ်ကင်းအောင် ကြံစည်ပြုလုပ် ပြောဆိုတော်မူကြသည်ကို သိကြ၍ လောကတို့နှင့်လည်း မဆန့်ကျင်အောင် ပြုလုပ်ကြ,ပြောဆိုကြပါလေ……။

## မိမိ၌ သင်္ခါရုပေက္ခာဉာဏ် ရ-မရ—သိရှိရန်

မိမိတို့ ၎င်းဉာဏ်ဆိုက်,မဆိုက်-ကို သိလိုပါမူ,လူ-နတ်စည်းစိမ် ကာမဂုဏ်၅-ပါးနှင့်ဘုံသုံးပါးချမ်းသာအစားစားတို့နှင့် တွေ့ကြုံခဲ တွေ့ကြုံလတ္တံ့,တို့၌ အကြော,ကြက်တောင်တို့မီးလောင်သောအခါ နောက်သို့သာ တွန့်ဆုတ်သာသာကဲ့သို့ မိမိစိတ် နောက်သို့ဆုတ်, မဆုတ်၊တွန့်,မတွန့်၊စိတ်ရှုံ့,မရှုံ့၊ဝါ-စိတ်ချဉ်,မချဉ်၊စိတ်နစ်,မနစ်, စိတ်မပျံ့နှံ့,ပျံ့နှံ့၊ ဝါ—မွေ့လျော်သောအားဖြင့် မပြေးဝင်,ပြေးဝင်၊ စက်ဆုပ် ရွံရှာခြင်း ဖြစ်, မဖြစ်-စသည်တို့ကို ကြည့်၍ ထိုထို လောကီအာရုံ ကာမဂုဏ်ချမ်းသာတို့၌ မိမိစိတ် နောက်သို့ဆုတ်မှု, တွန့်မှု, ရှုံ့မှု, ချဉ်မှု, နစ်မှု, မပျံ့မှု, မွေ့လျော်သောအားဖြင့် မပြေးဝင်မှု, စက်ဆုပ်မှု, ရွံရှာမှု—ဤတချချ၌ တည်နေမှု, ထင်မြင်ပါမူ, ငါ-သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်ပြီဟု မှတ်ကြပါလေ……။

ထိုတခုချ၌ မတည်သေးပါမူ,အားထုတ်မှုတို့ နောက်သို့မဆုတ်ဘဲ တခုချ၌ တည်လာအောင် လော၍–လော၍ အားထုတ်လိုက်ပါလျှင် ဤဉာဏ်ဆိုက်အောင် ပါရမီ ကြီးကျယ်လာသူ ငါတမူကား–မကြာခင် ထင်မြင်ပေါက်ရောက်နိုင်၏ဟု ခဲမဲ၍အားထုတ်ပါလေ……။

ဤသို့ပြဆိုခဲ့သည့်အတိုင်း "သင်္ခါရုပေက္ခာဉာဏ်"သို့ တသန်တည်း ဖြစ်စေ၊အဆင့်ဆင့်ဖြစ်စေ ပေါက်ရောက်သူတို့။ငါမကြာခင် နိဗ္ဗာန်ကို ထင်မြင်ရတော့မှာပါတကား–ဟု အားတက်ခါ,တက်ခါ အားထုတ်ကြသောအခါ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်သဖြင့် အနုလောမဉာဏ်၏ အခြေမှန်၍ နိဗ္ဗာန်ကို သန္တအားဖြင့် ထင်မြင်သည်ရှိသော် သမုဒ္ဒရာသွား ကုန်သည်များတို့ "ဒိသာကာက" ကျီးတို့ ကမ်းကိုမြင်သောအခါ လင်းယဉ်တိုင်သို့ မပျံလာဘဲ ကမ်းရှိရာသို့ ပျံသွားသကဲ့သို့ ဝိပဿနာရှုသည့် သင်္ခါရအာရုံကို အာရုံမပြုတော့ဘဲ "မဂ္ဂဝီထိ" ၌ပါသော "ပရိကံ, ဥပစာ, အနုလုံ"တို့ တည်းဟူသော"အနုလောမဉာဏ်"မှ နိဗ္ဗာန်ကို အာရုံပြု၍ "ဂေါတြဘူဉာဏ်" "မဂ်ဉာဏ်" တကြိမ် "ဖိုလ်ဉာဏ်" ၂-ကြိမ် ၃-ကြိမ်တို့ဖြစ်၍ မဟာသောတာပန် အရိယာကြီးအစစ် ဖြစ်လေတော့၏။

## မိမိကိုယ်တိုင် အရိယာဖြစ်,မဖြစ်-သိပုံ

ဤအရိယာ ဖြစ်ပြီးနောက် မိမိတို့ရသော မဂ်, ဖိုလ်, နိဗ္ဗာန်-သုံးတန်သော လောကုတ္တရာတရားတို့ကို ပြည်တန်ပတ္တမြားကို အမြင်သန်သော မျက်စိဖြင့် လက်ဝါးပေါ်သို့တင်၍ ကြည့်သောအခါ ကြောင်ကြောင်ကြီး ထင်မြင်၍လာသကဲ့သို့ ထင်မြင်လာအောင် ဂေတ္တမုချ ကြည့်ရှုကြမြဲ,ထင်မြင်ကြမြဲ-အစစ် ဖြစ်ကြ၏။

ဘိန်းစားတို့ အိပ်ငိုက်ဆဲမှာ သိနေဆဲအာရုံမှ မေ့ကနဲ သတိလစ်ကနဲဖြစ်ပြီး ရီးတီးချားတား ဖြစ်သွားတာမျိုးလို မဟုတ်ကြ

ပေ။ထိုမဂ်, ဖိုလ်, နိဗ္ဗာန်—တို့၏ အတုမရှိ ကောင်းမြတ်လှသော ချမ်းသာတို့ကို သူတပါးတို့အား သိအောင် နားလည်အောင် မပြောပြတတ်, မဖြေပြတတ်ကြစေကာမူ, ရှိပါစေ၊ မိမိတို့ ကိုယ်တိုင် မှုကား-သိရှိခံစားနေကြရသောကြောင့် ငါ-အပါယ်ဒုက္ခဘေးတို့မှ ရေပြီ၊ ငါ ကေန် သောတာပန် ဖြစ်ပြီဟူ၍ သိနိုင်ကြောင်းကို-

> ခီဏာ နိရယောမှိ၊ ခီဏာ တိရစ္ဆာနယောနိ၊ ခီဏာ ပေတ္တိဝိသယော၊ ခီဏာပါယဒုဂ္ဂတိဝိနိပါတော သောတာပန္နောဟ မသ္မိ။

ဟုပစ္စဂိုဏ္ဍရနှင့် ဒသဂိုဏ္ဍရပါဠိတော်၊ သောတာပတ္တိ သံယုတ်ပါဠိတော်၊ မဟာပရိနိဗ္ဗာန ဓမ္မဒါသ သုတ်ပါဠိတော်တို့၌ ဘုရားကိုယ်တော်တိုင်မိန့်ဆိုသောကြောင့် သူတပါးကပင် မဂ်ကိုရပြီဟု မပြောရဘဲ မိမိကိုယ်တိုင် သိနိုင်ကြ၏ဟု မှတ်ကြပါလေ သောတာပန်အစစ် ဖြစ်လိုသူတွေတို့....။

**ခေတ်ပေါ်အရိယာ** .... ယခုခေတ်ပေါ် အရိယာတို့ကို တွေ့ရှိရသည်ကား ငါသောတာပန်ဖြစ်ပြီဟု မသိသူသာများ၏။အထူးသတိပြုရန်ကား—ငါမသိသေးမူ,တပါးသူတို့က ဘယ်လိုဖြစ်သည်ဟုပြောပြော၊ကေန် ငါမဖြစ်သေးဟုသိပြီး ငါသောတာပန် မဖြစ်မနေရအောင် အထူး အားသစ်ကြပါလေ။ သူတပါးတို့က အထင်ကြီးကြသည့်အတိုင်း အရိယာ ယောင် ဟန်ဆောင် မနေပါနှင့်၊ ယခုခေတ်ကြီးမှာ အစစ် ဖြစ်နိုင်ပါသည်။ ခဲကြမဲကြပါလေ။

**ငင်းပါဠိတို့အနက်မြန်မာကား** .... သော=ထို သောတာပန် အစစ် ဖြစ်သောသူသည်။

အဟံ=ငါသည်။ ခီဏာနိရယော=ကုန်ပြီးသောငရဲဘဝ ဖြစ်ခြင်းရှိသည်။ အမှိ= ဖြစ်ပြီ။ ခီဏာတိရစ္ဆာနယောနိ= ကုန်ပြီ သော တိရစ္ဆာန်ဘဝ ဖြစ်ခြင်းရှိသည်။ အမှိ=ဖြစ်ပြီ။ ခီဏာပေတ္တိဝိသ

ယော= ကုန်ပြီးသော ဗြဟ္မာဘာဝ ဖြစ်ခြင်းရှိသည်။ အမို=ဖြစ်ပြီ။ ဒိဋ္ဌာပါယဒုဂ္ဂတိဝိနိပါတော=ကုန်ပြီးသော အပါယ်ဒုဂ္ဂတိသို့ ကျရောက်ခြင်းရှိသည်။ အမို=ဖြစ်ပြီ။ အဟံ=ငါသည်။ သောတာပန္နော=သောတာပန်ကြီးအစစ်သည်။ အသ္မိ=ဖြစ်ပြီ။

ဟု မိမိတို့ကိုယ်တိုင် မိမိတို့ ဧကန် သိကြ၍ဟုမှတ်ပါလေ။

ထိုသောတာပတ္တိမဂ္ဂ ဝိထိကျပြီးနောက်လည်း မိမိတို့ရသည့် မဂ်,ဖိုလ်,နိဗ္ဗာန် တို့ကို ဧကန်မုချ ပစ္စဝေက္ခဏာဝိထိဖြင့် နှလုံးသွင်းကြကြောင်းကို–

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။

ပဏ္ဍိတော=မဂ်ကိုရတိ ပညာရှိသည်။ မဂ္ဂဉ္စ=မိမိရသော မဂ်ကိုဧင်း။ ဖလဉ္စ=မိမိရသော ဖိုလ်ကိုဧင်း။ နိဗ္ဗာနဉ္စ=မိမိရောက်ရှိသော နိဗ္ဗာန်ကိုဧင်း။ ပစ္စဝေက္ခတိ=ဧကန်မုချ ပြန်၍ ဆင်ခြင်၏။ ဟီနေ ကိလေသေစ=ပယ်ပြီးသောကိလေသာတို့ကိုဧင်း။ သေသေစ=ကြွင်းသော ကိလေသာတို့ကိုဧင်း။ ပစ္စဝေက္ခတိဝါ=ဆင်ခြင်သည်လည်းရှိ၏။ နဝါ ပစ္စဝေက္ခတိ=မဆင်ခြင်သည်လည်းရှိ၏။

ဟု ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့မိန့်ဆိုတော်မူကြသည့်အတိုင်း မိမိတို့ရသည့် မဂ်, ဖိုလ်,နိဗ္ဗာန်–တို့၏ ကောင်းမြတ်သည့်အရသာနှင့် ကောင်းလှသည့်သဘောမြတ်တို့ကို လူ, နတ်–စည်းစိမ်ထက်မက များများကြီး ခံစားနိုင်ကြ စံစားနေကြကုန်၏ ဟုမှတ်ကြပါလေ။

ယခုခေတ်ပေါ် အရိယာတို့ အလုပ်စခန်းတို့ကား အထူးထူး အပြားပြား များကြသောကြောင့် အထူး မစိစစ်လိုတော့ပါ ။အရိယာဖြစ်လာသူတို့သာ မိမိတို့အရိယာ ဖြစ်,မဖြစ်-ကို အောက်ပါ စည်းမျဉ်းအတိုင်း စိစစ်၍ သိကြပါလေ။

## ၁၀၂ ကိုယ်တွေ့မျက်မြင်ဥာဏ်စဉ်တက်နည်းတရားကြီး

အကယ်၍ မိမိတို့အလုပ်မှာ ဆရာတို့ ပြောတိုင်း တွေ့၍ရင်း၊ ထိုထိုနိမိတ်ထူးတို့ကို ရရှိ၍ မိမိကိုယ်တိုင်ပင် ငါမဂ်,ဖိုလ်–ကိုရပြီ ဟု ရနိုးခြင်း"အဓိမာန"ရှိ၍သော်ရင်း ငါအရိယာဖြစ်ပြီဟု ထင်နေစေကာမူ, ရှေးက ဘုရားကိုယ်တော်တိုင် ဟောပြခဲ့တိုင်း အပါယ်စသည်တို့မှလွတ်မှုကို မသိသေး၊ ငါသောတာပန်ဖြစ်၍ မဂ်,ဖိုလ်, နိဗ္ဗာန်–တို့ကို အတန်တန်သိရှိခံစားမှုတို့ မဖြစ်သေးမူ, ငါအရိယာ မဖြစ်သေးဟု သိကြပါလေ။

### အရိယာတို့အသက်အသေခံ၍၊မဖောက်ပြန်ပုံ

**တနည်း** ···· လူဖြစ်လျှင် ငါးပါးသီလတို့ကို မလွန်ကျူး။ သတ်မည်ဟုဆိုစေကာမူ, အသက်ကိုသာ အသေခံကြသည်၊မလွန်ကျူးဟုသိပါ။ရဟန်းဖြစ်မူ, မိမိတို့ သီလသိက္ခာ တို့ကို သိလျက် မလွန်ကျူးကြ၊အသက်ကိုအသေခံရမူ, ခံကြကုန်သည်ဟူသော အရိယာ တို့စည်းမျဉ်းမိမိမှာ ရှိမူ,မိမိတို့ ဝမ်းမြောက်ကြ။ ထိုသူမှာရှိမူ,ကြည်ညိုကြ ဝမ်းမြောက်ကြလေ။

**အထောက်သက်သေကား** ····ဘဝ တပါးသို့ ရောက်သော သောတာပန် အရိယာ သာဝကသည် မိမိကိုယ် မိမိအရိယာဖြစ်သည်ကို မသိသေးသော်လည်း တစုံတယောက်က ဤပိုးရွခြပုန်းကို သတ်ပါမူ, အလုံးစုံသော ဤစကြဝဠာ၌ စကြာမင်းကြီးဖြစ်ရမည်ဟု ပြောလာငြားသော်လည်း မိမိ သောတာပန်ဘဲဟု မသိသေးသော သောတာပန်သည် ထိုသတ္တဝါ ၏ အသက်ကို ဧကန် မသတ်တော့သည်သာတည်း။ ထိုမှတပါး အကယ်၍ သင်သည် ဤသတ္တဝါကို မသတ်အံ့၊သင်၏ ခေါင်းကို ဖြတ်အံ့ဟု ဆိုလာစေကာမူ,မိမိသာ ခေါင်းအဖြတ်ခံရာ၏။ထိုသတ္တဝါကို မသတ်ရာဟု သေချာစွာပြတော်မူသည်ကား-

သစေ ဟိ ဘဝန္တရဂတံ အရိယသာဝကံ အတ္တနော အရိယဘာဝံ အဇာနန္တမ္ပိ ကောစိ နံ ဝဒေယျ၊ဣမံ ကုန္ထကိ

ပိလ္လကံ ဝေါရောပေတွာ သကလစက္ကဝါဠဂဗ္ဘေ စက္က
ဝတ္တိရဇ္ဇံ ပဋိပဇ္ဇာပေမီတိ နေဝ သော တံ ဇိဂိတာ ဝေါရော
ပေယျ၊အထာပိ နံ ဧဝံ ဝဒေယျ၊ သစေ ဣမံ န ဿာဝေ
သတိ,သီသံ တေ ဆိန္ဒိဿာမာတိ သီသမေဝဿ ဆိန္ဒေ
ယျ၊နစ သော တံ ဿာဝေယျ။

ဟိ=အရိယာတွေ စည်းမျဉ်း သေသည်ကိုထင်ရှားအောင် ပြဆိုဦးအံ့။ ဘဝန္တရဂတံ=ဘဝတပါးသို့ ရောက်သော။ အရိယသာဝကံ=ဘုရားတပည့်ဖြစ်သော အရိယာကို။ အတ္တနော=မိမိ၏။ အရိယဘာဝံ=အရိယာအဖြစ်ကို။ သစေအဇာနန္တမ္ပိ=အကယ်၍ မသိစေကာမူလည်း။ ကောစိ=တစုံတယောက်သောသူက။ နံ=ထိုသောတာပန်အရိယာကို။ ဣမံကုန္ထကိပိလ္လကံ=ဤပိုးရွခြပုန်းကို။ ဇိဂိတာ=ဇိဂိတ်ငြွေ့မှု။ ဝေါရော ပေတွာ=အကယ်၍ ချပါမူကား။ သကလစက္ကဝါဠဂဗ္ဘေ=အလုံးစုံသော ဤစကြဝဠာတိုက်၌၊ စက္ကဝတ္တိရဇ္ဇံ=စကြာမင်းကြီးအဖြစ်ကို။ ပဋိပဇ္ဇာပေမိ=ဖြစ်စေအံ့။ ဣတိ=ဤသို့။ ဝဒေယျ=ဆိုလာငြားအံ့။ သော=ထိုအရိယာမှန်း မသိသေးသော သောတာပန်သည်။ တံ=ထိုပိုးရွခြပုန်းကို။ ဇိဂိတာ=ဇိဂိတ်ငြွေ့မှု။ နေဝဝေါရောပေယျ=မချရာ။ အထာပိ=ထိုမှတပါးလည်း။ ဣမံ=ဤသတ္တဝါကို၊ သစေ နဿာဝေသတိ=အကယ်၍ မသတ်သည်ဖြစ်အံ့၊ တေ=သင်၏။ သီသံ=ဦးခေါင်းကို။ ဆိန္ဒိဿာမာတိ=ဖြတ်အံ့ဟူ၍။ နံ=ထိုအရိယာကို။ ဝဒေယျ=ဆိုလာငြားအံ့။ အဿ=ထိုအရိယာ၏။ သီသမေဝ=ဦးခေါင်းကိုသာလျှင်၊ ဆိန္ဒေယျ=အဖြတ်ခံရာ၏။ သော=ထိုအရိယာသည်၊ တံ=ထိုပိုးရွခြပုန်းကို။ နစဿာဝေယျ=သတ်လည်းမသတ်ရာ။

ဟု ဗဟုဓာတုက သုတ်အဖွင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ ပြသည့်အတိုင်း အရိယာဖြစ်ပြီဟု ထင်နေသူတို့ အရိယာစည်းမျဉ်းကို သိကြပါလေ……။

**သိခါပတ္တဝိပဿနာဉာဏ်**·····အကယ်၍ ငါ–မဖြစ်သေးဟု သိပါမှ, စိတ်ကို မလျှော့ကြဘဲ ဆထက်ထမ်ကဲ၍,ကဲ၍ ရှေ့ကပြခဲ့ ရခဲ့သော သင်္ခါရုပေက္ခာဉာဏ်ကိုသာ မှန်ညက်သင့်ခပ် ပါ,ဝွမ်း,ဖတ်သို့ နူးသည်ထက် နူးနူးသွားအောင်သာ အထူးအားသစ်ကြ၍ မဂ်,ကိုရရန် အထွတ်အမြတ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်, ၎င်းအထက် အနုလောမဉာဏ်,ဂေါတြဘူဉာဏ်–ဤဉာဏ်သုံးပါးတို့သည် လောကီဉာဏ်တို့၏ အထွတ်အထိပ်သို့ ရောက်သောကြောင့် သိခါပတ္တဝိပဿနာဉာဏ်-မည်၏။

**ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်**·····တနည်း-ပုထုဇဉ် အဖြစ်မှ ထမြောက် သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်,မည်၏ဟု သိကြပါလေ·····။

## သတိပေးချက်

**အထူးသိကြ, သတိရှိကြစေရန်ကား**···· ဤဝိပဿနာ အလုပ်ကို အားထုတ် ကြသော ယောဂီမြတ်တို့သည် အဖြူဖွာကိုချည်း, ဗဟိဒ္ဓကိုချည်း, ရုပ်ကိုချည်း,နာမ်ကိုချည်း– ထင်မြင်ကာမျှဖြင့် မဂ်,ဖိုလ်–ကို မရနိုင်သေး၊ အနိစ္စကိုချည်း,ဒုက္ခကိုချည်း,အနတ္တကိုချည်း-ထင်မြင်ကာမျှဖြင့် မဂ်,ဖိုလ်–ကို မရနိုင်သေး၊ အစုံအစုံရှုမှ ရနိုင်သည်ကိုလည်း သတိရှိကြပါလေ–ယောဂီမြတ်တွေတို့·····။

## ကျမ်းပြီးနိဂုမ်းနှင့် ဆုတောင်း

ဤ-**ကိုယ်တွေ့မျက်မြင်–ဉာဏ်စဉ်တက်နည်း တရားကြီး**-ကို ၁၃၁၂–ခု နတ်တော်လဆန်း(၈)ရက် ကြာသပတေးနေ့က စရေးသည်။ ၎င်းနှစ် ပြာသိုလဆုတ် (၁၅)ရက် အင်္ဂါနေ့ နာရီပြန် ငါးချက်အချိန်မှာ ဘေးကင်းရန်ကွာ၍ ချမ်းသာစွာ ပြီးစီး အောင်

မြင်သည့်အတူ ဤကောင်းမှုစသည် အလီလီသော ကုသိုလ်ရ ကြောင့် ယခုဘဝတွင် ဆောလျင်စွာ မိမိ ကိလေသာဝဋ်တို့မှ ကျွတ်လွတ်ရပါလို၏။ သူတပါးတို့လည်း နေ့ညဉ့်မစဲ အမြဲကျွတ်လွတ်ကြောင်းတို့ကို မငြိုမငြင် မပင်မပန်းကြဘဲ ချမ်းချမ်းသာသာ ကောင်းမွန်စွာ အားထုတ်နိုင်ကြ၍ ဝိပဿနာတရားအစားစားတို့ ပေါက်ရောက်ကြ, ကျွတ်လွတ်ကြပါစေသော်……။

# ဓမ္မဒါနအလှူရှင်စာရင်း

| နံပါတ် | အမည်နှင့် နေရပ် | အုပ်ရေ |
|---|---|---|
| ၁။ | ဦးကံကြီး ငါးသိုင်းချောင်းမြို့ | ၂၁၀ |
| ၂။ | ဦးမောင်မောင်သန်း ပြည်သူ့ဆက်ဆံရေး ဒုတိယ ညွှန်ကြားရေးဝန် ရန်ကုန် | ၁၀၀ |
| ၃။ | ဦးဘိုးဆိုင် ဒေါ်မမကြီး ခရိုင်ရဲမိုလ်မှူး ၄၇-၁၁၈-လမ်း ရန်ကုန် | ၁၀၀ |
| ၄။ | ဒေါ်သိန်းတင် ကြီးမှူးသည့် ဂတိဝိသုဒ္ဓိအဖွဲ့ | ၁၀၀ |
| ၅။ | ဦးဘိုးသာ-ဒေါ်စိန်နှင့် သားသမီး စဉ့်အိုးတန်း ရန်ကုန်မြို့ | ၆၅ |
| ၆။ | ဒေါ်မြလေး | ၅၀ |
| ၇။ | ဒေါ်ငွေရင် ၁၆၅-အလုံလမ်း | ၅၀ |
| ၈။ | ဦးအုန်းသန်း-ဒေါ်တင်မေ ချာချီလမ်း ၎င်း | ၃၀ |
| ၉။ | ဦးစန္ဒာသိရိ ပခုက္ကူကျောင်း ရွှေတိဂုံအနောက်မုခ် | ၂၆ |
| ၁၀။ | ဦးအောင်မြတ်-ဒေါ်အေးခင် | ၂၅ |
| ၁၁။ | မချောတင် ပြဒါးရှင်ဆေးတိုက်-မော်တင်လမ်း ရန်ကုန် | ၂၅ |
| ၁၂။ | ဒေါ်ထွေး မင်္ဂလာတောင်ညွန့် ၎င်း | ၂၅ |
| ၁၃။ | ဒေါ်စိန် ဗဟန်း-ကန်တော်ကြီး ၎င်း | ၂၅ |
| ၁၄။ | မပုညဝတီ ၁၃-လမ်း ၎င်း | ၂၅ |
| ၁၅။ | ဒေါ်အေးခင် | ၂၀ |
| ၁၆။ | ဒေါ်မခလေးနှင့်သားသမီး သုံးမြှောင့်လမ်း- ၎င်း | ၁၀ |
| ၁၇။ | ဦးသော်-ဒေါ်အေးရီ ၎င်း ၎င်း | ၁၀ |
| ၁၈။ | ဒေါ်ဒေါ်စော မိုလ်ချုပ်ဈေး-အနီး ၎င်း | ၁၀ |

| နံပါတ် | အမည်နှင့် နေရပ် | | | အလှူငွေ |
|---|---|---|---|---|
| ၁၉။ | ဒေါ်သိန်းညွန့် | စမ်းချောင်းရပ်- | ရန်ကုန်မြို့ | ၁၀ |
| ၂၀။ | ဒေါ်ကံ | ယူနီဗာစစ်တီး | ၎င်း | ၁၀ |
| ၂၁။ | ဒေါ်လစ် | စမ်းချောင်းရပ် | ၎င်း | ၁၀ |
| ၂၂။ | မတင်ဖွါး၊မစိန်နု၊မအေးချစ်၊ခြံနံပါတ်-၅၇၊ထရံစပို့လမ်း | | ဗဟန်းရပ် | ၁၀ |
| ၂၃။ | ဒေါ်သန်းတင် | ၂၇-လမ်း | ရန်ကုန်မြို့ | ၁၀ |
| ၂၄။ | ဒေါ်မယ်ဆင့် | ဗိုလ်ချုပ်အောင်ဆန်းလမ်း-ကြည့်မြင်တိုင် | ၎င်း | ၁၀ |
| ၂၅။ | ဒေါ်အေးတင့် | ကွမ်းခြံ၊ကြည့်မြင်တိုင် | ၎င်း | ၁၀ |
| ၂၆။ | မသိန်းညွန့် | သီတာလမ်း-ကျောက်မြောင်းရပ် | ၎င်း | ၁၀ |
| ၂၇။ | ဒေါ်ခင်မေ | စစ်ကဲမောင်ထော်လေးလမ်း | ၎င်း | ၁၀ |
| ၂၈။ | ဒေါ်ဖွားခင် | လင်ကက်စတာလမ်း | ၎င်း | ၁၀ |
| ၂၉။ | ဒေါ်အေးရှင် | | | ၁၀ |
| ၃၀။ | ဒေါ်အုန်း | ပုသိမ်ညွန့်- | ၎င်း | ၁၀ |
| ၃၁။ | ဦးဘို၊ဒေါ်သိန်းတင်၊သားမောင်သန်းဆွေ၊၁၇၂-၄၅-လမ်း၊ | | ရန်ကုန်မြို့ | ၆ |
| ၃၂။ | ဒေါ်မမကြီး | | ပန်းတနော်မြို့ | ၆ |
| ၃၃။ | ဒေါ်အောင်သူ | တောင်ညွန့်ရပ် (၁၁၁)လမ်း | ရန်ကုန်မြို့ | ၆ |
| ၃၄။ | ဦးဖံမွန်း၊ဒေါ်ကျင်မွား | စဥ့်အိုးတန်း | ၎င်း | ၅ |
| ၃၅။ | ဦးချင်း၊ဒေါ်နှင်းရီနှင့် သားသမီး ကျုံပျော်မြို့ | | ပုသိမ် | ၅ |
| ၃၆။ | ဒေါ်ရှုံနှစ်-သားသမီးတစု တောင်ညွန့်ရပ် | | ရန်ကုန်မြို့ | ၅ |
| ၃၇။ | ဒေါ်သစ် | ၁၀၁-လမ်း | ၎င်း | ၅ |
| ၃၈။ | ဒေါ်ညွန့်ညွန့် | သမ်တဝင်း | ၎င်း | ၅ |
| ၃၉။ | ဒေါ်ချော | ငါးထပ်ကြီး | ၎င်း | ၅ |
| ၄၀။ | ဒေါ်သက်စု | ၎င်း | ၎င်း | ၅ |
| ၄၁။ | ဒေါ်မယ်မြ | ကုန်ဈေးဆန်း | ၎င်း | ၅ |
| ၄၂။ | ဒေါ်သောင်း | အလုံရပ် | ၎င်း | ၅ |
| ၄၃။ | ဒေါ်ဥာဏစာရီ | ကပ်ပလီကွက်သစ် | ၎င်း | ၅ |
| ၄၄။ | ဒေါ်သေ့စာရီ | ၎င်း | ၎င်း | ၅ |
| ၄၅။ | ဒေါ်ထား | နံပါတ် ၁၀ ကြံခင်းလမ်း | ၎င်း | ၅ |
| ၄၆။ | ဦးအေးမောင် | ကျောက်မြောင်းရပ် | ၎င်း | ၅ |
| ၄၇။ | ဒေါ်နှင်းမြ | ကြည့်မြင်တိုင် | ၎င်း | ၅ |

| နံပါတ် | အမည်နှင့် နေရပ် | | | အုပ်ရေ |
|---|---|---|---|---|
| ၄၈။ | ဒေါ်ညီမ | ၁၀၄-အောက်ပုဇွန်တောင် | ရန်ကုန်မြို့ | ၅ |
| ၄၉။ | လှလှ | | | ၅ |
| ၅၀။ | ဒေါ်သန့် | ဗိုက်လမ်း | ၎င်း | ၅ |
| ၅၁။ | ဒေါ်ပညာစာရီ | ဟုမ်းလမ်း | ၎င်း | ၅ |
| ၅၂။ | မငွေတင် | ၁၇-၁၀၃ လမ်း တောင်ဥက္ကလာ | ၎င်း | ၅ |
| ၅၃။ | ဒေါ်မိ | ဗဟန်း | ၎င်း | ၅ |
| ၅၄။ | ဒေါ်အုန်းမေ၊ဒေါ်အုန်းညွန့်၊ | ၁၁၁-လမ်း၊တောင်ဥက္ကလာ | ၎င်း | ၅ |
| ၅၅။ | ဒေါ်အုန်းလှ | မြေနီကုန်းရပ် | ၎င်း | ၄ |
| ၅၆။ | ဒေါ်ပု | ၎င်း | ၎င်း | ၄ |
| ၅၇။ | ဦးဖိုးဝါး | ၁၆၂-လမ်းမတော် | ၎င်း | ၄ |
| ၅၈။ | ဒေါ်ကြီးတန် | ၂၀-၁ လမ်း မင်းမနိုင်ကွက်သစ် | ၎င်း | ၄ |
| ၅၉။ | ဦးဘိုးရင် | | ကျုံ့ပျော်မြို့ | ၄ |
| ၆၀။ | မမြကျင် | နံပါတ်(၆)ကြံခင်းလမ်း | ရန်ကုန်မြို့ | ၄ |
| ၆၁။ | ဒေါ်ခက် | သင်္ဃန်းကြီးဈေး | ၎င်း | ၄ |
| ၆၂။ | ဒေါ်အေးမှင် | နံပါတ် ၇၄-ကျောက်မြောင်း | ၎င်း | ၄ |
| ၆၃။ | ဒေါ်စောကြည် | ၇၆. မော်တင်လမ်း | ၎င်း | ၃ |
| ၆၄။ | ဒေါ်အုန်းရွှေ | ၁၁၁-လမ်း တောင်ဥက္ကလာ | ၎င်း | ၃ |
| ၆၅။ | ဒေါ်မွှေး | သမတဝင်း | ၎င်း | ၂ |
| ၆၆။ | ဒေါ်မခကြီး | စနေဒေါင့် ရွှေတိဂုံကုန်းတော် | ၎င်း | ၂ |
| ၆၇။ | မလှ | တောင်ဥက္ကလာရပ် | ၎င်း | ၂ |
| ၆၈။ | ဒေါ်အုန်းရင် | မြေနီကုန်း | ၎င်း | ၂ |
| ၆၉။ | ဦးကျော် | ကန်တော်ကြီး | ၎င်း | ၂ |
| ၇၀။ | ဦးလှမောင် | ၎င်း | ၎င်း | ၂ |
| ၇၁။ | ဦးထွန်းစိန် | ၎င်း | ၎င်း | ၂ |
| ၇၂။ | မအေးခိုင် | ၂၃၁-၃၂ လမ်း | ၎င်း | ၂ |
| ၇၃။ | ဒေါ်ပု | သီတာလမ်း ကျောက်မြောင်း | ၎င်း | ၂ |
| ၇၄။ | ဒေါ်ဥဒ္ဒေသီ | ရွှေနားကျောင်း သိမ်ဖြူတိုက် | ၎င်း | ၂ |
| ၇၅။ | ဒေါ်ကြည် | ကပ်ပလီကွက်သစ် | ၎င်း | ၂ |
| ၇၆။ | ဒေါ်ငွေရင် | လိပ်ကန် ပုဇွန်တောင် | ၎င်း | ၂ |
| ၇၇။ | ဒေါ်အေးခင် | ကပ်ပလီကွက်သစ် | ၎င်း | ၂ |
| ၇၈။ | ဒေါ်ဖွားတင် | ၄၇-၁၃ -လမ်း | ၎င်း | ၂ |

| နံပါတ် | အမည်နှင့် နေရပ် | | အုပ်ရေ |
|---|---|---|---|
| ၇၉။ | ဒေါ်စောရွှေ နတ်စင်လမ်း ကြည့်မြင်တိုင် | ရန်ကုန်မြို့ | ၂ |
| ၈၀။ | ဒေါ်အေးရင် ၂-နံပါတ် သစ်စက် အလုံရပ် | ၎င်း | ၂ |
| ၈၁။ | ဒေါ်စိန်ကြိုင် မြေနီကုန်းရပ် | ၎င်း | ၂ |
| ၈၂။ | ဒေါ်အေးခင် | ၎င်း | ၂ |
| ၈၃။ | ဒေါ်အုန်းခင် ၄၈-မင်းလမ်း စမ်းချောင်း | ၎င်း | ၂ |
| ၈၄။ | ဒေါ်ခန္တီ ပွဲစားတန်းထိပ် ကြည့်မြင်တိုင် | ၎င်း | ၂ |
| ၈၅။ | ဒေါ်သန်းတင် ၎င်း | ၎င်း | ၂ |
| ၈၆။ | ဒေါ်သီ ရွှေတောင်တန်း | ၎င်း | ၂ |
| ၈၇။ | မလှဝင်း သုံးဆယ်မြို့ | သာယာဝတီ | ၂ |
| ၈၈။ | ဒေါ်တင် ကြည့်မြင်တိုင် | ရန်ကုန်မြို့ | ၂ |
| ၈၉။ | ဒေါ်သဲစိန် ကြည့်မြင်တိုင် | ၎င်း | ၂ |
| ၉၀။ | မယ်တော်ကြီးဒေါ်ဘွင့် ၄၇-ကုတ်ကိုင်း | ၎င်း | ၂ |
| ၉၁။ | ဒေါ်ခင်ပု ဟုမ်းလမ်း | ၎င်း | ၂ |
| ၉၂။ | ဒေါ်ယုံ ဗဟန်းရပ် | ၎င်း | ၂ |
| ၉၃။ | ဒေါ်စု တောလမ်း ကြည့်မြင်တိုင် | ၎င်း | ၂ |
| ၉၄။ | ဦးဘသန်း ဦးဝိစာရကွက်သစ် | ၎င်း | ၂ |
| ၉၅။ | ဦးပန်းခက် ဒေါ်စောညွန့် ၁၁၁-လမ်း တောင်ညွန့် | ၎င်း | ၂ |
| ၉၆။ | ဒေါ်ခင်စိန် ၎င်း | ၎င်း | ၂ |
| ၉၇။ | ဦးအေးမောင်ဒေါ်ပုလေး ၎င်း | ၎င်း | ၂ |
| ၉၈။ | ဒေါ်မမကြီး သုံးမြောင့်လမ်း | ၎င်း | ၂ |
| ၉၉။ | ဒေါ်လုံး ၁၁၁-လမ်း တောင်ညွန့် | ၎င်း | ၂ |
| ၁၀၀။ | မပု ၎င်း | ၎င်း | ၂ |
| ၁၀၁။ | ဦးထွန်းစိန် မြေနီကုန်းရပ် | ၎င်း | ၂ |
| ၁၀၂။ | ဦးတင် ကင်းဘတ်လမ်း | ၎င်း | ၂ |
| ၁၀၃။ | ဒေါ်စိန် ၂၇-လမ်း | ၎င်း | ၂ |
| ၁၀၄။ | ဒေါ်အုန်းမြ မော်လမြိုင်ဇရပ် တောင်ဘက်စောင်းတန်း | | ၁ |
| ၁၀၅။ | ဦးမောင်ကြီး ဒေါ်ခင်ညွန့် ၁၁၂-လမ်းတောင်ညွန့် | ရန်ကုန်မြို့ | ၁ |
| ၁၀၆။ | ဒေါ်ဓမ္မစန္ဒီ မရမ်းခြံ စစ်တောင်းမြို့ | သထုံ | ၁ |
| | | စုစုပေါင်း | ၁၂၆၈ |

JC